# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာ ၂၉ ရက်၊ အင်္ဂါနေ့ အတွဲ (၅၉)၊ အမှတ်(၀၂၉)


# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ





အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်သမ္မတ (ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြစဉ်။ သတင်းစဉ်

**နေပြည်တော် အောက်တိုဘာ ၂၈**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC – 2)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခေါ်) ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❏

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများတက်ရောက်ရန် ထိုင်းနိုင်ငံသို့သွားမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ်ချန်အိုချာ (ငြိမ်း)၏ ဖိတ်ကြားချက်အရ (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန်အတွက် မကြာမီကာလအတွင်း ထိုင်းနိုင်ငံသို့ သွားရောက်မည်ဖြစ်ပါသည်။ **သတင်းစဉ်**




မြန်မာ့အလင်း

# စာပေယဉ်ကျေးမှုအင်အားနှင့် နိုင်ငံတော်

မြန်မာ့ရသစာပေနှင့်ပတ်သက်လျှင် ထင်ရှားလှသော ဆရာမမိုးမိုး (အင်းလျား) ၇၅ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် မြန်မာစာပေနှင့် အနုပညာပွဲတော်ဟူ၍ အောက်တိုဘာ ၂၅၊ ၂၆၊ ၂၇ ရက်များက ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် ကျင်းပခဲ့ရာ စာပေမြတ်နိုးသူများ၊ စာပေဝါသနာရှင်များ များစွာတက်ရောက်ဆင်နွှဲခဲ့ကြသည်မှာ ခြိမ့်ခြိမ့်သဲသဲပင် ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ မည်မျှဖွံ့ဖြိုးတိုးတက်မှုရှိသည်ကို တွက်ချက်ကြရာတွင် စာအုပ်စာပေနှင့် ယဉ်ကျေးမှုအနုပညာ မည်မျှထွန်းကားသည်၊ မည်မျှကြွယ်ဝတိုးတက်သည်ဆိုခြင်းကို ထည့်သွင်းတွက်ချက်ကြပါ၏။ နိုင်ငံတစ်နိုင်ငံ၏ စာပေအဆင့်အတန်း တိုးတက်မြင့်မားမှုက နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်ပတ်သက်နေသည်ဟု ဆိုနိုင်ပါ၏။ ယင်းကို မျက်မှောက်ခေတ် တိုးတက်ဖွံ့ဖြိုးနေသော နိုင်ငံများကို အကဲခတ်လျှင် သိနိုင်လောက်၏ဟု ဆိုချင်ပါသည်။

စာပေဟူသည် အသိဉာဏ်ပညာတို့ ပေါင်းရုံးကိန်းအောင်းရာ အစုအဝေးဖြစ်၏။ နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတစ်မျိုးအတွက် စာပေအဆင့်အတန်းမြင့်မားသည်ဆိုခြင်းမှာ ထိုနိုင်ငံ ထိုလူမျိုးတို့၏ အသိဉာဏ်ပညာမြင့်မားသည်ဟု ဆိုလိုရာရောက်ပါသည်။ အသိဉာဏ်ပညာမြင့်မားသောနိုင်ငံသားအများစု ရှိသည့် နိုင်ငံသည်သာ တိုးတက်ဖွံ့ဖြိုးရန်၊ ငြိမ်းချမ်းရန် အခြေခံကောင်းများရှိမှာဖြစ်သည်ဟုလည်း ယုံကြည်ပါသည်။

လူသားတို့တွင် အသိဉာဏ်ပညာ မြင့်မားခြင်းက မှန်ကန်သော စိတ်နှလုံးထားတတ်ခြင်းကို လည်းကောင်း၊ လူလူချင်း တန်းတူမှု၊ တရားမျှတမှုကိုသော်လည်းကောင်း၊ လူအချင်းချင်း မေတ္တာထားခြင်း၊ စာနာနားလည်မှုရှိခြင်းတို့ကိုသော်လည်းကောင်း ပွားများနိုင်ကာ မိမိတို့ကိုယ်တိုင်၏ တိုးတက်ကြီးပွားရေးကိုလည်းကောင်း၊ အများသူငါ၏ အကျိုးကို လည်းကောင်း ရှေးရှုနိုင်မည်ဟု ယုံကြည်ပါသည်။

သုတ ရသ စာအုပ်စာပေများက လူတို့အတွက် သတင်းနှင့်အချက်အလက်များ၊ အထွေထွေသောဗဟုသုတများနှင့်တကွ ပျော့ပျောင်းသော စိတ်နေစိတ်ထား၊ စာနာနားလည်တတ်မှုတို့ကိုပါ ရရှိစေသည့် အားလျော်စွာ လူမှုအဖွဲ့အစည်းကို မည်မျှလောက် ရင့်ကျက်စေမည်၊ မည်မျှလောက်နူးညံ့စေမည် ဆိုသည်ကို သိနိုင်ပါသည်။ ဆရာဇော်ဂျီက “စိတ်ကောင်းရှိမှသာ စာကောင်းထွက်တယ်၊ ရသစာပေကောင်းဆိုတာ စာရေးသူရဲ့ စိတ်စေတနာကို ရေးထားတဲ့စာ... စာရေးဆရာမှာ စေတနာဖြစ်လာတဲ့အခါမှသာ ပတ်ဝန်းကျင်လောကကို မြင်ခြင်းကြားခြင်း ရှိတတ်တယ်။ အဲဒီအခါမှာ ဒီအရာဟာ သနားစရာ၊ ဒီအရာဟာ အားတက်စရာ၊ ဒီအရာဟာ ချီးကျူးစရာ၊ ဒီအရာဟာ ကဲ့ရဲ့စရာ၊ ဒီအရာဟာ ကြောက်စရာ၊ ဒီအရာဟာ ရှက်စရာ စသည်ဖြင့် ဘဝအသိ ဖြစ်လာတတ်ပါတယ်။ ဘဝအသိဖြစ်လာတာနဲ့ တစ်ပြိုင်နက် စိတ်ကူးဉာဏ်ဟာ စည်ကားလာတတ်တယ်။ အဲဒီအခါ အဲဒီ စိတ်ကူးဉာဏ်ကပဲ ဘဝရဲ့ အကောင်းအဆိုး၊ အကျိုး အပြစ်ဆိုင်ရာ လူ့အမှုအရာ၊ လောကအမှုအရာတို့ကို ဖန်တီးလာနိုင်တယ်။ ဒါကြောင့် စိတ်ကူးဉာဏ်ဟာ ဘဝရဲ့ အကောင်းအဆိုး၊ အကျိုးအပြစ်တို့ကို ပြနိုင်တဲ့ဉာဏ်လည်း ဖြစ်တယ်။ ဒါကြောင့် ဝတ္ထုကို အဲဒီလို စိတ်ကူးဉာဏ်မျိုးနဲ့ရေးနိုင်မှသာ အဲဒီဝတ္ထုဟာ အဆင့်အတန်းရှိတယ်... ရသစာပေကောင်းကို ဖတ်ရတဲ့အခါ ပတ်ဝန်းကျင်ကို သတိပြုမိတယ်။ ပတ်ဝန်းကျင်ကို သတိပြုမိသူဟာ ကိုယ်နှုတ်နှလုံး သုံးပါးကို ဆင်ခြင်တတ်လာတယ်။ ကိုယ့်တစ်ဦးတည်းအကျိုးကို သာမက ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ့်လိုပဲ ကျင်လည်နေကြရတဲ့ သတ္တဝါအားလုံးရဲ့ အကျိုးစီးပွားအတွက်လည်း ကြည့်တတ်၊ မြင်တတ်၊ ကရုဏာဖြစ်တတ်လာနိုင်စရာရှိတယ်” ဟူ၍ ဆိုဖူးပါသည်။

နိုင်ငံတကာကို ရင်ပေါင်တန်းရန် အပြေးအလွှားလိုက်နေရသော မြန်မာနိုင်ငံအဖို့ ခေတ်သစ်နည်းပညာ၊ အတတ်ပညာများကို ခေတ်နှင့်အညီ အမီလေ့လာဖတ်ရှုရန် စာအုပ်အများအပြား ထွက်ပေါ်ရန် လိုအပ်နေသလို စိတ်စေတနာကောင်းများဖြင့် လူသားချင်း စာနာမေတ္တာထားနိုင်ရေး၊ ချစ်ကြည်နားလည်ရေးတို့အတွက် ရသစာပေကောင်းများ အများအပြားပေါ်ထွက်လာနိုင်ပါစေရန် မိုးမိုး (အင်းလျား) မြန်မာစာပေပွဲတော်ကို အကြောင်းပြု နှိုးဆော်လိုက်ရပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် (၁၂)ကြိမ်မြောက် စင်ကာပူအပြည်ပြည်ဆိုင်ရာ စွမ်းအင်ရက်သတ္တပတ်သို့တက်ရောက်ရန် စင်ကာပူနိုင်ငံသို့ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၂၈**

စင်ကာပူနိုင်ငံတွင် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ကျင်းပမည့် (၁၂)ကြိမ်မြောက် စင်ကာပူ အပြည်ပြည်ဆိုင်ရာ စွမ်းအင်ရက်သတ္တပတ်သို့ တက်ရောက်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ (ယာပုံ)



**စွမ်းအင်ရေးရာကိစ္စရပ်များဆွေးနွေး**

အဆိုပါ (၁၂)ကြိမ်မြောက် စင်ကာပူအပြည်ပြည်ဆိုင်ရာ စွမ်းအင်ရက်သတ္တပတ်တွင် Singapore Energy Summit, Singapore International Energy Agency Forum, SIEW Energy Insights, Asia Clean Energy Summit, Asia Downstream Summit, Gas Asia Summit Conference & Exhibition စသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ပြီး ဒေသတွင်းစွမ်းအင်ဆိုင်ရာ ဝန်ကြီးများ၊ ကျွမ်းကျင်ပညာရှင်များ၊ စာတမ်းဖတ်ကြားသူများ၊ အပြည်ပြည်ဆိုင်ရာ စွမ်းအင်အဖွဲ့အစည်းများ တက်ရောက်ကြမည်ဖြစ်ကာ အာရှနှင့် ကမ္ဘာ့စွမ်းအင်ရေးရာကိစ္စရပ်များကို အမြင်ချင်း ဖလှယ်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းနှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ နှစ်ပတ်လည်အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ(တတိယထပ်)၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါနှစ်ပတ်လည် အစည်းအဝေးတွင် “၂၁ ရာစု စာကြည့်တိုက်များနှင့် စာကြည့်တိုက်မှူးများ၏ အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ကျင်းပမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဝင်များ၊ စာကြည့်တိုက်လုပ်ငန်းကို လက်တွေ့ဆောင်ရွက်နေသူများအားလုံး တက်ရောက်ပါဝင် ဆွေးနွေးကြရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**ရွှေနန်းမေ(ပြန်/ဆက်)**

# စဉ်ဆက်မပြတ်ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲကျင်းပမည်


**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တောင်ဥက္ကလာပမြို့နယ် အင်းဝလမ်း၊ ၆ ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် လည်းကောင်း၊ ပြည်သူလူထုကျန်းမာရေးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက် ဇေယျာလမ်းရှိ ရပ်ကွက်ဓမ္မာရုံတွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။

**တက်ရောက်နိုင်**

စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲတွင် ဒေါက်တာခင်ပြုံးကြည်၊ ပါမောက္ခထင်အောင်စော၊ ပါမောက္ခမာမာကြည်နှင့် ဒေါက်တာရဲတင့်လွင်တို့က ဟောပြောမည်ဖြစ်ပြီး ပြည်သူလူထုကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် ဒေါက်တာခင်ပြုံးကြည်က “အသားဝါ(ဘီ)နှင့်(စီ) ရောဂါအကြောင်း သိကောင်းစရာ”၊ ပါမောက္ခမာမာကြည်က “တီဘီ ရောဂါနှင့် ဆေးယဉ်ပါး တီဘီရောဂါ ကာကွယ်ကုသပါ”၊ ဒေါက်တာရဲတင့်လွင်က “ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး”၊ ဒေါက်တာဝင်းဇော်က “ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ပါ” ခေါင်းစဉ်စသည်ဖြင့် ဟောပြောမည်ဖြစ်ကြောင်း၊ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**ဗထူး**




# နေရာကွက်ကျား မိုးထစ်ချုန်းရွာ

**နေပြည်တော် အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ် မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



❑ *ရှေ့ဖုံးမှ*

ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီး များ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးရာတွင် ပါဝင်ခဲ့ကြသည့် အသိသက်သေများ၊ NCA ညှိနှိုင်းဆွေးနွေးစဉ်က ပါဝင်ခဲ့ကြသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ(UPCC)နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC)တို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC) အဖွဲ့ဝင်များ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC – U) ကော်မတီဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ နိုင်ငံခြား သံတမန်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်ကြသူများ ကယားပြည်နယ်မှ တိုင်းရင်းသားလူငယ်များက မငြိမ်းချမ်းလို့ မဖြစ်ဘူး တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုကြစဉ်။ သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်အဖွဲ့ သံတမန်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

ရှေးဦးစွာ **"ပင်လုံမြေမှ သစ္စာ"** တေးသီချင်းဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဗီဒီယိုဖိုင်ကို ပြသသည်။

ဆက်လက်၍ **"မငြိမ်းချမ်းလို့ မဖြစ်ဘူး"** တေးသီချင်းဖြင့် ကယားပြည်နယ်မှ တိုင်းရင်းသားလူငယ်များက ဖျော်ဖြေတင်ဆက်သည်။

ထို့နောက် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာစကား ပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကားကို စာမျက်နှာ-၆ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကား ပြောကြားသည်။

**(တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အမှာစကားကို စာမျက်နှာ-၉ တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ ကိုယ်စား KNU ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးကအမှာစကားပြောကြားသည်။

**(KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး၏ အမှာစကားကို စာမျက်နှာ-၁၁ တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် အဖွဲ့သည် သံတမန်များနှင့် လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ JMC နှင့် UPDJC ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ နိုင်ငံရေးပါတီများ၊ ယခင်ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်း ကော်မတီ(UPWC)၊ ယခင်အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(MPC)နှင့် အသိသက်သေများနှင့် လည်းကောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော် ကိုယ်စားလှယ်များနှင့် လည်းကောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ကော်မတီ/ကော်မရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ကယားပြည်နယ်မှ တိုင်းရင်းသားလူငယ်များနှင့် လည်းကောင်း စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြသည်။

ညပိုင်းတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲသို့ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စု တရားသူကြီးချုပ်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ညစာစားပွဲတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် ညစာစားပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်အဖွဲ့ နိုင်ငံရေးပါတီများ၊ ယခင်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)၊ ယခင်အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(MPC)နှင့် အသိသက်သေများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံတော်သမ္မတ(ငြိမ်း) ဦးထင်ကျော်၊ ဒုတိယသမ္မတများ၊ လွှတ်တော်ဥက္ကဋ္ဌများ၊ ပြည်ထောင်စုတရားသူကြီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ တိုင်းရင်းသားခေါင်းဆောင်များနှင့်အဖွဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ကော်မတီ/ကော်မရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနား ဓာတ်ပုံမြင်ကွင်း



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည့် နိုင်ငံခြားသံတမန်တစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO) နာယက ခွန်ဥက္ကာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သူတစ်ဦးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာသည့် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် နိုင်ငံခြားသံတမန်များကို တွေ့ရစဉ်။

# ပြည်ထောင်စုဆိုတာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သူအားလုံးရဲ့ ဦးနှောက်ထဲ၊ နှလုံးသားထဲကနေ နှစ်နှစ်ကာကာ ယုံယုံကြည်ကြည်တန်ဖိုးထားရတဲ့ စုစည်းမှုဖြစ်ဖို့ အရေးကြီး

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အမှာစကား**

ဒီကနေ့အခမ်းအနားကို တက်ရောက်ချီးမြှင့်ကြတဲ့ နိုင်ငံတော်သမ္မတကြီးနဲ့တကွ ဧည့်သည်တော်များ၊ အထူးသဖြင့် ကျွန်မတို့ နိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ကူညီမစခဲ့သော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနဲ့ အဝေးကနေမှ တကူးတကလာရောက်ကြတဲ့ ကျွန်မတို့ရဲ့တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။

**NCA လေးနှစ်ပြည့်မြောက်**

ဒီကနေ့အခမ်းအနားကတော့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement–NCA) လေးနှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်ပဲ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးခဲ့ကြသူတွေအားလုံးအနေနဲ့ဒီလိုလေးနှစ်ပြည့်မြောက်တဲ့အချိန်အခါသမယမှာ NCA အကောင်အထည်ဖော်မှုတွေ ပိုမိုခိုင်မာအားကောင်းအောင် ကြိုးပမ်းဆောင်ရွက်နေကြတာတွေအတွက်လည်း ဝမ်းမြောက်မိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ငြိမ်းချမ်းရေးသဘောတူညီချက်တွေဟာ စွန့်စားရလေ့ရှိတဲ့ နိုင်ငံရေးနဲ့ စစ်ရေးဆိုင်ရာ ဆုံးဖြတ်ချက်တွေပဲဖြစ်ပါတယ်။ကျွန်မတို့ရဲ့နိုင်ငံ တည်ငြိမ်ရေးနဲ့ ကျွန်မတို့ရဲ့ မျိုးဆက်သစ်လူငယ်တွေရဲ့ အနာဂတ်ငြိမ်းချမ်းသာယာလှပရေးကို ရှေးရှုပြီး သတ္တိရှိတဲ့ နိုင်ငံရေးဆုံးဖြတ်ချက်တွေကို ရဲရဲရင့်ရင့်ချမှတ်ပြီး လက်မှတ်ရေးထိုးခဲ့ကြတဲ့ ခေါင်းဆောင်တွေအားလုံး၊ ယခင် သမ္မတကြီး ဦးသိန်းစိန်နဲ့ ယခင်အစိုးရတာဝန်ရှိသူတွေအားလုံး၊ တပ်မတော်ခေါင်းဆောင်တွေနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေအားလုံးကို ကျွန်မအနေနဲ့ ဂုဏ်ပြုပါတယ်။ လွန်ခဲ့တဲ့ လေးနှစ်တာကာလက စိတ်တူကိုယ်တူဆုံးဖြတ်ချမှတ်ခဲ့တဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကို ဒီကနေ့၊ ဒီအချိန်မှာ ဆက်လက်ပြီး ခိုင်မာတဲ့ယုံကြည်ချက်နဲ့ လျှောက်လှမ်းနေကြတာတွေကိုလည်း အသိအမှတ်ပြုပါကြောင်း ကျွန်မအနေနဲ့ အလေးအနက်ပြောကြားလိုပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသက်သက်မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဘယ်လိုအကောင်အထည်ဖော်သွားမယ်ဆိုတာကို တိတိကျကျ ဖော်ပြထားတဲ့ စာချုပ်တစ်စောင်ဖြစ်ရုံတင်မကပါဘူး။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဘယ်လမ်းကြောင်းအတိုင်း သွားမယ်ဆိုတာကို ပြဋ္ဌာန်းထားတဲ့ နိုင်ငံရေးပဋိညာဉ်တစ်ရပ်လည်း ဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံရဲ့သမိုင်းကြောင်းတစ်လျှောက် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ကြဖို့ အတိအလင်းဖော်ပြထားတဲ့ တစ်ခုတည်းသော စာချုပ်လည်းဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အမျိုးသားတန်းတူရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် အလွန်အရေးပါတဲ့ သဘောတူစာချုပ်ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်မတို့အကြားမှာ ဖြစ်ပေါ်လာခဲ့တဲ့ အခက်အခဲတွေဟာ NCA စာချုပ်ကြောင့် မဟုတ်ပါဘူး၊ NCA စာချုပ်ကို အကောင်အထည်ဖော်ရာမှာ အားနည်းချက်တွေ၊ လိုက်နာဖို့ လိုအပ်ချက်တွေ၊ နားလည်မှုကွဲပြားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ အခက်အခဲတွေပဲ ဖြစ်ပါတယ်။ NCA ကို ပါဝင်လက်မှတ်ရေးထိုးထားတဲ့ သက်ဆိုင်သူ ခေါင်းဆောင်တွေအားလုံးအနေနဲ့ NCA ပါ သဘောတူညီချက်တွေကို အကောင်အထည်ဖော်ရာမှာ ကတိသစ္စာတည်ကြည်ကြဖို့ အင်မတန်မှ အရေးကြီးတယ်ဆိုတာကို


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကား ပြောကြားစဉ်။

အားလုံးနားလည်ပြီးဖြစ်ပါလိမ့်မယ်။

လွန်ခဲ့တဲ့ လေးနှစ်က NCA လက်မှတ်ရေးထိုးပြီးကာလတစ်လျှောက်ကို ပြန်ပြောင်းလေ့လာကြည့်ရင် လက်ရှိ ၂၀၁၉ ခုနှစ်ဟာ တပ်မတော်နဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအကြား ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အနည်းဆုံးနှစ်ဖြစ်တယ်ဆိုတာကို တွေ့ရပါလိမ့်မယ်။ ဒါကို ပြန်ပြီးသုံးသပ်ကြည့်တဲ့အခါ တပ်မတော်ရဲ့ တစ်ဖက်သတ်အပစ်ရပ်ကြေညာချက်ကြောင့်ဖြစ်သလို တစ်ဖက်မှာလည်း နိုင်ငံတော်အစိုးရနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးအကြားမှာ တွေ့ဆုံဆွေးနွေးမှုတွေ ဆက်တိုက်ပြုလုပ်နိုင်ခဲ့ခြင်းရဲ့ အကျိုးသက်ရောက်မှုဆိုတာကို ကျွန်မတို့ တွေ့ရှိရပါတယ်။ ဒါဟာ ကောင်းမွန်တဲ့ တိုးတက်မှုလို့ ဆိုရမှာပါ။

ကျွန်မတို့နိုင်ငံရဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခအတွင်းမှာ အများဆုံးဘေးဒုက္ခကြုံတွေ့ခံစားနေရသူ အများစုဟာ ကျွန်မတို့ရဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေဖြစ်တယ်ဆိုတာကို အထင်အရှား တွေ့မြင်ကြရပါလိမ့်မယ်။ လက်နက်ကိုင်ပဋိပက္ခကြောင့် နေအိမ်၊ စည်းစိမ်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေ ဒေါ်လာဘီလီယံနဲ့ချီပြီး ပျက်စီးဆုံးရှုံးခဲ့ရပြီး တန်ဖိုးမဖြတ်နိုင်တဲ့ လူ့အသက်ပေါင်းမြောက်မြားစွာ ပေးဆပ်ခဲ့ရပါတယ်။ နေရပ်စွန့်ခွာပြီး စစ်ဘေးတိမ်းရှောင်ခဲ့ကြရတဲ့ တိုင်းရင်းသားလူငယ်လေးတွေဟာ ပညာရေးနဲ့ အလှမ်းဝေးပြီး ခေတ်နောက်ကျကျန်ရစ်ခဲ့ရပါတယ်။ အကြီးမားဆုံးသော ဆုံးရှုံးမှုကတော့ ပြည်ထောင်စုရဲ့အနာဂတ်ကို တိုက်ပွဲတွေက ခြိမ်းခြောက်သလိုဖြစ်ခြင်းပါပဲ။ ဒါ့ကြောင့် လူနည်းစုတိုင်းရင်းသားတွေရဲ့ ခံစားချက်တွေ၊ နာကျင်မှုတွေ၊ ဒဏ်ရာဒဏ်ချက်တွေကို ကျွန်မတို့ရဲ့ နှလုံးသားနဲ့ ခံစားနားလည်ပေးပြီး အားလုံးကြုံတွေ့ခဲ့ရတဲ့ အခက်အခဲတွေ၊ ရုန်းကန်မှုတွေကို ကျွန်မတို့ သိမြင်သဘောပေါက် ကုစားပေးနိုင်မှသာ ပဋိပက္ခဖြေရှင်းရေးကို ဦးတည်တဲ့ ငြိမ်းချမ်းရေးကို ကျွန်မတို့ တည်ဆောက်နိုင်မှာ ဖြစ်တယ်ဆိုတာ ပြောကြားလိုပါတယ်။

**ပြည်ထောင်စုရဲ့အိပ်မက်**

နိုင်ငံတကာနဲ့ ကမ္ဘာလုံးဆိုင်ရာသမိုင်းကြောင်းနဲ့ ဖြစ်စဉ်တွေမှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ၊ နိုင်ငံရေးဆွေးနွေးပွဲတွေကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ သာဓကတွေ၊ စံနမူနာတွေ အမြောက်အမြားရှိနေကြပါတယ်။ နှစ်အရှည်ကြာဆုံး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ နောက်ခံအကြောင်းတရားမျိုးစုံ၊ စိန်ခေါ်မှုနဲ့ အခက်အခဲအမျိုးမျိုး ရောထွေးလျက်ရှိတဲ့ ကျွန်မတို့နိုင်ငံရဲ့သမိုင်းနောက်ခံ၊ အကြောင်းတရားတွေလောက် နက်နဲကျယ်ပြန့်ရှုပ်ထွေးခြင်းမရှိတာကိုလည်း အားလုံးအသိပဲဖြစ်ပါလိမ့်မယ်။ ဖြေရှင်းရမယ့် ပြဿနာတွေ၊ အရှုပ်အထွေးတွေကလည်း ရှင်းလင်းလွယ်ကူခြင်းမရှိပါဘူး။ ဒီလိုအကြောင်းတရား အမျိုးမျိုးနဲ့ အရှုပ်အထွေးအမျိုးမျိုးကို တစ်ခုချင်းစီ ခွဲခြမ်းစိတ်ဖြာပြီး ဖြေရှင်းနိုင်ဖို့ဆိုတာလည်း လွယ်ကူလှတဲ့ အနေအထားတော့ မဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံရဲ့သမိုင်းကြောင်းဖြစ်စဉ်နဲ့အတူ ဒွန်တွဲတည်ရှိခဲ့တဲ့ ပဋိပက္ခတွေ၊ တင်းမာမှုတွေနဲ့ ပြဿနာတွေရဲ့ အရင်းခံအကြောင်းတရားတွေရဲ့ နက်နဲရှုပ်ထွေးမှုတွေကို သိမြင်နားလည်သဘောပေါက်နိုင်မယ်ဆိုရင် ကျွန်မတို့အားလုံး စိတ်ရှည်သည်းခံနားလည်မှု ထားရှိနိုင်ပါလိမ့်မယ်။

၁၉၄၇ ခုနှစ်၊ (၂၀)ရာစုပင်လုံညီလာခံက အစပြုခဲ့တဲ့ ပြည်ထောင်စုတည်ဆောက်ရေးအိပ်မက်ဟာ ဒီကနေ့ဒီအချိန်အထိ ပြည့်ဝအောင်မြင်နိုင်ခြင်း မရှိသေးပါဘူး။ ကျွန်မတို့ရဲ့ မိဘ၊ ဘိုးဘွားတွေရဲ့မျှော်လင့်ချက်တွေ၊ အိပ်မက်တွေဟာ ဒီကနေ့ဒီအချိန်မှာ မျိုးဆက်သစ် တိုင်းရင်းသားလူငယ်တွေရဲ့ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေဖြစ်လာခဲ့ပါပြီ။ ဒီကနေ့အထိလည်း ပြည်ထောင်စုအိပ်မက်ဟာ အိပ်မက်အဖြစ်ကနေ လက်တွေ့အကောင်အထည်ပေါ်လာဖို့ ကျွန်မတို့ ကြိုးပမ်းနေရဆဲ၊ အားထုတ်နေရဆဲပဲဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး တန်ဖိုးထား၊ အမြတ်တနိုးထားရတဲ့ ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ဆိုတာ ဒီကနေ့အခမ်းအနားကို တက်ရောက်လာကြတဲ့ ကျွန်မတို့အားလုံးရဲ့ သမိုင်းပေးတာဝန်ပဲ ဖြစ်ပါတယ်။

ကျွန်မတို့ရဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ– (၂၁)ရာစုပင်လုံ နိုင်ငံရေးဆွေးနွေးပွဲတွေဟာ ကျွန်မတို့နိုင်ငံရဲ့သမိုင်းကြောင်းတစ်လျှောက် အမြစ်တွယ်ခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကို ဖြေရှင်းနိုင်ဖို့ ပထမဦးဆုံး ပေါ်ပေါက်လာခဲ့တဲ့ သမိုင်းဝင် နိုင်ငံရေးဆွေးနွေးပွဲတွေပဲဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ ငြိမ်းငြိမ်းချမ်းချမ်း ညှိနှိုင်းအဖြေရှာပြီး အားလုံးသဘောတူလက်ခံတဲ့ နိုင်ငံရေးသဘောတူညီချက်တွေကနေ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးတွေ၊ အာမခံချက်တွေအပြည့်အဝရှိတဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ကျွန်မတို့အားလုံး ခိုင်ခိုင်မာမာ ဆက်လက်လျှောက်လှမ်းသွားကြဖို့ အထူးပဲအရေးကြီးလှပါတယ်။

ဒီခရီးလမ်းက ရှည်လျားနိုင်ပါတယ်။ အနိမ့်–အမြင့်၊ အတက်–အကျတွေလည်း ရှိနေနိုင်ပါတယ်။ တစ်ခါတရံမှာ အားတက်၊ စိတ်တက်ကြွစရာတွေ တွေ့ကြုံနိုင်သလို တစ်ခါတရံမှာလည်း အားပျက်၊ စိတ်ဓာတ်ကျစရာတွေ တွေ့ကြုံနိုင်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကိုချီရာ လမ်းဟာ မှောင်တစ်ခါ၊ လင်းတစ်လှည့်နဲ့ မှောင်ရီဝိုးတဝါးအချိန်ကာလတွေကို ဖြတ်သန်းရနိုင်ပါတယ်။ တစ်ချိန်တစ်ခါမှာလည်း မှုန်ပျပျ အဝေးကပန်းတိုင်ကို ခပ်ရေးရေးမြင်တွေ့နေရတဲ့ကာလတွေကိုလည်း ဖြတ်သန်းရနိုင်ပါတယ်။ ဒီလိုအခက်အခဲတွေ၊ စိန်ခေါ်မှုတွေက ကျွန်မတို့အားလုံးရဲ့ရှေ့မှာ စောင့်ကြိုနေတယ်ဆိုတာလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ တာတိုခရီးမှာ ခွန်အားက အဆုံးအဖြတ်ပေးပေမယ့် တာဝေးခရီးကို လျှောက်လှမ်းကြရာမှာတော့ ခရီးဆုံးအထိ ရေကုန်ရေခန်း၊ အားမပျက်၊ စိတ်မလျှော့စတမ်း လျှောက်လှမ်းနိုင်ကြဖို့ အရေးကြီးလှပါတယ်။ တာဝေးခရီးကို လျှောက်လှမ်းကြရာမှာ ခရီးလမ်းရှည် ကြာလာတာနဲ့အမျှ စိတ်ဓာတ်ခိုင်မာမှု၊ စိတ်ရှည်သည်းခံမှု၊ စိတ်လိုလက်ရရှိမှု၊ သန္နိဋ္ဌာန်စိတ်ခိုင်မာမှုတွေက တဖြည်းဖြည်း အားနည်းယုတ်လျော့လာတတ်ကြပါတယ်။

ဒီလိုအခြေအနေမျိုးမှာ တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွားနေကြတဲ့ ကျွန်မတို့အားလုံး တစ်ဦးကိုတစ်ဦးစာနာမှု၊ နားလည်မှု၊ ဖေးမမှု၊ ရိုင်းပင်းကူညီမှုတွေနဲ့ လဲနေသူကိုထူပေးပြီး ပန်းတိုင်ရောက်အောင် ဆက်လက်လျှောက်လှမ်းကြဖို့ လိုပါတယ်။ ဘယ်သူတွေက ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသလဲ၊ ဘယ်သူတွေက ငြိမ်းချမ်းရေးကို မလိုလားဘူးလဲဆိုတာကိုလည်း သမိုင်းနဲ့ ပြည်သူက မှတ်ကျောက်တင် အဆုံးအဖြတ်ပေးသွားမှာဖြစ်ပါတယ်။ လက်ရှိ ကြုံတွေ့နေရတဲ့ အခြေအနေနဲ့ပတ်သက်လို့ ကျွန်မအနေနဲ့ အလေးအနက် ပြောချင်တာက **“ပြဿနာဆိုတာတွေက ပြဿနာမဟုတ်ပါဘူး။ ဒီပြဿနာတွေကို ဘယ်ပုံဘယ်နည်းနဲ့ ဖြေရှင်းကြမလဲဆိုတာကသာ ပြဿနာဖြစ်တယ်”** ဆိုတာပါပဲ။

*စာမျက်နှာ ၇ သို့*

**“စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မှ ကျွန်မတို့နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရမယ်ဆိုတာကို အရင်ကတည်းက ကျွန်မတို့ တဖွဖွပြောခဲ့ပြီး ဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်နဲ့အညီ အာဏာခွဲဝေမှုတွေရှိရမယ်၊ သယံဇာတ ခွဲဝေမှုနဲ့ အခွန်အကောက်ခွဲဝေမှုတွေရှိရမယ်၊ ဖက်ဒရယ်ယူနစ်တွေ အားလုံးဟာ တန်းတူရည်တူရှိရမယ်၊ ပြည်နယ်တွေမှာကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်တဲ့ ကိုယ်ပိုင်အခြေခံဥပဒေတွေရှိရမယ်၊ ပြည်နယ်တွေရဲ့ အာဏာတွေကို ခွဲဝေကျင့်သုံးတဲ့အခါ ပြည်သူလူထုကို အခြေခံရမယ် စတဲ့ အခြေခံမူတွေကို ကျွန်မတို့အစိုးရအနေနဲ့ မူအားဖြင့် လက်ခံထားပြီး ဖြစ်ပါတယ်။ အသေးစိတ်အခြေခံမူတွေ ချမှတ်ရာမှာ အားလုံးညှိနှိုင်းတိုင်ပင်ပြီး သဘောတူညီချက်တွေအဖြစ်ချမှတ်ဖို့ တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းမှာ ကျွန်မတို့အားလုံး ပါဝင်နိုင်ကြဖို့ အရေးကြီး”**

> “ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေး ဒုတိယလုပ်ငန်းစဉ်ကတော့ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာရေးပဲဖြစ်ပါတယ်။ ကျွန်မတို့အစိုးရအနေနဲ့ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်အရှိန်မြှင့်လုပ်ဆောင်ပြီး ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းတဲ့ အခြေအနေတစ်ရပ်ကို တည်ဆောက်နိုင်ဖို့၊ နိုင်ငံရေးစားပွဲဝိုင်းမှာ ပါဝင်နိုင်ဖို့၊ NCA ထီးရိပ်အောက်မှာ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်”

*စာမျက်နှာ ၆ မှ*

ကျွန်မတို့ရဲ့ ပြည်ထောင်စုအတွက်၊ ကျွန်မတို့ရဲ့ သားမြေးစဉ်ဆက်၊ နောင်အနာဂတ်မျိုးဆက်သစ်တွေအတွက် ဒီကနေ့ ပြဿနာတွေကို ဖြေရှင်းကြဖို့ ကျွန်မတို့ရဲ့ပစ္စုပ္ပန်ကို တန်ဖိုးရှိရှိသုံးရပါမယ်။

**နိုင်ငံတော်အစိုးရရဲ့ ဖက်ဒရယ် သန္နိဋ္ဌာန်**

ကျွန်မတို့ အစိုးရအနေနဲ့ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူထမ်းဆောင်စကတည်းက ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်လျှောက်လှမ်းဖို့ ကတိပြုခဲ့ပြီးဖြစ်ပါတယ်။ ဒါဟာ အစိုးရဖြစ်လာမှ မဟုတ်ပါဘူး။ ဖက်ဒရယ်ဆိုတဲ့ စကားလုံးကို ပွင့်ပွင့်လင်းလင်းမပြောရဲကြတဲ့ အချိန်တွေမှာ ကျွန်မတို့ အဖွဲ့ချုပ်က ပြောခဲ့တာဖြစ်ပါတယ်။ ဒီလို တည်ဆောက်နိုင်ဖို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို မဏ္ဍိုင်ပြုပြီး နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှုတွေကနေ သဘောတူညီချက်တွေချမှတ်ဖို့ ကျွန်မတို့ အစဉ်တစိုက်ပြောခဲ့ပါတယ်။ လူထုမနာစေဖို့အတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းနည်းလမ်းနဲ့ အဖြေရှာပြီး ညီညွတ်ရေးတည်ဆောက်ဖို့ဆိုတာ ကျွန်မတို့ အဖွဲ့ချုပ်ရဲ့ မူဝါဒလည်းဖြစ်ပါတယ်။

စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မှ ကျွန်မတို့နိုင်ငံ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရမယ်ဆိုတာကို အရင်ကတည်းက ကျွန်မတို့ တဖွဖွပြောခဲ့ပြီးဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်နဲ့အညီ အာဏာခွဲဝေမှုတွေရှိရမယ်၊ သယံဇာတခွဲဝေမှုနဲ့ အခွန်အကောက်ခွဲဝေမှုတွေ ရှိရမယ်၊ ဖက်ဒရယ်ယူနစ်တွေအားလုံးဟာ တန်းတူရည်တူရှိရမယ်၊ ပြည်နယ်တွေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်တဲ့ ကိုယ်ပိုင်အခြေခံဥပဒေတွေရှိရမယ်၊ ပြည်နယ်တွေရဲ့ အာဏာတွေကို ခွဲဝေကျင့်သုံးတဲ့အခါ ပြည်သူလူထုကို အခြေခံရမယ် စတဲ့ အခြေခံမူတွေကို ကျွန်မတို့အစိုးရအနေနဲ့ မူအားဖြင့် လက်ခံထားပြီး ဖြစ်ပါတယ်။ အသေးစိတ်အခြေခံမူတွေ ချမှတ်ရာမှာ အားလုံး ညှိနှိုင်းတိုင်ပင်ပြီး သဘောတူညီချက်တွေအဖြစ်ချမှတ်ဖို့ တွေ့ဆုံဆွေးနွေးရေးစားပွဲဝိုင်းမှာ ကျွန်မတို့အားလုံး ပါဝင်နိုင်ကြဖို့ အရေးကြီးပါတယ်။

တွေ့ဆုံဆွေးနွေးကြရာမှာလည်း ကိုယ့်မူ–သူ့မူ၊ ကိုယ့်ရပ်တည်ချက်–သူ့ရပ်တည်ချက်၊ ဒါတွေကို အသေဆုပ်ကိုင်ပြီး အလျှော့အတင်း၊ အပေးအယူ မလုပ်နိုင်တဲ့သူတွေလည်း ရှိကောင်းရှိနိုင်ပါတယ်။ အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားရင်၊ အမှန်တကယ် ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ချင်တယ်ဆိုရင် ပျော့ပျောင်းညင်သာမှုနဲ့ သဘောထားကြီးမှုတို့လည်း လိုအပ်တယ်ဆိုတာကို သတိချပ်စေချင်ပါတယ်။ နိုင်ငံရေးစားပွဲဝိုင်း တွေ့ဆုံဆွေးနွေးရေးမှာလည်း ကျွန်မတို့ရဲ့ မူကိုချပြပြီး ဒီမူကို ဦးတည်ဆွေးနွေးတာမျိုး ကျွန်မတို့ မလုပ်ခဲ့ပါဘူး။ ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေဘက်က တင်ပြချက်တွေကို အခြေခံပြီး အားလုံးဝိုင်းဝန်းဆွေးနွေး၊ အားလုံးသဘောတူလက်ခံတာကို ရွေးချယ်တဲ့ နည်းလမ်းနဲ့ ချဉ်းကပ်ခဲ့တာပါ။ ကျွန်မတို့က အစိုးရပဲ၊ အစိုးရသဘောထားကိုပဲ အားလုံးက အလေးပေးဆွေးနွေးကြရမယ်ဆိုတာမျိုး ကျွန်မတို့ မလုပ်ခဲ့ပါဘူး။ ပြန်ကြည့်လိုက်ရင် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း(၁)နဲ့ (၂)က အခြေခံမူတွေ၊ လက်ရှိဆွေးနွေးညှိနှိုင်းနေတဲ့ အချက်အလက်တွေအားလုံးဟာ ကျွန်မတို့တိုင်းရင်းသားတွေရဲ့ လိုလားချက်တွေ၊ အဆိုပြုချက်တွေကို အခြေခံပြီး ဆွေးနွေးညှိနှိုင်းခဲ့တယ်ဆိုတာ တွေ့မြင်နိုင်ပါလိမ့်မယ်။ ကိုယ့်ရဲ့ ရပ်တည်ချက်တွေကို လှေနံဓားထစ်၊ တစ်ထစ်ချ တရားသေဆွဲကိုင်ပြီး ဆွေးနွေးညှိနှိုင်းတာမျိုးဟာ စစ်မှန်တဲ့ ဆွေးနွေးညှိနှိုင်းမှု မဟုတ်ပါဘူး။ ဒါ့ကြောင့် အဖြေထွက်လာနိုင်တဲ့ နည်းလမ်းရှာတဲ့ ပုံစံမျိုးနဲ့ ကျွန်မတို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

**နိုင်ငံတော် ရှေ့ဆက်မယ့် လမ်းစဉ်(၃)ရပ်**

ဒီကနေ့ ကျင်းပပြုလုပ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA လေးနှစ်မြောက် နှစ်ပတ်လည်အခမ်းအနားမှာ ကျွန်မတို့အစိုးရအနေနဲ့ **ရှေ့ဆက်လျှောက်လှမ်းမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် (၃)ရပ်**ကို အသိပေးပြောကြားလိုပါတယ်။

**ပထမဆုံးလုပ်ငန်းစဉ်**ကတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁) ရာစုပင်လုံကို ဘယ်လိုရှေ့ဆက်သွားမလဲဆိုတဲ့ ဘုံလုပ်ငန်းစဉ်ဖြစ်ပါတယ်။ ဒီဘုံလုပ်ငန်းစဉ်ချမှတ်ပြီး ခိုင်မာတဲ့ အုတ်မြစ်တစ်ရပ်စိုက်ထူနိုင်အောင် NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ခေါင်းဆောင်ကြီးတွေက စတင်ပြီး အဆိုပြုကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။ ဒီအဆိုပြုချက်ကို ကျွန်မအနေနဲ့ အလေးအနက်စဉ်းစားသုံးသပ်ပါတယ်။ NCA ကို အခြေခံပြီး ရှေ့ကိုဆက်ပြီး လျှောက်လှမ်းရာမှာ ကျွန်မတို့အကြားမှာ အကျေအလည်ဆွေးနွေးပြီး အားလုံးသဘောတူချမှတ်တဲ့ လုပ်ငန်းစဉ်တစ်ရပ်ရှိဖို့လိုတယ်ဆိုတာကို ကျွန်မအနေနဲ့ အလေးအနက်လက်ခံထားပြီးသားဖြစ်ပါတယ်။ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှုတွေ ကြိမ်ဖန်များစွာ ပြုလုပ်ခဲ့ပြီးတဲ့နောက် ဒီကနေ့ ဒီအချိန် ကျွန်မတို့အားလုံးအကြားမှာ မူအားဖြင့် သဘောတူလက်ခံနိုင်တဲ့ အချက်သုံးချက် ရရှိထားပါတယ်။ **ပထမဆုံးအချက်**အနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA အကောင်အထည်ဖော်မှုနဲ့စပ်လျဉ်းပြီး မူဘောင်သဘောတူညီချက်တွေ ကျွန်မတို့ ရယူပါမယ်။ ဒီမူဘောင်သဘောတူညီချက်တွေဟာ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ ပထမပိုင်းဖြစ်လာပါလိမ့်မယ်။

**ဒုတိယအချက်**အနေနဲ့ ဖက်ဒရယ်ဆိုင်ရာအခြေခံမူ (၅၁)ချက် ရရှိပြီးဖြစ်တဲ့အတွက် နောက်ထပ်ရနိုင်သမျှ အခြေခံမူတွေရရှိအောင် ကျွန်မတို့ အစုအဖွဲ့တွေကြားမှာ၊ (၂၁)ရာစု ပင်လုံညီလာခံရဲ့ လုပ်ငန်းစဉ်တွေမှာ ဆွေးနွေးညှိနှိုင်းကြပါမယ်။ နောက်ထပ်ရရှိလာမယ့် အခြေခံမူတွေရယ်၊ ကျွန်မတို့ ရရှိပြီး (၅၁)ချက်ရယ်ကို စုပေါင်းပြီး အခြေခံမူသဘောတူညီချက်တွေ ရယူ ပါမယ်။ ဒီအခြေခံမူသဘောတူညီချက်တွေဟာ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ ဒုတိယပိုင်းဖြစ်လာပါလိမ့်မယ်။

**တတိယအချက်**အနေနဲ့ ၂၀၂၀ ရွေးကောက်ပွဲတွေအလွန် ဆက်လက်ဖော်ဆောင်မယ့် အဆင့်လိုက်လုပ်ငန်းစဉ်တွေ၊ ဦးစားပေးအစီအစဉ်တွေကို ကျွန်မတို့အကြားမှာ ဘုံသဘောတူညီချက်ရယူပါမယ်။ ၂၀၂၀ ရွေးကောက်ပွဲတွေအလွန် အဆင့်လိုက် လုပ်ငန်းစဉ်တွေ၊ အဆင့်လိုက် အကောင်အထည်ဖော်မှုတွေကို သဘောတူညီချက်ရယူပြီးရင် ဒီလုပ်ငန်းစဉ်တွေဟာ လာမယ့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ–(၂၁)ရာစုပင်လုံ၊ စတုတ္ထအစည်းအဝေးမှာ ချုပ်ဆိုမယ့် ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ တတိယပိုင်း ဖြစ်လာပါလိမ့်မယ်။

ဒီလို အစိတ်အပိုင်း(၃)ပိုင်းပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ်၊ အပိုင်း(၃)ကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ဆိုတာကို မှတ်တိုင်အဖြစ် ကျွန်မတို့ သတ်မှတ်နိုင်ခဲ့တဲ့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြတဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ အခြားသက်ဆိုင်သူများ အားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း အလေးအနက်ထားပြီး ပြောကြားလိုပါတယ်။ ဆက်လက်ပြီးလည်း အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့အစိုးရရဲ့ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေး **ဒုတိယလုပ်ငန်းစဉ်**ကတော့ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာရေးပဲဖြစ်ပါတယ်။ ကျွန်မတို့အစိုးရအနေနဲ့ NCA လက်မှတ်ရေးထိုးထားခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်အရှိန်မြှင့်လုပ်ဆောင်ပြီး ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းတဲ့ အခြေအနေတစ်ရပ်ကို တည်ဆောက်နိုင်ဖို့၊ နိုင်ငံရေးစားပွဲဝိုင်းမှာ ပါဝင်နိုင်ဖို့၊ NCA ထီးရိပ်အောက်မှာ ပါဝင်သင့်ပါဝင်ထိုက်သူအားလုံး ပါဝင်လာဖို့ ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ NCA ညှိနှိုင်းခဲ့စဉ်က အခုလက်မှတ်မထိုးရသေးတဲ့အဖွဲ့ အတော်များများ ပါဝင်ခဲ့ကြပြီး ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့်သာ အားလုံးပါဝင်နိုင်ခြင်းမရှိခဲ့တာဖြစ်ပါတယ်။ အခုအချိန်မှာ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့အစည်းအသီးသီးက ခေါင်းဆောင်များအနေနဲ့လည်း သမိုင်းဝင်နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်နိုင်ဖို့ ရှေ့ကိုခြေတစ်လှမ်းတက်ပေးကြဖို့ အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းလိုပါတယ်။ ပါဝင်သင့်၊ ပါဝင်ထိုက်တဲ့သူတို့တွေ ပါဝင်နိုင်ခြင်းမရှိသေးတာကြောင့် ကျွန်မတို့ရဲ့ နိုင်ငံရေးစားပွဲဝိုင်းမှာ လိုအပ်ချက်တွေ၊ လစ်ဟာချက်တွေကို ခံစားနေရပါတယ်။ အားလုံးပါဝင်နိုင်တဲ့ အခင်းအကျင်းမျိုး ဖြစ်ပေါ်လာအောင် ကျွန်မတို့အနေနဲ့ ဆက်လက်ပြီး အားထုတ်ကြိုးပမ်းသွားမှာဖြစ်ပါတယ်။

ကျွန်မတို့အစိုးရရဲ့ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေး **တတိယလုပ်ငန်းစဉ်**ကတော့ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေကို လူထုရရှိခံစားနိုင်ရေးပဲ ဖြစ်ပါတယ်။ မငြိမ်းချမ်းတဲ့ဒေသတွေမှာ ပဋိပက္ခရဲ့ ဒဏ်ရာဒဏ်ချက်တွေကို အဓိကရရှိခံစားကြရတာက ဟိုးအောက်ခြေက ကျွန်မတို့ရဲ့လူထုပဲဖြစ်ပါတယ်။ အထူးသဖြင့် လွတ်လပ်ရေးရရှိချိန်ကစပြီး ပဋိပက္ခဒဏ်ရာဒဏ်ချက်တွေကို ခေတ်အဆက်ဆက် ခံစားခဲ့ရတဲ့ ကျွန်မတို့ရဲ့တိုင်းရင်းသားတွေအတွက် ဒီထက်ပိုတဲ့ဘေးဒုက္ခဆိုတာမရှိတော့ပါဘူး။ ဒီကနေ့ကျွန်မတို့ရဲ့ ကမ္ဘာကြီးက နည်းပညာတော်လှန်ရေး “4.0” ကို သွားနေကြပါပြီ။ အခြားနိုင်ငံတွေက လူငယ်တွေ၊ မှတ်ဉာဏ်အတု၊ ပုံရိပ်ယောင်လူ့အဖွဲ့အစည်း၊ စက်မှုတော်လှန်ရေး၊ ဒစ်ဂျစ်တယ် ရေစီးကြောင်းတွေထဲကြားမှာ တက်တက်ကြွကြွနဲ့ စက္ကန့်နဲ့အမျှ တိုးတက် ဆန်းသစ်နေချိန်မှာ ကျွန်မတို့ရဲ့ပြည်ထောင်စုမှာတော့ ကျွန်မတို့ရဲ့ တိုင်းရင်းသား လူငယ်တွေ၊ ကျွန်မတို့ရဲ့ တိုင်းရင်းသားဒေသတွေရဲ့ အနာဂတ်တွေအတွက် အာမခံချက်တွေ လိုနေပါသေးတယ်။

ဒီလက်နက်ကိုင်ပြည်တွင်းစစ်ကို စတင်ခဲ့သူတွေဟာ ဒီ (၂၁) ရာစု၊ ဒီကနေ့၊ ဒီအချိန် ဒီလောကကြီးထဲမှာ မရှိကြတော့ပါဘူး။ ဒါပေမယ့်လည်း ဒီပြည်တွင်း စစ်မီးကို ငြိမ်းသတ်ဖို့၊ ဖက်ဒရယ်ပြည်ထောင်စုအိပ်မက်ကို အကောင်အထည်ဖော်ဖို့၊ ဒီကနေ့ ဒီခန်းမထဲမှာ ရောက်နေကြတဲ့ ကျွန်မတို့ အားလုံးရဲ့ ပခုံးထက်မှာ သမိုင်းကတာဝန်တွေ ရောက်ရှိနေပါပြီ။ နောင်လာမယ့် (၁၀)နှစ်မှာ ကမ္ဘာကြီးက ဘယ်လိုဖြစ်နေမလဲ၊ အဲ့ဒီအချိန်မှာ ကျွန်မတို့ရဲ့ တိုင်းရင်းသားတွေကို ဘယ်လို ဖြစ်စေချင်သလဲ၊ ကျွန်မတို့ရဲ့ ပြည်ထောင်စုကြီးကို ဘယ်လိုဖြစ်စေချင်သလဲ။ ခေါင်းဆောင်တွေအားလုံး အလေးအနက်ထားပြီး စဉ်းစားကြစေလိုပါတယ်။ နောက်လာမယ့် (၁၀)နှစ်၊ နှစ်(၂၀)မှာလည်း ဒီပုံစံ၊ ဒီအနေအထား၊ ဒီလိုမျိုးနဲ့ပဲ စစ်မီးမငြိမ်းနိုင်သေးတဲ့နိုင်ငံ၊ စစ်မီးတောက်လောင်နေဆဲ ပြည်ထောင်စုကြီးကို ကျွန်မတို့ လက်ဆင့်ကမ်းထားရစ်ခဲ့ကြမှာလား။

ဒီကနေ့ ကျွန်မတို့ထားရှိနေကြတဲ့ မာနတွေ၊ အာဃာတတွေ၊ အသာစီးရယူလိုမှုတွေ၊ မယုံကြည်မှုတွေကြောင့် ကျွန်မတို့ရဲ့ နောင်လာနောက်သားတွေရဲ့ အနာဂတ်ကို ဘယ်လောက်အထိ နောက်ကျသွားစေနိုင်သလဲ မြင်ယောင်တွေးကြည့်ကြစေလိုပါတယ်။ ကျွန်မတို့ အစိုးရအနေနဲ့ တိုင်းရင်းသားတွေ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ အိပ်မက်သဖွယ် လိုလားတောင့်တတဲ့၊ ကျွန်မတို့ တိုင်းရင်းသားပြည်သူအားလုံးက အသက်ပေးပြီး ကာကွယ်ချင်လောက်အောင် အမြတ်တနိုးတန်ဖိုးထားကြတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်ချင်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းရေးရရှိဖို့ အချိန်တန်နေရုံမကဘူး၊ အချိန်တောင် အတော်လွန်နေပါပြီ။

နိဂုံးချုပ်အနေနဲ့ အလေးအနက်ထားပြီး ပြောကြားလိုတာကတော့ ပြည်ထောင်စုဆိုတာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သူအားလုံးရဲ့ ဦးနှောက်ထဲ၊ နှလုံးသားထဲကနေ နှစ်နှစ်ကာကာ ယုံယုံကြည်ကြည် တန်ဖိုးထားရတဲ့ စုစည်းမှုဖြစ်ဖို့ အရေးကြီးတယ်ဆိုတာပါပဲ။ ဒီစုစည်းမှုကို အင်အားနဲ့ တည်ဆောက်လို့ မရနိုင်ဘဲ ဉာဏ်ပညာ အမြော်အမြင်၊ စိတ်သဘောထားပြည့်ဝမှုတို့နဲ့ တည်ဆောက်မှ ရနိုင်မယ်ဆိုတာကို အားလုံးက သတိပြုကြစေလိုပါတယ်။ တိုင်းရင်းသားတန်းတူရေးကို အခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စု မတည်ဆောက်နိုင်သရွေ့ ကျွန်မတို့နိုင်ငံ ငြိမ်းချမ်းဖို့ မမြင်နိုင်ပါဘူး။ ပင်လုံစိတ်ဓာတ်ကို အခြေခံတဲ့ တိုင်းရင်းသားညီညွတ်ရေးကို မတည်ဆောက်နိုင်သရွေ့ ကျွန်မတို့နိုင်ငံ တိုးတက်အားကောင်းဖို့ မဖြစ်နိုင်ပါဘူး။ဒီအနေအထားကို နှစ်ပေါင်း(၇၀)ကျော် သက်သေပြခဲ့ပြီးဖြစ်လို့ ကျွန်မတို့ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ ဒီအခြေအနေကို ပြောင်းလဲပစ်ဖို့ ကျွန်မတို့အားလုံး စိတ်တူကိုယ်တူ ကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုရင် မဖြစ်နိုင်စရာ မရှိပါဘူး။

ကျွန်မတို့အစိုးရအနေနဲ့ ရှေ့လာမယ့် ကာလတွေမှာ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်(၃)ရပ်ကို အပြင်းအထန် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုအတွက် တန်ဖိုးအရှိဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေး၊ တန်းတူရေးနဲ့ ဖက်ဒရယ်တည်ဆောက်ရေး အခြေခံအုတ်မြစ်ကို လက်ဆင့်ကမ်း စိုက်ထူပေးသွားနိုင်ဖို့ ကျွန်မတို့အစိုးရနဲ့ ပူးပေါင်းလက်တွဲပြီး ဆောင်ရွက်ပေးကြဖို့ အလေးအနက် မေတ္တာရပ်ခံတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် မကွေးတိုင်းဒေသကြီးရှိ ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်သည် ယနေ့ နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်း မကွေးမြို့ရှိ ၃၃/၁၁ ကေဗွီ(၅) အမ်ဗွီအေ မြင်းကင်းဓာတ်အားခွဲရုံ၌ လျှပ်စစ်ဓာတ်အား လက်ခံဖြန့်ဖြူးပေးနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်အားသုံးစွဲသူ ပြည်သူများ လျှပ်စစ်ဓာတ်အား တည်ငြိမ်ပြည့်ဝစွာဖြင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး၊ ဗို့အားစနစ်တည်ငြိမ်မှုရှိရေးနှင့် လျှပ်စစ်ဓာတ်အား လေလွင့်ပျောက်ဆုံးမှုမရှိရေး အထူးအလေးထား ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မကွေးမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ (၂၀)အမ်ဗွီအေ နတ်မောက်လမ်း ဓာတ်အားခွဲရုံနှင့် ၃၃/၁၁ ကေဗွီ (၁၀)အမ်ဗွီအေ လွှတ်တော်ဓာတ်အားခွဲရုံ၊ နတ်မောက်မြို့နယ်ရှိ ၆၆/၁၁ ကေဗွီ (၁၀)အမ်ဗွီအေ မြို့သစ်မြို့ ဓာတ်အားခွဲရုံများကို ကြည့်ရှုစစ်ဆေးပြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးရာတွင် ဗို့အားကျဆင်းမှုမရှိစေရေး၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု အနည်းဆုံးဖြစ်စေရေးနှင့် ဓာတ်အားခွဲရုံသုံးပစ္စည်းများ အရည်အသွေးပြည့်မီသည့် ပစ္စည်းများဖြင့် တပ်ဆင်အသုံးပြုသွားရန်၊ ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေးအတွက် ထရန်စဖော်မာများ၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်ကောင်းမွန်စေရေး စဉ်ဆက်မပြတ် စစ်ဆေးဆောင်ရွက်သွားရန် မှာကြားသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၈**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ရှိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

### အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အစီအစဉ်များ ဆွေးနွေး

တွေ့ဆုံစဉ် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကြုံတွေ့နေရသည့် အခက်အခဲများ ကျော်လွှားနိုင်ရေးကိစ္စ၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်များရယူရေးကိစ္စ၊ ၂၀၂၀ ရွေးကောက်ပွဲများအလွန် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် သဘောတူညီချက်ရယူရေးကိစ္စ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး JICM ကျင်းပနိုင်ရေးကိစ္စ၊ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ RCSS နေပြည်တော်မလာရောက်နိုင်သည့်ကိစ္စနှင့် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ အစီအစဉ်များကိစ္စ စသည်တို့ကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

### တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် ဦးလှမော်ဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌနှင့်အတူ အထွေထွေအတွင်းရေးမှူး ပဒိုစောတာဒိုမူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ပဒိုစောလှထွန်း၊ စစ်ရေး/ နိုင်ငံရေး အကြံပေး ပဒိုစောထူးထူးလေး၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် စောရော်ဂျာခင်၊ ဗဟိုအမြဲတမ်းကော်မတီဝင်များဖြစ်ကြသည့် စောတောနီး၊ စောသမိန်ထွန်း၊ စောအိုင်းဇက်ဖိုး၊ စောတာမလာသောနှင့် ပဒိုစောရွှေမောင်းတို့လည်း တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ဂျပန်နိုင်ငံ NHK ရုပ်သံဌာနအား ကြည့်ရှုလေ့လာပြီး တိုကျိုနိုင်ငံတကာ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**တိုကျို အောက်တိုဘာ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ကမာကူရ ရုပ်ရှင်ပြတိုက်သို့ ရောက်ရှိကြပြီး ရုပ်ရှင်ဆိုင်ရာ စာအုပ်စာစောင်များ ခင်းကျင်းပြသထားမှုကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါပြတိုက်သည် ရုပ်ရှင်ဆိုင်ရာ စာအုပ်၊ စာစောင်များ ခင်းကျင်းပြသထားမှုအပြင် ရုပ်ရှင်အထူးပွဲများပြသခြင်း၊ ရုပ်ရှင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ဖြင့် ရုပ်ရှင်အနုပညာ အသိုက်အဝန်းအတွက် ဝန်ဆောင်မှုပေးရန်ဖြစ်ကြောင်း၊ ရုပ်ရှင်ရုံဆိုသည် ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတည်ဆောက်ရန်အတွက် အကောင်းဆုံးကြားခံနေရာတစ်ခုအဖြစ် ယုံကြည်လက်ခံကြသည့် ကမာကူရမြို့ခံ Nagamasa နှင့် Kashiko Kawaichita စုံတွဲတို့ နေထိုင်ခဲ့သည့် နေအိမ်ကို ဂုဏ်ပြု၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ယနေ့ နံနက် ၉ နာရီတွင် တိုကျိုမြို့ရှိ IMAGICAB Lab ကုမ္ပဏီသို့ သွားရောက်ကြပြီး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်း (Post Production) ဆောင်ရွက်မှုကို ကြည့်ရှုလေ့လာကြသည်။

IMAGICAB Lab ကုမ္ပဏီသည် ရုပ်ရှင်လုပ်ငန်းအတွက် နည်းပညာဆိုင်ရာ အထောက်အပံ့များ ဝန်ဆောင်မှုပေးခြင်းနှင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်းကို ၁၉၃၅ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ပြီး ရုပ်ရှင်၊ ရုပ်မြင်သံကြား၊ ကြော်ငြာ၊ မိုဘိုင်းဖုန်းမှစ၍ ဂိမ်းကစားနည်းများအထိ ကြိုတင်ပြင်ဆင်မှု၊ ဝန်ဆောင်မှုနှင့် ထုတ်လုပ်ဖြန့်ချိမှုများကို ဆောင်ရွက်နေကြောင်း၊ 2k နှင့် 4k အရည်အသွေးရှိသော ရုပ်ရှင်မှတ်တမ်းနှင့် ဒစ်ဂျစ်တယ်ပြုလုပ်ခြင်း၊ Scan ဖတ်ခြင်းနှင့် Metadata စီမံခန့်ခွဲစနစ် စသည့် အစိတ်အပိုင်းများစွာအတွက် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

ထို့နောက် Shochiku Otaami Library သို့ သွားရောက်ကြပြီး ပြဇာတ်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ဇာတ်ညွှန်းများ၊ စာအုပ်စာစောင်များ၊ ဓာတ်ပုံနှင့် မှတ်တမ်းများကို ကြည့်ရှုလေ့လာကြသည်။ ၎င်းစာကြည့်တိုက်ကို Shochiku Co.Ltd ကို တည်ထောင်ခဲ့သူတစ်ဦးဖြစ်သည့် Otaami Takejino က ယဉ်ကျေးမှုဆိုင်ရာ ဆုတံဆိပ်ချီးမြှင့်ခံရပြီး နောက်တစ်နှစ် ၁၉၅၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတွင် စာအုပ်စာစောင်နှင့် ဓာတ်ပုံမှတ်တမ်း စုစုပေါင်း လေးသိန်းနှစ်သောင်းကျော် စုဆောင်းထားရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် Shochiku Co,Ltd သို့ သွားရောက်ကြပြီး ရုပ်ရှင်နှင့် ရုပ်သံဇာတ်လမ်းတွဲများ၊ မီဒီယာဆော့ဖ်ဝဲများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းနှင့် ဖြန့်ချိခြင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

၎င်းကုမ္ပဏီကို Mr. Takejino Otani နှင့် Matusjino Shirani တို့က ၁၈၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ဂျပန်နိုင်ငံတွင် ရောင်စုံရုပ်ရှင်ကို ပထမဆုံးထုတ်လုပ်နိုင်ခဲ့သည့်အပြင် ကမ္ဘာပေါ်တွင် အရှည်လျားဆုံး ရုပ်သံဇာတ်လမ်းတွဲများကိုလည်း ဖန်တီးထုတ်လုပ်နိုင်ခဲ့ကြောင်း၊ အသံစနစ်၊ တေးဂီတမူပိုင်ခွင့်လိုင်စင်၊ ကဇာတ်ရုံ အပြင်အဆင်နှင့် ငှားရမ်းခြင်း၊ စီမံခန့်ခွဲခြင်း တို့အပြင် အိမ်ခြံမြေဆိုင်ရာ ရှင်းလင်းခြင်းများကိုလည်း ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် NHK ရုပ်သံဌာနသို့ သွားရောက်ကြပြီး ပြည်တွင်း/ပြည်ပ သတင်းများအား ဂျပန်နှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ထုတ်လွှင့်နေမှု၊ မသန်စွမ်းသူများနှင့် ကလေးသူငယ်များအတွက် သတင်းထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်ထားမှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများ ထုတ်လွှင့်ပေးနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

NHK သတင်းဌာနကို ၁၉၂၄ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် တိုကျိုရုပ်သံသတင်းဌာနအဖြစ် တည်ထောင်ခဲ့ပြီး ၁၉၂၆ ခုနှစ်တွင် ဂျပန်ရုပ်သံထုတ်လွှင့်မှုကော်ပိုရေးရှင်း (Japan Broadcasting Corporation – NHK) အဖြစ် ပြောင်းလဲခဲ့သည့် ဂျပန်နိုင်ငံပိုင်ရုပ်သံသတင်းဌာနဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တိုကျိုမြို့တော် မင်နာတိုမြို့ရှိ Roppongi Theater ၌ ကျင်းပသည့် တိုကျိုနိုင်ငံတကာရုပ်ရှင်ပွဲတော် (Tokyo International Film Festival) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး နိုင်ငံတကာမှ လာရောက်ပြသကြသည့် ရုပ်ရှင်ဇာတ်ကားများကို ကြည့်ရှုကြသည်။

အဆိုပါ ရုပ်ရှင်ပွဲတော်သည် ၁၉၈၅ ခုနှစ်မှစ၍ ၁၉၉၁ ခုနှစ်အထိ နှစ်နှစ်လျှင် တစ်ကြိမ် ကျင်းပခဲ့ရာမှ နောက်ပိုင်းတွင် နှစ်စဉ်ကျင်းပလာခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာရုပ်ရှင်ထုတ်လုပ်သူများ ဖက်ဒရေးရှင်းမှ အသိအမှတ်ပြုထားသည့် အာရှဒေသ၏ ထင်ရှားသော ရုပ်ရှင်ပွဲတော်များတွင် ပါဝင်ကြောင်း၊ ၎င်းပွဲတော်မှ အကောင်းဆုံးရုပ်ရှင်၊ အကောင်းဆုံး ဒါရိုက်တာ၊ အကောင်းဆုံး အမျိုးသားနှင့် အမျိုးသမီး ဇာတ်ဆောင်ထူးချွန်ဆုများကိုလည်း ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် ပွဲတော်ကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၀၀ ကျော် ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် NHK ရုပ်သံဌာန၌ ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

# ငြိမ်းချမ်းရေးလုပ်ငန်းတွေ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ တပ်မတော်အနေနဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားကိုသာ အမြဲရှေးရှုဆောင်ရွက်ခဲ့

**တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင်**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အမှာစကား**

**ဒီကနေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ ပြည်တွင်းစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို လက်တွေ့ကျကျအကောင်အထည်ဖော်ပေးနိုင်မယ့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့တဲ့ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ပဲ ဖြစ်ပါတယ်။ ဒီနှစ်ပတ်လည်နေ့ အခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော် သမ္မတကြီး အမှူးပြုတဲ့ အစိုးရပိုင်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံ့ငြိမ်းချမ်းရေးအတွက် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်နေကြတဲ့ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးနဲ့ အခမ်းအနားတက်ရောက်လာသူအားလုံး ငြိမ်းချမ်းသာယာရှိကြ၍ နိုင်ငံ့အကျိုး၊ ပြည်ထောင်စုအကျိုးနဲ့ ငြိမ်းချမ်းရေးအကျိုးတို့ကို ဆတက်ထမ်းပိုး စည်းလုံးညီညွတ်စွာထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ အကြောင်းအမျိုးမျိုးပြပြီး မတက်ရောက်နိုင်တဲ့ အဖွဲ့များဟာလည်း ၎င်းတို့အကြောင်းနဲ့ ၎င်းတို့သာ ဖြစ်ပါလိမ့်မယ်။**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်းအခမ်းအနားတွေ ကျင်းပလာတာ ဒီနေ့နဲ့ဆို ၄ ကြိမ်ရှိပြီဖြစ်ပါတယ်။ အခမ်းအနားတိုင်းမှာ တာဝန်ရှိသူများက အမှာစကား၊ နှုတ်ခွန်းဆက်စကား အသီးသီးပြောကြပါတယ်။ ကျွန်တော့်အနေနဲ့လည်း ယခင်အခမ်းအနား ၃ ကြိမ်မှာ နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့ပါတယ်။ ဒီနေ့မှာတော့ ယခင်ပြောခဲ့တဲ့ နှုတ်ခွန်းဆက်စကားတွေထဲက အရေးကြီးတဲ့အချက်အချို့ကို ပြန်လည်အမှတ်ရစေဖို့ အဖွင့်အနေနဲ့ ပြောလိုပါတယ်။

### တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်

ပထမဆုံးအခမ်းအနားမှာ ကျွန်တော့်အနေနဲ့ NCA စာချုပ် ဖြစ်ပေါ်လာပုံနဲ့ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ကို အလေးပေးပြောကြားခဲ့ပါတယ်။ NCA စာချုပ်နဲ့ပတ်သက်လို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး နိုင်ငံ့ငြိမ်းချမ်းရေးအတွက် ကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်ခဲ့တဲ့အချိန်ကစတင်ပြီး NCA စာချုပ်ကို ပထမဆုံး လက်မှတ်ရေးထိုးခဲ့တဲ့ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်အထိ အချိန်ကာလ လေးနှစ်ကျော်ကြာမြင့်ခဲ့ကြောင်းနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုလုပ်ငန်းအဆင့်ဆင့်ကို ညီညွတ်တဲ့ပေါင်းစည်းစွမ်းအားနဲ့ ကြိုးစားဖြတ်သန်းခဲ့ရပုံတွေကို ဆက်လက်လုပ်ဆောင်ရမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေအတွက် ခွန်အားတွေဖြစ်စေဖို့ ပြန်ပြောင်းပြောပြခဲ့ပါတယ်။ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ တပ်မတော်ရဲ့ "အသိတရား"နဲ့ လက်ရှိ ငြိမ်းချမ်းရေးတည်ဆောက်မှုခိုင်မြဲစေဖို့အတွက် လိုအပ်တဲ့ "အရှိတရား" ဖြစ်တဲ့ တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ် အကြောင်းကို ကျွန်တော် ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် တပ်မတော်ရဲ့ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်နဲ့ NCA စာချုပ်ဟာ လက်နက်ကိုင်လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုဖြစ်စေဖို့ လမ်းခင်းပေးထားတာဖြစ်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြခဲ့ပါတယ်။

ဒုတိယအခမ်းအနားမှာတော့ ပြည်သူလူထုတစ်ရပ်လုံးတောင်းဆိုခဲ့တဲ့ ယနေ့နိုင်ငံမှာ ကျင့်သုံးနေတဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို တပ်မတော်က လိုလိုလားလား လမ်းဖွင့်ပေးခဲ့တာဖြစ်ပြီး ဒီလမ်းကြောင်းပေါ်မှာ အဆင်ပြေချောမွေ့စွာ လျှောက်လှမ်းနိုင်ဖို့ တပ်မတော်အစိုးရလက်ထက်ကတည်းက နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာ ကြိုတင်တည်ဆောက်မှုတွေ၊ ဆောင်ရွက်ခဲ့ပုံတွေ၊ NCA စာချုပ်ရဲ့ အရေးပါပုံများနဲ့ NCA စာချုပ်ကို လက်မှတ်ရေးထိုးဖို့လိုတဲ့အကြောင်းတွေကို ပြည့်ပြည့်စုံစုံရှင်းပြခဲ့ပါတယ်။

တတိယအခမ်းအနားမှာတော့ အဲဒီအချိန်က သဘောထားကွဲလွဲနေတဲ့ "ခွဲမထွက်ရ"ဆိုတဲ့စကားရပ်နဲ့ပတ်သက်ပြီး ဘာကြောင့်လိုအပ်တယ်ဆိုတဲ့ အကြောင်း၊ တိုင်းရင်းသားပြည်သူလူထုရဲ့အကျိုးကိုရှေးရှုပြီး ၂၀၁၅ ခုနှစ်



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှာစကား ပြောကြားစဉ်။**

အတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ဇယား-၂ နဲ့ဇယား-၅ တို့ကို ပြင်ဆင်ဖြည့်စွက်လုပ်ပိုင်ခွင့်တွေ ထပ်မံတိုးချဲ့ပုံများ၊ တပ်မတော်ရဲ့သမိုင်းနဲ့ တစ်ခုတည်းသော တပ်မတော်ကိစ္စတို့ကို နောက်ခံသမိုင်းကြောင်းများနဲ့တကွ ကျယ်ကျယ်ပြန့်ပြန့် ရှင်းပြပြောဆိုခဲ့ပါတယ်။ ဒါတွေကို ထပ်မံပြောပြရတာဟာ တပ်မတော်ရဲ့ NCA အပေါ်မှာ ရပ်တည်ချက်၊ ငြိမ်းချမ်းရေးအပေါ် သဘောထားနဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့အပေါ် အလေးအနက်ထားရှိမှုကို ပိုမိုပေါ်လွင်စေချင်လို့ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ NCA အပေါ်မှာပဲ ရပ်တည်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခိုင်ခိုင်မာမာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### ၄ လကျော်ကြာ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပေးခဲ့

ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းသွားဖို့ အလိုလားဆုံးသူတွေကတော့ လက်နက်ကိုင်တိုက်ပွဲတွေမှာ အသက်ခန္ဓာစွန့်လွှတ်တိုက်ပွဲဝင်နေရတဲ့ တပ်မတော်သားတွေဖြစ်တယ်လို့ ပြောခဲ့ဖူးပါတယ်။ လက်တွေ့အနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သမိုင်းမှာ တစ်ခါမှမရှိခဲ့ဖူးတဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှာထုတ်ပြန်ပြီး ပထမအကြိမ် ၄ လကျော်ကြာ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲပေးခဲ့ပါတယ်။ အဲဒီအချိန်ကာလမတိုင်မီက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့၊ နိုင်ငံရေးအင်အားစုအချို့၊ ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းအချို့က တပ်မတော်အနေနဲ့ သဘောထားကြီးစွာ အပစ်ရပ်ပေးသင့်ကြောင်းနဲ့ ဒီလိုလုပ်ဆောင်ပေးရင် ငြိမ်းချမ်းရေးရရှိမယ်ဆိုပြီး အမြဲတမ်းပြောဆိုခဲ့ပါတယ်။ ကမ္ဘာမှာ ဘယ်မှာမှမရှိခဲ့တဲ့ ဒီလိုပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို တပ်မတော်အနေနဲ့ လက်တွေ့ဆောင်ရွက်ပေးပြီး သက်သေပြခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်အထိ ၉လကာလအတွင်း အပစ်ရပ်သက်တမ်းတိုးပေးမှုနဲ့ ငြိမ်းချမ်းရေး ထိထိရောက်ရောက်ဆောင်ရွက်နိုင်ကြဖို့ ထုတ်ပြန်ချက် ၄ ကြိမ် ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်တွေ့ရလဒ်တွေက ဘာတွေဖြစ်လာတယ်ဆိုတာကို တစ်နိုင်ငံလုံးက တိုင်းရင်းသားပြည်သူလူထုအားလုံး မျက်မြင်ကိုယ်တွေ့ပဲ ဖြစ်ပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်များထုတ်ပြန်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခဲ့တဲ့ စစ်တိုင်း ၅ တိုင်းရဲ့ အချို့ဒေသတွေမှာ ပစ်ခတ်တိုက်ခိုက်မှုတွေမရှိသလောက် လျော့နည်းသွားပေမယ့် အချို့ဒေသတွေမှာ EAO အချင်းချင်း နယ်မြေချဲ့ထွင် တိုက်ခိုက်မှုဖြစ်ခဲ့တာတွေ၊ ကြားထဲက ပြည်သူလူထုဒုက္ခရောက်ရတာတွေ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတဲ့အချိန်ကာလကို အခွင့်ကောင်းယူပြီး အင်အားတည်ဆောက်၊ နယ်မြေတည်ဆောက်ခဲ့မှုတွေ၊ အပြစ်မဲ့ပြည်သူတွေကို သတ်ဖြတ်ခဲ့တာတွေကိုလည်း တွေ့ကြုံခဲ့ရပါတယ်။

ရခိုင်ပြည်နယ်ကိစ္စနဲ့ပတ်သက်လို့ပြောရရင် ရခိုင်ပြည်နယ်ဟာ ယခင်ကတည်းက အဖြူရောင်နယ်မြေ ဖြစ်ပါတယ်။ ဘူးသီးတောင်၊ မောင်တော ဒေသမှာ ARSA ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် မတည်ငြိမ်မှုတွေ ဖြစ်လာပြီး ဒေသခံ ရခိုင်၊ မြို၊ ခမီတို့အပါအဝင် တိုင်းရင်းသားပြည်သူတွေရဲ့ အသက်၊ အိုးအိမ်၊ စည်းစိမ်တွေ ခြိမ်းခြောက်ခံခဲ့ရပါတယ်။ ရွာလုံးကျွတ်ထွက်ပြေးခဲ့ရပါတယ်။ အဲဒီဒေသမှာ လူနည်းစုဖြစ်တဲ့ ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို တပ်မတော်အနေနဲ့ များစွာ အရင်းအနှီးပေးပြီး ကာကွယ်ပေးခဲ့ရပါတယ်။ ARSA ကြောင့် မတည်မငြိမ်ဖြစ်နေတဲ့အခြေအနေမှာ AA အနေနဲ့ ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ဘူးသီးတောင်ဒေသက တိုင်းရင်းသားရွာတွေကို အကာအကွယ်ပေးနေတဲ့ အင်အားနည်း နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းလေးခုကို အကြမ်းဖက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အရှိန်မြှင့်တင်ခဲ့ပါတယ်။ ဒီလုပ်ရပ်တွေဟာ ကျွန်တော်တို့ ဒီနေ့ ကျင့်သုံးတည်ဆောက်နေတဲ့ ဒီမိုကရေစီစနစ်နဲ့ လားလားမှမသက်ဆိုင်၊ မထိုက်တန်တဲ့လုပ်ရပ်တွေပဲ ဖြစ်ပါတယ်။ ဒီအကြမ်းဖက်လုပ်ရပ်တွေကို တပ်မတော်အနေနဲ့ လက်ပိုက်ကြည့်နေလို့ မရပါဘူး။ တစ်ဖက်က အဲဒီဒေသမှာရှိနေတဲ့ တိုင်းရင်းသားတွေကို ARSA ရန်က ကာကွယ်ပေးနေသလို AA ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကိုလည်း ကာကွယ်ပေးနေရပါတယ်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲထားတဲ့ ကာလအတွင်းမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ဖို့အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန (NRPC) နဲ့ ဆွေးနွေးဖို့ တိုက်တွန်းခဲ့တဲ့အပြင် လိုအပ်ပါက ထပ်မံဆွေးနွေးနိုင်ရေးအတွက် အဖွဲ့ဝင် ၈ ဦးပါ တပ်မတော်ညှိနှိုင်းဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ဆွေးနွေးညှိနှိုင်းမှုတွေဟာ တိုင်းရင်းသားပြည်သူလူထုက မျှော်လင့်သလောက် ခရီးမပေါက်တဲ့အတွက်လည်း အချိန်မဆိုင်းဘဲ ထိထိရောက်ရောက် ဆွေးနွေးနိုင်ဖို့ ဇူလိုင်လ ၁ ရက်နဲ့ ဩဂုတ်လ ၁၄ ရက်တို့မှာ တိုက်တွန်းအသိပေးချက် ၂ စောင်ထုတ်ပြန်ပြီး နှိုးဆော်ခဲ့ရပါတယ်။ ဒါပေမယ့် ဩဂုတ်လ ၁၅ ရက်နေ့ကစပြီး မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်က လမ်း၊ တံတား၊ မြို့၊ ရွာတွေကို နှောင့်ယှက်ဖျက်ဆီးခဲ့တာတွေ၊ ပြင်ဦးလွင်၊ နောင်ချို၊ လားရှိုးနဲ့ ကွတ်ခိုင်မြို့တွေကို တိုက်ခိုက်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လက်တွေ့ကြုံရပါတယ်။ ဒီလိုလုပ်ရပ်တွေဟာ သူတို့တောင်းဆိုနေတဲ့ တိုင်းရင်းသားအခွင့်အရေးလားလို့ ပြန်ပြီးသုံးသပ်စရာတွေ ဖြစ်လာခဲ့ပါတယ်။

### လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံဇာစ်မြစ်

ကျွန်တော်တို့နိုင်ငံမှာ လက်ရှိတောက်လောင်နေဆဲဖြစ်တဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခရဲ့ ဇာစ်မြစ်ဟာ ယခင်ကိုလိုနီလက်ထက်ကတည်းက ကျင့်သုံးခဲ့တဲ့ သွေးခွဲအုပ်ချုပ်တဲ့စနစ်ကြောင့် ဖြစ်ပါတယ်။ ဒီလိုသွေးခွဲအုပ်ချုပ်မှုရဲ့ အကျိုးဆက်တွေကြောင့် တိုင်းရင်းသားချင်း၊ လူမျိုးစုချင်းအကြားသွေးကွဲခဲ့ရပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများအထိ ဖြစ်ခဲ့ရပါတယ်။ လွတ်လပ်ရေးရပြီး ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်အတွင်း ပါလီမန်ဒီမိုကရေစီခေတ်မှာ နိုင်ငံရေးကွဲပြားမှု၊ လူမျိုးရေးကွဲပြားမှု၊ တိုင်းရင်းသားအရေးကွဲပြားမှု၊ အယူဝါဒရေးကွဲပြားမှုတွေကတစ်ဆင့် အုပ်ချုပ်တဲ့အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင် ဆန့်ကျင်ခြင်းဟာ ယနေ့တိုင်တည်ရှိနေတဲ့ လက်နက်ကိုင်ပဋိပက္ခရဲ့ အခြေခံဇာစ်မြစ်ပဲ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ အစိုးရရဲ့

*စာမျက်နှာ ၁၀ သို့*

**"ကျွန်တော်တို့ အတူတကွပေါင်းစည်းနေထိုင်ဖို့၊ သဟဇာတဖြစ်ဖို့အတွက် လိုက်နာရမယ့် တာဝန်တွေ၊ စောင့်ထိန်းရမယ့် ဝတ္တရားတွေ၊ ဒီလိုနေထိုင်ခြင်းဖြင့် ရရှိလာမယ့်အခွင့်အရေးတွေ၊ ရည်မှန်းချက်တွေကို အကောင်အထည်ဖော် တည်ဆောက်ကြရာမှာ အသေးစိတ် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို ဒီမိုကရေစီနည်းလမ်းဖြစ်တဲ့ ငြိမ်းချမ်းစွာ စေ့စပ်ညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းနဲ့ ဆောင်ရွက်သွားရမှာဖြစ်"**

*စာမျက်နှာ ၉ မှ*

အချုပ်အခြာအာဏာကို ကာကွယ်ဖို့ တာဝန်ရှိတဲ့အဖွဲ့အစည်းပီသစွာ ကာကွယ်ရခြင်းပဲ ဖြစ်ပါတယ်။ ယနေ့ရှိနေဆဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဟာ ဘယ်လိုပေါ်ပေါက်ခဲ့တယ်၊ ဘယ်လိုအဖွဲ့အစည်းကနေ ဆင်းသက်လာခဲ့တယ်၊ မူလပေါ်ပေါက်လာရတဲ့အကြောင်းအရင်းတွေက ဘာတွေဆိုတာ အဖွဲ့အစည်းတွေကိုယ်တိုင်က အသိဆုံးဖြစ်ပါတယ်။

**ဦးစားပေးအနေနဲ့ နိုင်ငံရေးကိုဦးတည်ဆွေးနွေး**

အတိတ်မှာ ဘာတွေဖြစ်ခဲ့သည်ဖြစ်စေ၊ ကျွန်တော်တို့အနေနဲ့ အတိတ်ကိုလက်ညှိုးထိုးပြီး အပြစ်တင်နေလို့ ပိုမိုတိုးတက်လာစရာအကြောင်းမရှိပါဘူး။ လက်ရှိပစ္စုပ္ပန်ကာလ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်ရာမှာ တိုင်းရင်းသားအဖွဲ့အစည်းတွေ တော်တော်များများပြောဆိုနေတာက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဖြစ်ပါတယ်။ ဦးစားပေးဖြေရှင်းသင့်တဲ့ကိစ္စလည်း ဖြစ်ပါတယ်။ ဒီလို ဦးစားပေးဖြေရှင်းမှသာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပိုမိုမြန်ဆန်မှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ဆောင်ရွက်ရာမှာ တိုင်းရင်းသားတွေရဲ့အရေးကိစ္စကို ဦးစားပေးအဖြစ် အမြဲထည့်သွင်းထားရှိပါတယ်။ ဒါကြောင့် လက်ရှိဆောင်ရွက်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းမှာ တိုင်းရင်းသားတွေရဲ့ တောင်းဆိုမှုကိုလည်း ဦးစားပေးစဉ်းစားဆောင်ရွက်သင့်တယ်လို့လည်း ယူဆပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံ ဟာ တိုင်းရင်းသားတွေရဲ့ ငြိမ်းချမ်းရေးဆန္ဒကို ဦးစားပေးပြီး ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးကို ခွဲခြားပြီးမြင်တာက လက်တွေ့အလုပ်ဖြစ်နိုင်ပါလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ပင်လုံညီလာခံဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးရဖို့ လွတ်လပ်ရေးရပြီးရင် ပြည်ထောင်စုကို ဘယ်လိုတည်ဆောက်မလဲ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ဦးစားပေးအနေနဲ့ နိုင်ငံရေးကိုဦးတည်ဆွေးနွေးတာဖြစ်ပါတယ်။ ယခုကျင်းပပြုလုပ်နေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစု ပင်လုံ ကတော့ လက်နက်ကိုင်ပဋိပက္ခတွေကို ဦးဆုံး ဘယ်လိုရပ်တန့်ပစ်မလဲဆိုတဲ့ ငြိမ်းချမ်းရေးကို အဓိကထား ဦးတည်ဆွေးနွေးတာဖြစ်ကြောင်း ကျွန်တော်တို့ သတိပြုရမှာ ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာပဲဖြစ်ဖြစ်၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာပဲဖြစ်ဖြစ် တပ်မတော်အနေနဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ အကျိုးစီးပွား၊ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားကိုသာ အမြဲရှေးရှုဆောင်ရွက်ခဲ့ပါတယ်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်ဟာလည်း ဒီလုပ်ငန်းစဉ်တွေကို ဆောင်ရွက်ရာမှာ ခေတ်ကာလအခြေအနေ၊ အချိန်အခါပေါ်မှာမူတည်ပြီး တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်ခဲ့ကြမှာ ဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားတဲ့စိတ်**

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အတိတ်ကိုလက်ညှိုးထိုးအပြစ်တင်နေရုံနဲ့ လုပ်ငန်းစဉ်ကြီး ပြီးမြောက်စရာမရှိပါဘူး။ ပိုမိုအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့ လူမှုစီးပွားဘဝတည်ဆောက်နိုင်ဖို့ လက်ရှိပစ္စုပ္ပန်မှာရှိနေတဲ့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ယခင်က ဘာတွေမှားခဲ့ကြသလဲ၊ ဘာတွေလိုအပ်ချက်ရှိခဲ့ကြသလဲ ဒါတွေကို မှန်မှန်ကန်ကန်၊ အစွဲကင်းကင်းသုံးသပ်ပြီး ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားတဲ့စိတ်နဲ့ ရှေ့ကိုဆက်လုပ်သွားရင် ဒီလုပ်ငန်းစဉ်ကြီး အောင်မြင်ပြီးမြောက်မယ်လို့ အကြံပြုပြောကြားလိုပါတယ်။ ဒီလိုဆွေးနွေးရာမှာ သံသယစိတ်နဲ့ အတ္တလိုလားချက်တွေ ကြီးမားလွန်းရင်လည်း ထာဝရငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးမှုတွေမှာ မည်သို့မျှ မအောင်မြင်နိုင်ကြောင်း သတိပြုဖို့ လိုအပ်ပါတယ်။

ဒီနေရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေးအင်အားစုအချို့ပြောနေကြတဲ့ ဖက်ဒရယ်စနစ်အကြောင်းကို ပြောလိုပါတယ်။ ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး မိမိတို့ လိုရာ၊ သန်ရာကို အဓိပ္ပာယ်အမျိုးမျိုး၊ စံနှုန်းအမျိုးမျိုးဖွင့်ဆိုပြီး ဆောင်ရွက်နေကြတာတွေ့ရပါတယ်။ ဘယ်လောက်ပဲကွဲပြားခြားနားတဲ့ အဓိပ္ပာယ်တွေဖွင့်ဆိုပြီး စံနှုန်းအမျိုးမျိုး သတ်မှတ်ကြသည်ဖြစ်စေ အနှစ်သာရက "ပေါင်းစည်းခြင်း" (Together) နဲ့ "သဟဇာတဖြစ်မှု" (Hermony) ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ အတူတကွပေါင်းစည်းနေထိုင်ဖို့၊ သဟဇာတဖြစ်ဖို့အတွက် လိုက်နာရမယ့် တာဝန်တွေ၊ စောင့်ထိန်းရမယ့် ဝတ္တရားတွေ၊ ဒီလိုနေထိုင်ခြင်းဖြင့် ရရှိလာမယ့်အခွင့်အရေးတွေ၊ ရည်မှန်းချက်တွေကို အကောင်အထည်ဖော်တည်ဆောက်ကြရာမှာ အသေးစိတ် ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာကို ဒီမိုကရေစီနည်းလမ်းဖြစ်တဲ့ ငြိမ်းချမ်းစွာ ဈေးစပ်ညှိနှိုင်းအဖြေရှာခြင်းနည်းလမ်းနဲ့ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ဒီလို ဈေးစပ်ညှိနှိုင်းအဖြေရှာရာမှာလည်း မိမိလူမျိုး၊ မိမိပြည်နယ်၊ မိမိဒေသ၊ မိမိအဖွဲ့အစည်းတစ်ခုတည်းအတွက်ကိုသာ မကြည့်ဘဲ ပြည်ထောင်စုဆိုတဲ့အမြင်၊ We are Myanmar ဆိုတဲ့ တစ်ပေါင်းတစ်စည်းတည်းစိတ်တွေနဲ့ ညှိနှိုင်းဆွေးနွေးသွားမှ အလုပ်ဖြစ်နိုင်မှာ ဖြစ်ပါတယ်။

**ဖက်ဒရယ်စနစ် ကျင့်သုံးမှု**

ဒီနေ့၊ ဒီအချိန်မှာ အင်အားစုတော်တော်များများက ညွှန်ပြပြောဆိုနေတဲ့ ဖက်ဒရယ်စနစ်နဲ့ပတ်သက်လို့ တပ်မတော်အနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် လေ့လာခဲ့ပြီး ဆက်လက်ပြီးလည်း လေ့လာလျက်ရှိပါတယ်။ စာအုပ်စာတမ်းတွေက လေ့လာတာအပြင် ဒီစနစ်ကိုကျင့်သုံးနေတဲ့ နိုင်ငံတွေကိုသွားရောက်ပြီး လက်တွေ့လေ့လာခဲ့ပါတယ်။ တွေ့ရှိတာက ဖက်ဒရယ်စနစ်ကို ကျင့်သုံးမှုနဲ့ပတ်သက်ပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ မတူကြပါဘူး။ အဓိပ္ပာယ်ဖွင့်ဆိုမှု၊ ပြဋ္ဌာန်းထားမှု၊ လက်တွေ့ကျင့်သုံးနေမှုတွေက နိုင်ငံရဲ့နောက်ခံသမိုင်း၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ စုစည်းတည်ဆောက်ပုံနဲ့ အခြေအနေ၊ အချိန်အခါတွေအရ အမျိုးမျိုးကွဲပြားမှုတွေရှိနေတာ တွေ့ရပါတယ်။

> **"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အတိတ်ကိုလက်ညှိုးထိုးအပြစ်တင်နေရုံနဲ့ လုပ်ငန်းစဉ်ကြီး ပြီးမြောက်စရာမရှိပါဘူး။ ပိုမိုအေးချမ်းသာယာဖွံ့ဖြိုးတိုးတက်တဲ့ လူမှုစီးပွားဘဝတည်ဆောက်နိုင်ဖို့ လက်ရှိပစ္စုပ္ပန်မှာရှိနေတဲ့ ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ယခင်က ဘာတွေမှားခဲ့ကြသလဲ၊ ဘာတွေလိုအပ်ချက်ရှိခဲ့ကြသလဲ ဒါတွေကို မှန်မှန်ကန်ကန်၊ အစွဲကင်းကင်း သုံးသပ်ပြီး ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားတဲ့စိတ်နဲ့ ရှေ့ကိုဆက်လုပ်သွားရင် ဒီလုပ်ငန်းစဉ်ကြီး အောင်မြင်ပြီးမြောက်မယ်လို့ အကြံပြုပြောကြားလိုပါတယ်"**

ကျွန်တော်တို့နိုင်ငံနဲ့ အနီးစပ်ဆုံးတူညီနိုင်တဲ့ အိန္ဒိယနိုင်ငံရဲ့ ပြည်ထောင်စုစနစ်ကို လက်တွေ့အောင်မြင်စွာကျင့်သုံးနေပုံနဲ့ ပတ်သက်ပြီး လေ့လာတဲ့အခါ ဖက်ဒရယ်ဆိုတာ ခွဲထွက်ခွင့်မဟုတ်ကြောင်း၊ ဘယ်လိုဆောင်ရွက်ရမယ်ဆိုတာ ပုံသေသတ်မှတ်ထားခြင်းမရှိဘဲ မိမိနိုင်ငံ၊ မိမိလူမျိုး၊ ဒေသပထဝီနဲ့ သင့်လျော်တဲ့ပုံစံကို ဆောင်ရွက်ကြရကြောင်း တွေ့ရှိရပါတယ်။ ဒီမိုကရေစီဖက်ဒရယ်စနစ်ဆိုရာမှာလည်း အများသဘောတူညီတဲ့ပုံစံနဲ့ မိမိနိုင်ငံ၊ မိမိလူမျိုးရဲ့ အမျိုးသားအကျိုးစီးပွားနဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ ဗဟိုအစိုးရနဲ့ ဒေသအစိုးရတွေအကြား အာဏာခွဲဝေကျင့်သုံးခြင်းပင်ဖြစ်ကြောင်း တွေ့ရပြီး ၎င်းကဲ့သို့ ခွဲဝေကျင့်သုံးနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေပြုပိုင်ခွင့်ဇယားတွေနဲ့ တိကျစွာသတ်မှတ်ထားရှိကြောင်း တွေ့ရှိရပါတယ်။

**အခြေခံဥပဒေပြင်ဆင်ရေး ဆောင်ရွက်လျက်ရှိ**

ဒီနေရာမှာ ကျွန်တော်တို့စဉ်းစားရမှာက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ ကိစ္စပါ။ ဒီကိစ္စကို ကျွန်တော်တို့ ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားဖို့၊ အဖြစ်နိုင်ဆုံးနည်းလမ်းရှာဖွေဖို့ လိုအပ်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား (၁၊ ၂၊ ၃၊ ၅) ဥပဒေပြုစာရင်းတွေအတွက် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်တွေက ဘာဥပဒေတွေ ပြဋ္ဌာန်းခဲ့ကြပြီးပြီလဲ။ အဲဒီ ပြဋ္ဌာန်းပြီးဥပဒေအပေါ်အခြေခံပြီး မိမိတိုင်းဒေသကြီး၊ ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လောက်ဆောင်ရွက်နေကြပြီလဲ ပြန်လည်သုံးသပ်ရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ၂၀၁၅ ခုနှစ်အတွင်းက တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသတွေရဲ့ ဥပဒေပြုစာရင်းတွေကို ထပ်မံတိုးချဲ့လုပ်ပိုင်ခွင့်များ ပေးအပ်ခဲ့တဲ့အပေါ် လက်တွေ့မှာ ဘယ်လောက်အသုံးချနိုင်ပြီလဲ ပြန်လည်သုံးသပ်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ တပ်မတော်အနေနဲ့လည်း အခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ပြီး ပြင်ဆင်သင့်တာ ပြင်ဆင်ထိုက်တာတွေကို ပကတိအခြေအနေနဲ့ကိုက်ညှိပြီး ပြင်ဆင်နိုင်ဖို့ ဆောင်ရွက်လျက်ရှိနေသလို တပ်မတော်နဲ့ ခံယူချက်၊ ယုံကြည်ချက်တူညီတဲ့ အဖွဲ့အစည်းတွေနဲ့ပူးပေါင်းဆောင်ရွက်လျက်ရှိနေပါတယ်။

အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေ၊ ရပိုင်ခွင့်တွေ၊ တာဝန်ရှိမှုတွေဟာ စာထဲမှာ ပြဋ္ဌာန်းလိုက်ရုံနဲ့ ပြီးပြည့်စုံသွားတဲ့ကိစ္စတွေ မဟုတ်ပါဘူး။ ကျွန်တော်တို့အားလုံးက လက်တွေ့ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်တည်ဆောက်သွားရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ဆိုတာ ပြည်သူကိုဗဟိုပြုတဲ့စနစ်ဖြစ်လို့ အဲဒီလို ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်သွားနိုင်ရေး ကျွန်တော်တို့ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အသိပညာ၊ အတတ်ပညာမြင့်မားဖို့ လိုအပ်ပါတယ်။

**နိုင်ငံသူ နိုင်ငံသားတွေ ကိုယ်တိုင်ကြိုးစားရမှာဖြစ်**

အသိပညာဆိုတာ ဘဝမှာတွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေဖြစ်ပြီး အတတ်ပညာဆိုတာ သင်ယူရတဲ့ပညာ ဖြစ်ပါတယ်။ မိမိဖြတ်သန်းလာခဲ့ရတဲ့ အသိပညာတွေကို သင်ယူတတ်မြောက်ထားတဲ့ အတတ်ပညာတွေနဲ့ ပေါင်းစပ်ပြီး မိမိဒေသ၊ မိမိမြို့၊ မိမိတိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်အသုံးချရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို အောင်မြင်စွာတည်ဆောက်နိုင်ဖို့ ဘယ်သူကမှ လာရောက်ကြိုးပမ်းပေးမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒီမိုကရေစီ ဖော်ဆောင်ရမှာဖြစ်ပြီး တိုင်းရင်းသားပြည်သူလူထု၊ နိုင်ငံသူ နိုင်ငံသားတွေကပဲ ကိုယ်တိုင်ကြိုးစားရမှာ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ကြရာမှာ ကျွန်တော်တို့ဟာ မဖြစ်နိုင်တဲ့၊ နိုင်ငံရဲ့အခြေအနေနဲ့ မကိုက်ညီတဲ့ ဖြစ်လိုတဲ့ဆန္ဒတစ်ခုတည်းအပေါ် အာရုံစိုက်ဆောင်ရွက်နေမယ့်အစား ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေနဲ့ ကိုက်ညီသင့်လျော်တဲ့ ဖြစ်နိုင်ခြေတွေအပေါ်မှာ အာရုံစိုက်ဆောင်ရွက်တာက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်ထိရောက်စေမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာထက် ဇယား-၂၊ ၃ နဲ့ ၅ မှာ ကျွန်တော်တို့ ဘာတွေဖြည့်စွက်ပြင်ဆင်ပြီး ဘယ်လိုပြည့်စုံအောင်ဆောင်ရွက်ကြမလဲဆိုတဲ့ စဉ်းစားနည်းက ပိုမိုသဘာဝကျလိမ့်မယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်တဲ့ ပြည်ထောင်စုနိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံရဲ့ မည်သည့်တိုင်းဒေသကြီး၊ ပြည်နယ်မှာမှ သီးသန့်လူမျိုးစုတစ်ခုတည်းနေထိုင်ခြင်းမရှိဘဲ တိုင်းရင်းသားလူမျိုးပေါင်းစုံစုစည်းနေထိုင်လျက်ရှိပါတယ်။ အနည်းနဲ့အများသာ ကွာခြားပါတယ်။ ဒါဟာ အရှိတရားဖြစ်ပါတယ်။ ဒီအရှိတရားအပေါ်မှာ အခြေခံပြီးစဉ်းစားရင် တိုင်းဒေသကြီးတစ်ခု၊ ပြည်နယ်တစ်ခုမှာ လူမျိုးစုတစ်ခုတည်းအတွက် ရည်ရွယ်ပြီး ဥပဒေပြဋ္ဌာန်းရင် ဘယ်လိုအကျိုးဆက်တွေ ဖြစ်လာနိုင်သလဲဆိုတဲ့အဖြေကို စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့နိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားမဟုတ်တဲ့ နိုင်ငံသားတွေ ရှိပါတယ်။ တိုင်းရင်းသားနဲ့ နိုင်ငံသား မူလအခွင့်အရေးတွေ မတူကြပေမယ့် မြန်မာပြည်မှာနေပြီး မြန်မာစိတ်မွေး၍ တိုင်းပြည်ကောင်းရာကောင်းကျိုးကို အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေကြတာကိုလည်း တွေ့ရပါတယ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် စစ်မှန်တဲ့ဆန္ဒနဲ့ ပူးပေါင်းဆောင်ရွက်**

တပ်မတော်သားများအနေနဲ့ စစ်မှုထမ်းဆောင်ခြင်းဖြင့် တိုင်းပြည်နဲ့ ပြည်သူလူထုအပေါ် အကျိုးပြုလျက်ရှိပါတယ်။ တပ်မတော်ဟာ နိုင်ငံ့ခြံစည်းရိုးဖြစ်ပြီး ခြံစည်းရိုးလုံခြုံမှသာလျှင် တိုင်းပြည်လုံခြုံအေးချမ်းမှာ ဖြစ်ပါတယ်။ တိုင်းပြည်လုံခြုံအေးချမ်းမှုရှိမှသာလျှင် တိုင်းရင်းသားပြည်သူအားလုံး၊ နိုင်ငံသားအားလုံး လုပ်ကိုင်စားသောက်ဖို့ အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားများရဲ့ လုပ်အားစစ်စစ်နဲ့ ထွက်လာတဲ့ ထုတ်ကုန်ပစ္စည်းများကို ရောင်းကုန်ပစ္စည်းအနေနဲ့ ဝင်ငွေတိုးတက်လာအောင်၊ ပြည်သူတို့ရဲ့ ဝယ်လိုအားတိုးတက်လာပြီး လူမှုစီးပွားတိုးတက်အောင် ဆောင်ရွက်ဖို့က ယနေ့ ပကတိလိုအပ်ချက် ဖြစ်ပါတယ်။ ဒါတွေအတွက် တပ်မတော်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်တွေကို ကျေပွန်စွာထမ်းဆောင်နေသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာလည်း စစ်မှန်တဲ့ဆန္ဒနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ရဲ့ တာဝန်တွေကို ပြည်သူလူထုနဲ့ နိုင်ငံ့အကျိုးစီးပွားအပေါ်ရှေးရှုပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-

- NCA စာချုပ်ကို ကျွန်တော်တို့အားလုံး ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပြီး နိုင်ငံရဲ့ ငြိမ်းချမ်းရေးသမိုင်းမှာ မှတ်တိုင်သစ် စိုက်ထူခဲ့ကြတာကို ပြန်ပြောင်းသတိရပြီး ရှေ့ဆက်မယ့် ငြိမ်းချမ်းရေးခရီးစဉ်အတွက် အားသစ်၊ အင်သစ်၊ အတွေးအမြင်သစ်တွေမွေးပြီး လျှောက်လှမ်းသွားကြပါ။
- နိုင်ငံတည်ဆောက်ရေး၊ တိုင်းပြည်တည်ဆောက်ရေး ဆောင်ရွက်ကြရာမှာ ဟိုးယခင်ကရှိခဲ့တဲ့ အတွေးအမြင်တွေကို ခေတ်စနစ်နဲ့ လျော်ညီတဲ့ အတွေးအမြင်တွေနဲ့ အစားထိုးပြီး ရှေ့ဆက်လျှောက်လှမ်းကြပါ။
- ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာမှာ ကျွန်တော်တို့အားလုံးသည် မြန်မာဖြစ်သည်ဆိုတဲ့ ပြည်ထောင်စုစိတ်အရင်းခံပြီး ငြိမ်းချမ်းရေးကိုလိုလားတဲ့ စစ်မှန်တဲ့ဆန္ဒနဲ့ ဆောင်ရွက်သွားကြရင် ပြည်သူလူထုလိုလားတောင့်တနေတဲ့ ထာဝရငြိမ်းချမ်းရေးကို ထိရောက်လျင်မြန်စွာ ဖော်ဆောင်သွားနိုင်မှာဖြစ်ကြောင်း တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံရေးဆွေးနွေးပွဲများကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခြင်းဖြင့် နိုင်ငံရေးရလဒ်များကို ရရှိစေမှာဖြစ်

**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ကိုယ်စား KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး ပြောကြားသည့် အမှာစကား**

လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တကွ နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်အကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကြီးများ၊ နိုင်ငံတကာမှ ခေါင်းဆောင်ကြီးများနှင့် ဧည့်သည်တော်ကြီးများ ခင်ဗျား

ယခုလို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးသော (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား အမှာစကား ပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ တက်ရောက်လာကြသောခေါင်းဆောင်ကြီးများ ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းများဖြင့် ရှိကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် ဦးစွာ ပြောကြားလို ပါတယ်။

ဤအခမ်းအနားသို့ NCAကို လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတို့မှ စုံစုံလင်လင် တက်ရောက်ကြမည်ဟု မျှော်လင့်ထားကြသော်လည်း ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)အဖွဲ့မှ တက်ရောက်လာနိုင်ခြင်း မရှိသည့်အပေါ် လွန်စွာမှ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့တာ (၄)နှစ်ပြည့်လွန်မြောက်လာခဲ့ပြီးဖြစ်ပါတယ်။

### ယုံကြည်မှုတွေအားနည်းနေ

သို့သော်လည်း အခုထက်ထိတိုးတက်မှု များများစားစား မရရှိသေးတာက ယုံကြည်မှုတွေအားနည်းနေပြီး အာဃာတတရားတွေ၊ သံသယတွေ၊ စိုးရိမ်မှုတွေ၊ မုန်းတီးမှုတွေ အားကောင်းနေသေးတယ်လို့ ကျွန်တော်မြင်မိတယ်။ ကျွန်တော်တို့တတွေဟာ ဘာကို မယုံမကြည်ဖြစ်နေကြရတာလဲ၊ ဒါတွေကို ပြန်ဆန်းစစ်ရမှာဖြစ်ပြီး မှန်ကန်တဲ့၊ တရားမျှတတဲ့ နိုင်ငံရေးဆွေးနွေးပွဲများနဲ့

> **"ကျွန်တော်တို့ အားလုံးဟာ အပြန်အလှန် လေးစားအသိအမှတ်ပြုမှုကို ထားရှိကြပြီး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အရေးကြီးသည့်အချက်ကတော့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်မှာ ပါဝင်ပတ်သက်နေကြသည့် Stakeholder များအကြား ယုံကြည်မှုတည်ဆောက်ခြင်းပဲ ဖြစ်ပါတယ်၊ ယုံကြည်မှုရရှိရေးအတွက် ထင်သာမြင်သာရှိသည့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်ဟာလည်း မဖြစ်မနေဖော်ပြလုပ်ဆောင်သွားပေးဖို့ လိုအပ်ပါတယ်"**



KNU ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပုံဖော်အကောင်အထည်ဖော်ဆောင်ကြရမှာ ဖြစ်ပါတယ်။

NCA စာချုပ်ချုပ်ဆိုရခြင်း၏ ရည်ရွယ်ချက်ဟာ ပြည်ထောင်စုကြီးတွင် လွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ ယနေ့တိုင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခအားလုံးကို ချုပ်ငြိမ်းနိုင်စေရေးအတွက် နိုင်ငံရေးပြဿနာများကို စစ်ရေးဖြင့်မဟုတ်ဘဲ နိုင်ငံရေးနည်းဖြင့်သာ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာပြီး ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရေးပဲ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈)ဖွဲ့ဖြင့် ကနဦး ချုပ်ဆိုခဲ့ပြီး ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် မွန်ပြည်သစ်ပါတီ(MNSP) နှင့် လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU) တို့မှ ဆက်လက် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်အတွက် (၁၀)ဖွဲ့ ရှိခဲ့ပြီးဖြစ်ပါတယ်။

### ထပ်မံလက်မှတ်မရေးထိုးနိုင်သေး

ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဆိုသည့်အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာဆောင်နိုင်သည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲနိုင်ရေးအတွက် ကျန်ရှိနေသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတို့မှလည်း NCA ကို လက်မှတ်ရေးထိုးနိုင်ရန် အစိုးရမှသော် လည်းကောင်း၊ တပ်မတော်မှသော်လည်းကောင်း၊ NC A ကို လက်မှတ်ရေးထိုး ထားကြသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများမှသော်လည်းကောင်း မိမိနှင့်သက်ဆိုင်သည့် အခန်းကဏ္ဍမှ ကြိုးစားခဲ့ကြသော်လည်း ယနေ့ထိ ထပ်မံလက်မှတ်မရေးထိုးနိုင်သေးပါ။

ဒီအခြေအနေအပေါ် ကျွန်တော်တို့အားလုံးမှ ပြန်လည်သုံးသပ်ကြပြီး ကျန်ရှိနေသူများ NCA လက်မှတ်ရေးထိုးလာနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်လုပ်ဆောင်ကြရမှာလည်း ဖြစ်ပါတယ်။ သို့မှသာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်၏ အနှစ်သာရကို ပေါ်လွင်စေမှာဖြစ်ပြီး မိမိတို့အားလုံးမှ တည်ဆောက်ချင်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများကို အောင်အောင်မြင်မြင် ကျင်းပပြုလုပ်နိုင်ခြင်းဖြင့် နိုင်ငံရေးရလဒ်များကို ရရှိစေမှာ ဖြစ်ပါတယ်။

(၄)နှစ်တာကာလအတွင်း NCA စာချုပ်၏ ဦးတည်ချက်နှင့် ရည်ရွယ်ချက်ကို ရောက်ရှိဖို့ ကျွန်တော်တို့ ကြိုးစားခဲ့ကြပေမယ့် NCA ပါ စာသားများအပေါ် တူညီသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို မရရှိသေးသည့်အတွက် NCA အကောင်အထည်ဖော်မှုဆိုင်ရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့တွင်လည်း မိမိတို့နားလည်ထားကြသည့် အဓိပ္ပာယ်အရသာ အကောင်အထည်ဖော်နေကြသလိုဖြစ်နေပါတယ်။

အားလုံးတစ်သားတည်းကျတဲ့ အမြင်နဲ့ သုံးသပ်ချက်မဟုတ်ရင်တောင် ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ကျွန်တော်တို့ တည်ဆောက်ချင်သော လမ်းကြောင်းကနေ တိမ်းစောင်းသွားနေသည့် အခြေအနေသို့ တွန်းပို့လာနေတယ်ဆိုတာကို ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းအချို့က သုံးသပ်ထားကြတာတွေရှိသလို ပါဝင်ပတ်သက်နေကြသည့် အစုအဖွဲ့တွေကြားမှာ မယုံကြည်မှုတွေ၊ စိုးရိမ်ကြောင့်ကြမှုတွေ၊ အစွန်းရောက်မှုတွေ၊ အသာစီးရလိုမှုတွေရှိနေကြလို့ နိုင်ငံရေးဆွေးနွေးပွဲတွေကို မပြုလုပ်မကျင်းပနိုင်ခဲ့ကြဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရပ်တန့်နေတာဖြစ်တယ်လို့ ပြောနိုင်ပါတယ်။

### ဆက်လက်လျှောက်လှမ်းနိုင်ဖို့လို

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို အနှစ်သာရရှိရှိ ဆက်လက်လျှောက်လှမ်းနိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့ အားလုံးဟာ အပြန်အလှန် လေးစားအသိအမှတ်ပြုမှုကို ထားရှိကြပြီး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ အရေးကြီးသည့်အချက်ကတော့ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်မှာ ပါဝင်ပတ်သက်နေကြသည့် Stakeholder များအကြား ယုံကြည်မှုတည်ဆောက်ခြင်းပဲဖြစ်ပါတယ်၊ ယုံကြည်မှုရရှိရေးအတွက် ထင်သာမြင်သာရှိသည့် ယုံကြည်မှုတည်ဆောက်ရေးလုပ်ငန်းစဉ်ဟာလည်း မဖြစ်မနေဖော်ပြလုပ်ဆောင်သွားပေးဖို့ လိုအပ်ပါတယ်။

တစ်ပြိုင်တည်းမှာပဲ ဖြစ်ပေါ်နေတဲ့ တစ်ဆို့မှုတွေနဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားဖြတ်သန်းနိုင်ဖို့အတွက် ပါဝင်ပတ်သက်နေကြသည့် Stakeholder များအကြားမှာ ကျွန်တော်တို့အားလုံးဟာ ဘုံနားလည်မှု၊ ဘုံရည်မှန်းချက်တွေကို ရယူထားရှိခြင်းဖြင့် နည်းလမ်းများ ရှာဖွေနိုင်ကြမှာဖြစ်ပြီး ကျွန်တော်တို့ရဲ့ အန္တိမပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့တွေအနေနဲ့ NCA အရ သဘောတူထားခဲ့ကြသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူမှု၊ တန်းတူညီမျှမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်ဆိုသည့်အတိုင်း ဦးလည်မသုန် လုပ်ဆောင်သွားကြရမှာ ဖြစ်ပါတယ်။ နိဂုံးချုပ်အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးထားကြတဲ့ ကျွန်တော်တို့အားလုံးဟာ "ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံပြီး ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည့်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်သွားရန် အပြန်အလှန်သန္နိဋ္ဌာန်ချကြပါစို့။

ပါဝင်သက်ဆိုင်နေကြသော Stakeholder များအကြား ယုံကြည်မှုကို တည်ဆောက်ရင်း ကျွန်တော်တို့အားလုံးမှ အပြန်အလှန်လေးစားအသိအမှတ်ပြု၊ တန်ဖိုးထားမှုကိုအခြေခံပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို စုပေါင်းတည်ဆောက်သွားကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

---

# ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မူခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် အောက်တိုဘာ ၂၈**

ချင်းပြည်နယ် ဟားခါးမြို့နယ် ထာရ်(၁)အုပ်ချုပ်ရေးမှူးရုံးခန်း၌ အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

### အသိပညာပေးဟောပြော

အဆိုပါဟောပြောပွဲ၌ ဟားခါးမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် သိန်းထွန်းဦး ဦးစီးသည့် တပ်ဖွဲ့ဝင်များက ကျေးရွာနေပြည်သူများအား မှုခင်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး မိဘအုပ်ထိန်းသူများ သိသင့်သိထိုက်သည့်အချက်များ၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာအချက်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

ကိုရဲ



# NCA စာချုပ်ကို လေးနှစ်ပြည့်အောင် ထိန်းထားနိုင်တယ်ဆိုတာ အင်မတန်မှ ကြီးမားတဲ့လုပ်ဆောင်မှုဖြစ်ပါတယ်

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**

ပြည်တွင်းငြိမ်းချမ်းရေးသမိုင်းစာမျက်နှာသစ်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ ပထမအစည်းအဝေးကို ၂၀၁၆ ခုနှစ် ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ကျင်းပခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှ ၂၉ ရက်အထိကျင်းပခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၁)အဖြစ် ဖက်ဒရယ်ဆိုင်ရာအခြေခံမူ ၃၇ ချက်ကို ညီလာခံတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ၂၀၁၈ ခုနှစ် ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၂)အဖြစ် ဖက်ဒရယ်ဆိုင်ရာအခြေခံမူ ၁၄ ချက်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် စုစုပေါင်းဖက်ဒရယ်ဆိုင်ရာအခြေခံမူ ၅၁ ချက်ရရှိခဲ့ပြီး ဖြစ်သည်။



ဦးလှမောင်ရွှေ
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင်



တာလှဖေ
ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင်



ခွန်ဥက္ကာ(နာယက)
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ



ခွန်မြင့်ထွန်း(ဒုတိယဥက္ကဋ္ဌ)
ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO)



ပဒိုစောတာဒိုမူး
ကရင်အမျိုးသား အစည်းအရုံး(KNU) အထွေထွေအတွင်းရေးမှူး

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအပြီးတွင် နိုင်ငံရေးဆွေးနွေးပွဲများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ပြန်လည်သုံးသပ်ခြင်း၊ ပြန်လည်ဆွေးနွေးခြင်း၊ ဘုံနားလည်မှုရှာဖွေခြင်းများအတွက် တွေ့ဆုံဆွေးနွေးမှု ကြိမ်ဖန်များစွာပြုလုပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ–(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို နေပြည်တော်တွင် ကျင်းပခဲ့ရာ ပြည်သူများ၏ အနာဂတ်မျှော်လင့်ချက် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် အကောင်အထည်ဖော်ဆောင်နေမှုများနှင့် စပ်လျဉ်း၍ ပါဝင်တက်ရောက်ကြသူများ၏ စကားသံများကို စုစည်းဖော်ပြအပ်ပါသည် –

**ဦးလှမောင်ရွှေ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင်**

NCA ကို လွယ်လွယ်ကူကူရခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရေးပါတဲ့နေရာမှာရှိတယ်။ အဲဒီတော့ အခု ကျွန်တော်တို့ NCA လမ်းကြောင်းအတိုင်း ဆက်ပြီးဆောင်ရွက်နေတယ်။ အခု ကျွန်တော်တို့ NCA မှာ ပြဋ္ဌာန်းထားတဲ့ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေကိုလည်းဆောင်ရွက်နေဆဲဖြစ်တယ်။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကိုလည်း ကျွန်တော်တို့ ကျင်းပခဲ့တယ်။ သိပ်မကြာခင် ကာလမှာတော့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ကျင်းပဖို့ ပြင်ဆင်နေပါတယ်။ အောက်တိုဘာလ ၂၅ ရက်နေ့မှာ ဒီအစည်းအဝေးပွဲအကြို JICM ရဲ့ အစည်းအဝေးတွေကို လုပ်ခဲ့တာရှိပါတယ်။

ဒီနေ့ အခမ်းအနားပြီးရင်လည်း တိုင်းရင်းသားအဖွဲ့အစည်းတွေအနေနဲ့ နိုင်ငံတော်က တာဝန်ရှိတဲ့သူတွေနဲ့ တွေ့ဆုံဖို့ရှိပါတယ်။ NCA လမ်းကြောင်းအတိုင်း အောင်မြင်တဲ့အထိ ဆက်ပြီးလျှောက်လှမ်းသွားရမှာပါ။ NCA ရဲ့ လမ်းပြမြေပုံ ခုနစ်ခုရှိတဲ့အထဲမှာ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံတွေ ကျင်းပပြီး အဲဒီကနေ နိုင်ငံရေးသဘောတူညီချက်တွေရရှိအောင်လုပ်မယ်။ ပြီးရင် အဲဒါတွေကိုဆက်ပြီးတော့ အကောင်အထည်ဖော်မယ်။ မူအားဖြင့်တော့ ဒီမိုကရေစီနဲ့ဖက်ဒရယ်ပြည်ထောင်စုကို ဆွေးနွေးပွဲရလဒ်နဲ့အညီ ဆက်ပြီးတော့ ဆောင်ရွက်ရမှာ ဖြစ်တယ်။

ဒီနေ့ကျင်းပတဲ့ NCA နှစ်ပတ်လည်ကတော့ ယုံကြည်မှု တည်ဆောက်တဲ့ လုပ်ငန်းစဉ်ထဲက တစ်ခုပါပဲ။ အစိုးရ၊ တပ်မတော်အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဘက်ကလည်း ယုံကြည်မှုတည်ဆောက်ပြီး ဆက်သွားရမယ်။ ဒီခရီးကိုစိတ်ရှည်သည်းခံပြီးတော့ အချိန်တစ်ခုပေးရမယ်။ အရေးကြီးဆုံးကတော့ ယုံကြည်မှုရှိရမယ်။ အဲဒီတော့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ အောင်မြင်အောင် ဝိုင်းဝန်းကူညီပေးကြဖို့ ဒီနေရာကနေ မေတ္တာရပ်ခံလိုပါတယ်။

ကျွန်တော်တို့ အလုပ်အမှုဆောင်အဖွဲ့တွေနဲ့ တိုင်းရင်းသားအဖွဲ့တွေကတော့ လာမယ့် နှစ်ဦးပိုင်း ဇန်နဝါရီလ၊ ဖေဖော်ဝါရီလမှာ ညီလာခံကျင်းပဖို့ အဆိုပြုထားတာရှိတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလ ၂၅ ရက်က NRPC မှာလုပ်တဲ့ အကြိုဆွေးနွေးပွဲမှာတော့ အားလုံးသဘောတူထားတယ်။ ဘယ်တော့လောက် လုပ်မလဲဆိုတာကို ပြန်ညှိရဦးမယ်။ ပြီးရင် နိုင်ငံရေးပါတီတွေဘက်ကလည်း ၂၄ ပါတီရှိတဲ့အတွက် သူတို့ဘက်မှာလည်း ပြန်ညှိရမယ်။ မနှစ်က NCA နှစ်ပတ်လည် လုပ်ပြီးတဲ့အချိန်မှာ အခက်အခဲအချို့ရှိခဲ့တဲ့အတွက် တရားဝင်ဆွေးနွေးပွဲတွေထက် အလွတ်သဘော ဆွေးနွေးပွဲတွေနဲ့သွားခဲ့ရတယ်။ အဲဒါတွေရပ်လိုက်ပြီး တရားဝင်ဆွေးနွေးပွဲတွေလုပ်ဖို့ ပြင်ဆင်နေတော့ သိပ်မကြာခင် ၂၀၂၀ နှစ်ဆန်းပိုင်းမှာပဲ ညီလာခံတစ်ရပ် ကျင်းပပြီးတော့ ဖက်ဒရယ်နဲ့ ပတ်သက်တဲ့မူဝါဒတွေလည်း ရနိုင်မယ်။ အားလုံးမပြီးရင်တောင် ပြီးနိုင်သလောက်တော့ ရလိမ့်မယ်လို့ ယုံကြည်တယ်။

ကျွန်တော့်အမြင်ကတော့ စိန်ခေါ်မှုသုံးခုတွေ့တယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ များတယ်။ NCA လက်မှတ်ထိုးထားတဲ့ ၁၀ ဖွဲ့ရှိတယ်။ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့ ရှစ်ဖွဲ့ ရှိတယ်။ ဒီအပေါ်မှာ ညှိရတာအခက်အခဲတစ်ခုရှိတယ်။ နောက်တစ်ချက်က ပဋိပက္ခက ရှည်ကြာခဲ့တဲ့အခါ ယုံကြည်မှုတည်ဆောက်တဲ့ လုပ်ငန်းစဉ်က ထင်သလောက် မမြန်ဘူး။ အဲဒါကို ဝိုင်းပြီးတော့လုပ်ဖို့လိုတယ်။ တတိယတစ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုကိုက ကိုယ်နဲ့ မတူတာကို ညှိနှိုင်းမယ်ဆိုတာကို အခုမှစမ်းပြီးတော့ လုပ်ကြရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က အနည်းငယ်ပိုကြာတယ်လို့ ထင်ရတာဖြစ်ပါတယ်။

**တာလှဖေ**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူး အဖွဲ့ဝင်**

ငြိမ်းချမ်းရေးဖြစ်စဉ်ကတော့ အားလုံးဝိုင်းတွန်းရင်ရွှေ့မှာပါ။ ဒီငြိမ်းချမ်းရေးဖြစ်စဉ်ထဲမှာ မြန်မြန်ထက်ထက် အားလုံးပါဝင်လာနိုင်ပါစေလို့ ဆုတောင်းပါတယ်။ အခု ကျွန်တော်တို့က လွှတ်တော်၊ တပ်မတော်၊ အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေးပါတီတွေပါတဲ့ UPDJC ကတော့ အစွမ်းကုန်ကြိုးစားနေတယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ NCA လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေ ပါဝင်လာဖို့ကိုလည်း NRPC က ဦးဆောင်ပြီးတော့ လုံးပန်းနေကြတယ်။ အခု ကျွန်တော်တို့ ဘာလုပ်ရမလဲဆိုရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံက တစ်နှစ်ကို နှစ်ကြိမ်ကျင်းပဖို့ လျာထားတာ၊ မကျင်းပနိုင်ခဲ့ဘူး။ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ –(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို ဒီအစိုးရလက်ထက်မှာကျင်းပနိုင်အောင်ကြိုးစားမယ်။ စတုတ္ထအကြိမ်ကျင်းပမယ့် ညီလာခံမှာတော့ ရှေ့ကိုဘယ်အစိုးရပဲတက်တက် ရွေးကောက်ပွဲဘယ်လိုပဲပြီးပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကိုတော့ ဆက်ပြီးဆောင်ရွက်ကြဖို့ သဘောတူညီချက်တစ်ခုတော့ရအောင် တည်ဆောက်သွားချင်ပါတယ်။

**ခွန်ဥက္ကာ(နာယက)**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)**

လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရပ်တန့်နေတာမဟုတ်ပါဘူး။ သိသိသာသာ မမြင်ရပေမယ့် အောက်မှာ တွေ့ဆုံမှုတွေက အများကြီးရှိပါတယ်။ ဒီနေ့ ပြုလုပ်တဲ့ NCA (၄) နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်ပွဲကလည်း တရားဝင်နိုင်ငံရေးဆွေးနွေးပွဲ လမ်းကြောင်းပေါ်ကို ခြေတစ်လှမ်းထပ်တိုးတယ်လို့ပြောလို့ရပါတယ်။ NCA လမ်းကြောင်းကနေ ငြိမ်းချမ်းရေးရဖို့ မျှော်လင့်ချက်တွေ အများကြီးရှိပါတယ်။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွေ နှေးကွေးသွားတာဟာ အကြောင်းအမျိုးမျိုးရှိပြီး ဒီလုပ်ငန်းစဉ်တိုင်းမှာပါဝင်တဲ့ အင်အားစုအားလုံးမှာ တာဝန်ရှိပါတယ်။

အထူးသဖြင့် NCA မှာပါတဲ့ ဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ နားလည်မှုလွဲမှားတာလေးတွေရှိတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်ဆိုတဲ့စာအုပ်ကို ကျွန်တော်ကိုယ်တိုင်လည်း ရေးပါတယ်။ သို့သော် ဘုံသဘောတူညီချက်မရဘူး။ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဘုံတူညီစွာ လက်ခံတယ်ဆိုပြီး လက်မှတ်ရေးထိုးထားတာမရှိတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို လိုအပ်သလို ကိုယ့်အတွက် အကျိုးရှိမယ့်ဘက်ကို ဆွဲပြီးတော့ အဓိပ္ပာယ်ဖွင့်ကြတယ်။ ဒါတွေဟာ နားလည်မှုလွဲဖို့ အခြေခံအကြောင်းတရားတွေပဲဖြစ်ပါတယ်။ ဒါကြောင့် NCA ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဘုံသဘောတူညီချက်ရမယ်ဆိုရင် ငြိမ်းချမ်းရေးအတွက် အများကြီး အလုပ်ဖြစ်မှာ ဖြစ်ပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**
**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ**

ဒီနေ့က NCA စာချုပ် လက်မှတ်ရေးထိုးခဲ့တာ လေးနှစ် ပြည့်ပါပြီ။ NCA စာချုပ်ကို လေးနှစ်ပြည့်အောင် ထိန်းထားနိုင်တယ်ဆိုတာ အင်မတန်မှ ကြီးမားတဲ့လုပ်ဆောင်မှုဖြစ်ပါတယ်။ ကျွန်တော်တို့ အားလုံး NCA လမ်းကြောင်းအတိုင်း နိုင်ငံရေးဆွေးနွေးပွဲတွေ တစိုက်မတ်မတ် လုပ်နိုင်ခဲ့တယ်။ သို့သော် ပြီးခဲ့တဲ့နှစ်ကစပြီး ဒီနေ့အထိ နည်းနည်းတစ်ဆို့မှုကလေးတွေ ရှိတယ်ဆိုတာလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ အကောင်းဆုံးဖြစ်အောင် ကြိုးစားဆောင်ရွက်နေပေမယ့် အကောင်းဆုံး မဖြစ်လာသေးတဲ့အတွက် ပြည်သူလူထုကို အနူးအညွတ်ပဲမေတ္တာရပ်ခံချင်ပါတယ်။ NCA ရေးထိုးတာ သုံးနှစ်ပြည့်ပြီးတဲ့နောက်ပိုင်းမှာ တစ်ဆို့မှုလေးတွေ ရှိနေတာကို ကျွန်တော်တို့ ပြန်ပြီးတော့ အစပျိုးနိုင်ဖို့အတွက် JICM အစည်းအဝေးခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။

အောက်တိုဘာလ ၂၅ ရက်နေ့မှာ နေပြည်တော်မှာပဲ JICM ညှိနှိုင်းရေး အစည်းအဝေး ကျွန်တော်တို့ ကျင်းပခဲ့ပါတယ်။ ရလဒ်ကောင်းတွေလည်း အများကြီးထွက်လာပါတယ်။ JICM ကိုသာ ကျွန်တော်တို့ ပြန်ပြီးတော့ ခေါ်ယူနိုင်မယ်ဆိုရင် ငြိမ်းချမ်းရေးဖြစ်စဉ် NCA လမ်းကြောင်းအတိုင်း အပြည့်အဝ အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒီကနေ့ကျင်းပတဲ့ နှစ်ပတ်လည်ပွဲဟာ ပျော်ရွှင်တဲ့ပွဲ ဖြစ်ပါတယ်။ ပျော်ပျော်ရွှင်ရွှင်နဲ့လုပ်တဲ့ပွဲကနေ ငြိမ်းချမ်းရေးရသည်အထိ ကျွန်တော်တို့ ဝိုင်းပြီးတော့ ဆောင်ရွက်ဖို့ ပြည်သူထုထုတစ်ရပ်လုံးကို အလေးအနက် တိုက်တွန်းချင်ပါတယ်။ နှောင့်နှေးမှု၊ အဆင်မပြေမှုတွေ ရှိတယ်ဆိုတာလည်း ကျွန်တော် ရိုးသားစွာဝန်ခံချင်ပါတယ်။ ကျွန်တော်တို့လည်း အားလုံးဝိုင်းဝန်းကြိုးစားပြီး အကောင်းဆုံးလုပ်ပါ့မယ်လို့ ကတိပေးချင်ပါတယ်။

**ခွန်မြင့်ထွန်း(ဒုတိယဥက္ကဋ္ဌ)**
**ပအိုဝ်းအမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်(PNLO)**

ကျွန်တော်တို့ NCA အကောင်အထည်ဖော်တာ လေးနှစ်ရှိခဲ့ပါပြီ။ ငြိမ်းချမ်းရေးဖြစ်စဉ်က လွယ်လွယ်ကူကူတော့ သွားနေရတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ တိုင်းပြည်မှာ NCA စာချုပ်လိုမျိုး ခိုင်ခိုင်မာမာချုပ်ဆိုပြီး ငြိမ်းချမ်းရေးဖြစ်စဉ်မှာ နိုင်ငံရေးဆွေးနွေးတာ ဒီတစ်ခုပဲရှိပါတယ်။ NCA က ငြိမ်းချမ်းရေး ဖြစ်စဉ်အတွက်ကတော့ အလုပ်လုပ်လို့ရတဲ့ အကောင်းဆုံးတစ်ခုဖြစ်ပါတယ်။ လောလောဆယ်မှာ NCA မှာ မပါဝင်သေးတဲ့အဖွဲ့တွေကိုလည်း တစ်ချိန်မှာ NCA မှာ ပါဝင်နိုင်မယ်လို့

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၂ မှ*

မျှော်လင့်ပါတယ်။ အကောင်အထည်ဖော်တဲ့အခါမှာ အထူးအားဖြင့် ယုံကြည်မှုက အဓိကကျပါတယ်။ ဆွေးနွေးဘက်တွေကြားမှာ အပြန်အလှန်ယုံကြည်မှုတွေပေးမှ NCA ကိုအကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ NCA မှာပါတဲ့အချက်တွေ ဘယ်လောက်ပဲကောင်းကောင်း အဓိကဖြစ်တဲ့ ယုံကြည်စိတ်က အားနည်းနေဦးမယ်၊ တကယ့်ငြိမ်းချမ်းရေးကိုလိုချင်တဲ့ စိတ်ဆန္ဒကလည်း ပြောရလောက်အောင် မရှိသေးဘူးဆိုရင် NCA အကောင်အထည်ဖော်ဖို့က အနည်းနဲ့ အများတော့ အားနည်းနေဦးမှာဖြစ်ပါတယ်။ နိုင်ငံရေးစိတ်ဆန္ဒ ၊ အပြန်အလှန်ယုံကြည်မှုများတာနဲ့ အမျှ NCA အကောင်အထည်ဖော်မှုက မြန်မြန်ဆန်ဆန် ပီပီပြင်ပြင်ဖြစ်လာပြီး ကျွန်တော်တို့ တိုင်းပြည်ဟာ ငြိမ်းချမ်းရေးရလာနိုင်မှာဖြစ်ပါတယ်။

NCA ကို ကျွန်တော်တို့ လက်မှတ်ထိုးလိုက်တဲ့အခါမှာ သမိုင်းအပြောင်းအလဲဖြစ်ပါတယ်။ အဲဒါဘာလဲဆိုရင် တပ်မတော်က NCA ကို လက်မှတ်ထိုးလိုက်တဲ့အခါမှာ ဖက်ဒရယ်မူဆိုတာ ပေါင်းစည်းရေးပဲလို့ လက်ခံပြီး လက်မှတ်ရေးထိုးပေးလိုက်တာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ သမိုင်းဆိုင်ရာ အပြောင်းအလဲ ဖြစ်ပါတယ်။ နောက်တစ်ခုက အခုလို ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်တဲ့အခါမှာ ပြည်သူလူထုရဲ့ မျက်စိအောက်မှာအားလုံးက အလုပ်လုပ်ကြရတာဖြစ်ပါတယ်။ နိုင်ငံတကာ အပါအဝင် ပြည်သူလူထုမျက်စိအောက်မှာ အလုပ်လုပ်ကြရတာကိုက ထိန်းကျောင်းမှုတစ်ခုဖြစ်နေတယ်လို့ ထင်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်အောင်မြင်ဖို့က အဓိက အချက် နှစ်ချက်ရှိပါတယ်။ တစ်ချက်က အင်အားသုံးဖြေရှင်းတာတွေမလုပ်ဘဲ နိုင်ငံရေးဆွေးနွေးမှုကို အခြေခံရမယ်။ နောက်တစ်ခုက ပြည်သူလူထုပါဝင်ပြီး ပြည်သူလူထုပိုင်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ဖြစ်မှ အောင်မြင်မှုရရှိမှာဖြစ်ပါတယ်။

**ပဒိုစောတာဒိုမူး**

**ကရင်အမျိုးသားအစည်းအရုံး(KNU)**

**အထွေထွေအတွင်းရေးမှူး**

ဖြတ်သန်းခဲ့တဲ့ လေးနှစ်တာ အတွေ့အကြုံထဲမှာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကျွန်တော်တို့ အတူတကွ ဘယ်လိုရှေ့ဆက် အကောင်အထည်ဖော်ရဦးမယ်ဆိုတာက အရေးအကြီးဆုံးပဲဖြစ်ပါတယ်။ အခက်အခဲကတော့ ရှိမယ်။ မတူညီတဲ့စနစ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ရတဲ့ လူမှုအသိုင်းအဝိုင်းမှာ ကြီးပြင်းလာခဲ့ရတဲ့အခါ ကျွန်တော်တို့ ချက်ချင်းအဖြေရှာနိုင်ဖို့ဆိုတာထက် အဖြေ ရအောင် တစိုက်မတ်မတ်နဲ့ ရှေ့ဆက်သွားကြမယ်ဆိုတာက အရေးကြီးပါတယ်။ NCA အပေါ်မှာ နားလည်မှုတွေက မတူကြဘူး။ အဓိပ္ပာယ်ဖွင့်ဆိုမှုတွေ မတူကြဘူးဆိုတာ အဓိက ဖြစ်ပါတယ်။

NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေအနေနဲ့ တာဝန်ရှိတာက ထင်သာမြင်သာရှိတဲ့ တိုးတက်မှုတွေပြနိုင်ဖို့ ကျွန်တော်တို့ ကြိုးစားဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ မကြိုးစားနိုင်ဘူးဆိုတဲ့ အနေအထားမျိုးကို ရောက်နေတဲ့အခါ တစ်ဖက်က လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေအတွက်က စဉ်းစားစရာ ဖြစ်ပါတယ်။ ကျွန်တော်တို့ တစိုက်မတ်မတ်နဲ့ လိုချင်တာကိုဆက်သွားနိုင်အောင် အဖြေရှာဖို့ လိုပါတယ်။ အနှစ် ၇၀ ကျော်ကာလမှာ တစ်ခါမှ မရှိဘူးတဲ့ နိုင်ငံရေးဆွေးနွေးပွဲဆိုတာမျိုး ခေါင်းထဲဝင်လာပါတယ်။ ဖက်ဒရယ်ဆိုတဲ့ အယူအဆတွေ လက်ခံလာတယ်။ မတူညီတဲ့ အခြေခံတွေကို လက်ခံစဉ်းစားမှုတွေ ရောက်လာတယ်ဆိုတာ တိုးတက်မှုပါပဲ။

ကျွန်တော်တို့ နားလည်တာ NCA ကို နှစ်ဖက်ကတူညီတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မျိုးရအောင် ဆက်ဆွေးနွေးရမယ့် အပိုင်းတစ်ပိုင်းမရှိသေးတာက လောလောဆယ်ကြုံတွေ့နေရတဲ့ ပြဿနာရဲ့ အခြေခံအရင်းအမြစ်ဖြစ်ပါတယ်။ ဒီနိုင်ငံကို ဖက်ဒရယ်နဲ့ အခြေခံတည်ဆောက်သွားမယ်ဆိုတဲ့ ကတိကဝတ်နဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို အခြေခံပြီးသွားရမယ်ဆိုတဲ့ ကတိကဝတ်မျိုး ရခဲ့ပါတယ်။ ဘယ်လိုနိုင်ငံရေး ဆွေးနွေးပွဲမျိုးလဲဆိုတာမျိုးကို ကျွန်တော်တို့ကြားမှာရှင်းရှင်းလင်းလင်းနဲ့ ဆွေးနွေးရမယ့် အပိုင်းတွေလိုအပ်ပါတယ်။ ဒီအပိုင်းနဲ့ ပတ်သက်လို့ အဆင့် လေးဆင့်ဆိုတဲ့ အခြေခံပေါ်မှာ မူတည်ပြီး ရှေ့ဆက်သွားဖို့ ရှိပါတယ်။ ဒီအခြေခံပေါ်မှာ မူတည်ပြီး ဆက်လက်ညှိနှိုင်းရင်းနဲ့ ကွာဟနေတဲ့ ကွာဟချက်တွေကို တတ်နိုင်သမျှ နည်းလာအောင် ကြိုးစားပြီး ဆက်လက် ဆွေးနွေးသွားနိုင်ဖို့ ရည်ရွယ်ထားတာ ရှိပါတယ်။

**သတင်းအဖွဲ့**

# အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် မြန်မာရေးရာအဖွဲ့တို့ ပူးပေါင်းစီစဉ်သည့် အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရွှေဥဒေါင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က အမှာစကားပြောကြားပြီး အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်နှင့် အကျဉ်းထောင်အတွင်း စာကြည့်တိုက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာရေးရာလေ့လာရေးအဖွဲ့ အဖွဲ့ဝင် စာရေးဆရာမောင်ဇေယျာက မြန်မာရေးရာလေ့လာရေးအဖွဲ့၏ လုပ်ငန်း ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဟံသာဝတီဦးအုန်းကြိုင်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုပြန်ကြားရေးကော်မတီအတွင်းရေးမှူး စာရေးဆရာ မုံရွာအောင်ရှင်တို့က မုဒိတာစကားများ ပြောကြားကြသည်။


ဆက်လက်၍ စိတ်ကူးချိုချိုစာအုပ်တိုက်မှ အယ်ဒီတာ ဦးလေးမြတ်နှင့် စာအုပ်တိုက်များမှ အလှူရှင်များကိုယ်စား DVB သတင်းဌာနမှ ဆရာ မောင်သာမညတို့က စာအုပ်များ ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် မြန်မာရေးရာလေ့လာရေးအဖွဲ့ အဖွဲ့ဝင် စာရေးဆရာ မောင်ဇေယျာတို့က လက်ခံကြပြီးအကျဉ်းထောင်စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရေးအတွက် ဆက်လက်လှူဒါန်းမည့် အစီအစဉ်နှင့် ရှေ့လုပ်ငန်းစဉ်များကို တက်ရောက်လာကြသူများကဆွေးနွေးကြသည်။

ယင်းနောက် အကျဉ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအေးသွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့ လှူဒါန်းပွဲတွင် စိတ်ကူးချိုချို၊ ပုဝံ၊ သာလွန်၊ လင်းလွန်းခင်၊ ပဥ္စဂံစာအုပ်တိုက်၊ The Key Collection၊တကောင်းစာပေ၊ လောကမွန် စာကြည့်တိုက်၊ ဆုရောင်စဉ်စာကြည့်တိုက်နှင့် မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ပန်းမန်အသင်းနှင့် စာရေးဆရာများက ငွေကျပ် ၁၇၁ သိန်းကျော် တန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများရှိ အကျဉ်းထောင်စာကြည့်တိုက်များအတွက် စာအုပ်စာစောင် လှူဒါန်းလိုသည့် စေတနာရှင်များအနေဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဦးကျော်စွာ ဖုန်း - ၀၉ - ၄၂၀၇၃၀၆၁၁၊ လောကအမွန်စာကြည့်တိုက် ဦးကြည်ဝင်း ဖုန်း- ၀၉- ၅၁၁၉၇၁၀ နှင့် မြန်မာရေးရာလေ့လာရေးအဖွဲ့ ဦးရဲမြင့်ကျော် ဖုန်း- ၀၉-၇၆၆၆၈၇၂၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## စာအုပ်စာပေ လူ့မိတ်ဆွေ

ဖိလစ်ပိုင်နိုင်ငံ ကလက်မြို့၌ အောက်တိုဘာ၂၈ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် တတိယအကြိမ်နိုင်ငံအလိုက် အားကစားအဖွဲ့ခေါင်းဆောင်များ၊ အစည်းအဝေးနှင့် ဆီးဂိမ်းပြိုင်ပွဲဝင်ရန် အားကစား ကိုယ်စားလှယ်များ အကြိုစာရင်းသွင်းခြင်း အစည်းအဝေးသို့ တက်ရောက်ရန် အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်ဇင်မိုး၊ ညွှန်ကြားရေးမှူး ဦးစိုးမိုးနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထက်မွန်တို့အား အောက်တိုဘာ၂၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ အာကာစိုး

❑ *ကျောဖုံးမှ*

တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် ပွဲချိန် ၂၁မိနစ်တွင် တိုမီနေးက မန်ယူအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး မိနစ်၃၀ တွင် ရက်ရှ်ဖို့ဒ်နှင့် ၇၂မိနစ်တွင် မာရှယ်တို့က သွင်းယူခဲ့သည်။ အိမ်ရှင် နော်ဝှစ်ချ်အတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၈၈မိနစ်တွင် ဟာနန်ဒက်ဇ်က သွင်းယူပေးခဲ့သည်။ ယင်းပွဲတွင် မန်ယူအသင်း ပယ်နယ်တီအခွင့်အရေးကို ပွဲချိန် ၂၉မိနစ်နှင့် ၄၄မိနစ်တွင် နှစ်ကြိမ်ရရှိကာ ရက်ရှ်ဖို့ဒ်နှင့်မာရှယ် သွင်းယူခဲ့ပြီး နော်ဝှစ်ချ် ဂိုးသမားတင်ခရူးလက်စွမ်းပြကာကွယ်နိုင်ခဲ့သည်။ တစ်ချိန်တည်း ယှဉ်ပြိုင်ခဲ့သည့် အာဆင်နယ်နှင့် ပဲလေ့စ်ပွဲတွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ပြီး နယူးကာဆယ်နှင့် ဝုလ်ပွဲတွင်လည်း တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**သီဟ**

# အဌမအကြိမ် Air KBZ ရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ ငါးနိုင်ငံ စိန်ခေါ်ပွဲ ရန်ကုန်မြို့တွင် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၂၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာမာရှယ်အက် Group ကုမ္ပဏီလီမိတက်က ကြီးမှူးကျင်းပသည့် အဌမအကြိမ် Air KBZ ရွှေအောင်လံမြန်မာ့ရိုးရာလက်ဝှေ့ ငါးနိုင်ငံ စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ သိမ်ဖြူအားကစားရုံတွင် နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ယှဉ်ပြိုင်မည့်တွဲဆိုင်းများမှာ တူးတူး(မြန်မာ)နှင့် တိုခဲရှိ(ဂျပန်)၊ စိုးလင်းဦး (ဒို့ရိုးရာ-မြန်မာ) နှင့် ရာမဉ် (ရွှေဒေါ်ပုံ-မြန်မာ)၊ စောရွှေလေး(မြန်မာ)နှင့် ချက်တာပင်(ထိုင်း)၊ ရဲသွေးနီ (တောင်ကလေး-မြန်မာ) နှင့် အောက်ချင်းလေး (တောင်ဇလပ်-မြန်မာ)၊ စောဒါဝိတ်(တောင်ကလေး-မြန်မာ)နှင့် နိုင်ဝင်းထွန်း (ရာမညအားမာန်-မြန်မာ)၊ ဘရောနီကာ(မြန်မာ)နှင့် ပိရိယပ်(အီတလီ) တို့ဖြစ်ကြသည်။

သိုင်းပြောင်းပြန်နှင့် ရိုးရာလက်ဝှေ့အထူးစိန်ခေါ်ပွဲအဖြစ် မော်ဘီဇာမဏီ (သိုင်းပြောင်းပြန်) မြန်မာနှင့် စောနီကိုး (ရိုးရာ လက်ဝှေ့) ဂျာမနီတို့ ပါဝင်ထိုးသတ်မည်ဟု သိရသည်။

အဆိုပါ Air KBZ ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို နှစ်စဉ်တစ်နှစ်တစ်ကြိမ် ကျင်းပလာရာ ယခု(၈)ကြိမ်မြောက်ဖြစ်ပြီး ဝင်ခွင့် လက်မှတ်တန်ဖိုးမှာ ငွေကျပ် သုံးသောင်းမှ ငွေကျပ် နှစ်သောင်း၊ ငွေကျပ်တစ်သောင်း ဖြစ်သည်ဟု သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**



# လက်ဘနွန်မှ ဆန့်ကျင်ဆန္ဒပြသူများ အဓိကလမ်းများကို ပိတ်ဆို့ဆန္ဒပြ



အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးတို့အတွက် ဆန္ဒပြနေကြသည့် လက်ဘနွန်ပြည်သူများကို တွေ့ရစဉ်။

**ဘေရွတ် အောက်တိုဘာ ၂၈**

လက်ဘနွန်နိုင်ငံတွင် နိုင်ငံရေးစနစ်ကွဲပြားမှုများကို ပြင်ဆင်ရန်နှင့် အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရန် ပြည်သူတို့၏ တောင်းဆိုမှုများကို အလေးထားလာစေရေး ဆန္ဒပြသူများသည် အောက်တိုဘာ ၂၈ ရက်က လမ်းမထက်တွင် အတားအဆီးများ ပိတ်ဆို့ကာ ဆန္ဒပြခဲ့ကြသည်ဟု သိရသည်။

လက်ဘနွန်ခေါင်းဆောင်များ၏ မေတ္တာရပ်ခံချက်ကို ဆန့်ကျင်ကာ ဆန္ဒပြသူများသည် တောင်-မြောက် အဝေးပြေးကားလမ်းမကြီးအပါအဝင် အဓိကလမ်းများကို ပိတ်ဆို့ရန် ကြိုးစားခဲ့ကြသည်။ ယာဉ်ပိုင်ရှင်များက ကားများဖြင့် လမ်းမများကိုပိတ်ရန် နှိုးဆော်မှုများကို အောက်တိုဘာ ၂၇ ရက်က လူမှုကွန်ရက် မီဒီယာပေါ်မှတစ်ဆင့် ပြုလုပ်ခဲ့သည်။

အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် အဓိကလမ်းမအချို့မှာ မော်တော်ယာဉ်များဖြင့် ပိတ်ဆို့ခံထားရပြီး အခြားတစ်ဖက်တွင်မူ ဆန္ဒပြသူများက လမ်းမပေါ်ပိတ်ထိုင်ကာ လမ်းပိတ်ခဲ့ကြသည်။ ၁၁ ရက်ကြာ ပိတ်ဆို့မှုများ ပြုလုပ်ပြီးနောက် တိုင်းပြည်အတွင်း လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှု မဖြစ်စေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လမ်းများကို ပြန်ဖွင့်ပေးရေး ကြိုးပမ်းနိုင်လိမ့်မည်ဟု ခန့်မှန်းထားကြသည်။

လက်ဘနွန်တပ်ဖွဲ့မှ ဦးဆောင်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးအေဂျင်စီများ ပူးပေါင်းကာ သီတင်းပတ်အကုန်တွင် လမ်းများပြန်ဖွင့်နိုင်ရေး ပြုလုပ်သွားမည်ဟု လက်ဘနွန်တပ်ဖွဲ့က ပြောသည်။

ဆန္ဒပြသူများက ပိုမိုလွတ်လပ်ပြီး ကောင်းမွန်သော ဝန်ဆောင်မှုစနစ်နှင့် အကျင့်ပျက်ခြစားမှုနှင့် နိုင်ငံရေးအရ ဂိုဏ်းဂဏကွဲပြားမှုတို့ အဆုံးသတ်နိုင်စေရေးတို့အတွက် ဆန္ဒပြတောင်းဆိုနေကြခြင်းဖြစ်သည်။

**အေအက်ဖ်ပီ**

## ကယ်လီဖိုးနီးယားတောမီး မထိန်းနိုင်ဖြစ်လာ၍ အရေးပေါ်အခြေအနေအဖြစ် ကြေညာ

**ကယ်လီဖိုးနီးယား အောက်တိုဘာ ၂၈**

ကယ်လီဖိုးနီးယားတွင် လေပြင်းများ တိုက်ခတ်နေပြီး မီးတောက်ကြီးလာသည့်အတွက် ကယ်လီဖိုးနီးယားအုပ်ချုပ်ရေးမှူးသည် ပြည်နယ်တစ်လွှားတွင် အရေးပေါ်အခြေအနေအဖြစ် အောက်တိုဘာ ၂၇ ရက်က ကြေညာခဲ့သည်။

ထို့နောက် လုံခြုံသောနေရာများသို့ ရွှေ့ပြောင်းရန် ဖိအားပေးလုပ်ဆောင်ခဲ့ပြီး ဆိုနိုမာခရိုင်တွင် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပွားနေသည်။ ဆန်ဖရန်စစ္စကိုမြောက်ပိုင်းတွင် မီးလောင်မှုမှာ ၃၀၀၀၀ ဧကေ ပျံ့နှံ့လာပြီး အောက်တိုဘာ ၂၇ ရက် ညနေပိုင်းအထိ ၁၀ ရာခိုင်နှုန်းသာ တောမီးကို ထိန်းချုပ်နိုင်သေးကြောင်း သိရသည်။

ဆန်တာရိုဆာရှိဆေးရုံနှစ်ရုံတွင် ပြီးခဲ့သည့် သီတင်းပတ်အတွင်း လူနာများကို ကယ်တင်ထားရသည်။ ယခုလောင်နေသည့် တောမီးသည် ယခုနှစ်အတွင်း ကယ်လီဖိုးနီးယားတွင် အပြင်းထန်ဆုံး တောမီးဖြစ်ပြီး ပြီးခဲ့သည့် အောက်တိုဘာ ၉ ရက်က စတင်လောင်ခဲ့ခြင်းဖြစ်ကာ တစ်နာရီလေတိုက်နှုန်း မိုင် ၉၀ ဖြင့် တောမီးလျင်မြန်စွာပျံ့နှံ့သွားခဲ့ခြင်းဖြစ်သည်။

မီးငြိမ်းသတ်နိုင်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်ရေး လူပေါင်း ၃၀၀၀ ခန့် အလုပ်လုပ်ကိုင်နေကြကြောင်း၊ ဘေးလွတ်ရာ ရွှေ့ပြောင်းရန် အမိန့်ထုတ်ပြန်ထားခြင်းကို ပြည်သူများက အလေးထားဆောင်ရွက်နေကြကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူဆွန်က ပြောသည်။ လူပေါင်း ၁၈၀၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် အမိန့်ထုတ်ထားခဲ့ရသည်။

**အေအက်ဖ်ပီ**

## ဂျာမနီနိုင်ငံ ဒေသတွင်း ရွေးကောက်ပွဲတွင် အင်ဂျလာမာကယ်၏ပါတီ တတိယနေရာရရှိ

**ဘာလင် အောက်တိုဘာ ၂၈**

ဂျာမနီနိုင်ငံ အရှေ့ပိုင်းပြည်နယ် Thuringia တွင် အောက်တိုဘာ ၂၇ ရက်က ရွေးကောက်ပွဲကျင်းပခဲ့ရာ ဂျာမနီဝန်ကြီးချုပ် အင်ဂျလာမာကယ်၏ ပါတီမှာ မဲရရှိမှုတွင် တတိယနေရာ ရရှိခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲအကြို ရလဒ်များအရ မာကယ်၏ ခရစ်ယာန်ဒီမိုကရက်တစ် (CDU) ပါတီသည် မဲအရေအတွက် ၂၁ ဒသမ ၈ ရာခိုင်နှုန်း ရရှိခဲ့ပြီး ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲနှင့် နှိုင်းယှဉ်လျှင် ၁၂ ပွိုင့် ကျဆင်းသွားကြောင်း သိရသည်။

ခရစ်ယာန်ဒီမိုကရက်တစ်ပါတီ၏ မဟာမိတ်ဖြစ်သည့် လက်ဝဲယိမ်းပါတီက မဲအများဆုံး ရရှိခဲ့သည်။ Alternative For Germany (AFD) ပါတီသည် ၂၃ ဒသမ ၄ ရာခိုင်နှုန်းရရှိခဲ့ပြီး ယခင်ရွေးကောက်ပွဲရလဒ်နှင့် နှိုင်းယှဉ်လျှင် နှစ်ဆမဲရရှိခဲ့ခြင်းဖြစ်သည်။

ယခင်လက လက်ယာယိမ်းပါတီတစ်ခုဖြစ်သည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများကို ဆန့်ကျင်သည့်ပါတီသည် ဂျာမနီနိုင်ငံ အရှေ့ပိုင်းပြည်နယ်နှစ်ခုတွင် ပြုလုပ်သည့် ရွေးကောက်ပွဲ၌ ဒုတိယအများဆုံး မဲရခဲ့သည်။

ဂျာမနီနိုင်ငံ အနောက်ပိုင်းတွင် ဆင်းရဲချမ်းသာ ကွာခြားမှုများလာခြင်းနှင့်အစိုးရ၏လူဝင်ကြီးကြပ်ရေး မူဝါဒများနှင့်ဒုက္ခသည်မူဝါဒများကို မကျေနပ်သဖြင့် Alternative For Germany ပါတီသည် ထောက်ခံမှုများ ရရှိလာသည်ဟု လေ့လာသူများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

## သတင်းအချက်အလက်ဖလှယ်ရေးသဘောတူညီမှုကို ဖျက်သိမ်းမည့် ဆုံးဖြတ်ချက်အား ပြန်လည်စဉ်းစားသုံးသပ်ရန် အမေရိကန်က တောင်ကိုရီးယားကို တိုက်တွန်း

**ဝါရှင်တန် အောက်တိုဘာ ၂၈**

တောင်ကိုရီးယားနှင့် ဂျပန်တို့ သတင်းအချက်အလက်ဖလှယ်ရေး သဘောတူညီချက်ကို အဆုံးသတ်ရန် တောင်ကိုရီးယားဘက်မှ ဆုံးဖြတ်ခဲ့မှုအပေါ် ပြန်လည်စဉ်းစားသုံးသပ်ရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက တိုက်တွန်းလိုက်ကြောင်း သိရသည်။

သတင်းအချက်အလက်ဖလှယ်ရေး သဘောတူညီမှု အဆုံးသတ်ရန် တောင်ကိုရီးယား၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်စတီဝဲလ်က အောက်တိုဘာ ၂၇ ရက်တွင် တိုကျိုမြို့၌ သတင်းထောက်များအား ထိုသို့ပြောကြားခဲ့သည်။

GSOMIA ဟုခေါ်သည့် စစ်ဘက်ထောက်လှမ်းရေး သတင်းအချက်အလက် လုံခြုံရေးဆိုင်ရာ အထွေထွေ သဘောတူညီမှုကို တောင်ကိုရီးယားနိုင်ငံက သက်တမ်းတိုးရန် ဆုံးဖြတ်လိုက်ပြီးနောက် အဆိုပါ သဘောတူညီမှုသည် နိုဝင်ဘာ ၂၃ ရက်တွင် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ အမေရိကန်က ကြားဝင်စေ့စပ် ညှိနှိုင်းမှုမပြုလုပ်မီ ဂျပန်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံအကြား တင်းမာမှုများကို ဖြေရှင်းနိုင်မည့် ဆန်းသစ်သော နည်းလမ်းများကို နှစ်ဖက်စလုံးက ရှာဖွေသင့်ကြောင်း မစ္စတာစတီဝဲလ်ကပြောကြားသည်။




အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်စတီဝဲလ်

ယင်းသဘောတူညီချက်သည် တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန် သုံးနိုင်ငံလုံးအတွက် အကျိုးရှိသည့် သဘောတူညီမှုတစ်ခုဖြစ်သည်ဟုလည်း ၎င်းကဖြည့်စွက် ပြောကြားခဲ့သည်။

ယခုလအစောပိုင်းတွင် မြောက်ကိုရီးယားသည် ရေငုပ်သင်္ဘောအခြေပြု ပဲ့ထိန်းဒုံးကျည်အမျိုးအစားသစ်တစ်စင်းကို ပစ်လွှတ်ခဲ့ပြီး ယင်းအပြုအမူကို စတီဝဲလ်က တာတိုပစ်ဒုံးကျည်ပစ်လွှတ်မှုနှင့် မတူခြားနားသည့် ခြိမ်းခြောက်မှုမျိုးဖြစ်ကြောင်း ရည်ညွှန်းခဲ့သည်။ အမေရိကန်ဘက်မှ အလျှော့ပေးလိုက်လျောမှုများ ပြုလုပ်ရန် မြောက်ကိုရီးယား၏ တောင်းဆိုမှုကြောင့် အမေရိကန်နှင့် မြောက်ကိုရီးယားတို့အကြား လုပ်ငန်းအဆင့် ဆွေးနွေးပွဲများ ကျင်းပနိုင်ခဲ့ခြင်း မရှိသော်လည်း ဆွေးနွေးပွဲများ ထပ်မံဖြစ်မြောက်လာဦးမည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကိုလံဘီယာ၌ သမ္မတလိုက်ပါစီးနင်းသည့် လေတပ်ဖွဲ့အုပ်စုမှ ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွား

**ဘိုဂိုတာ အောက်တိုဘာ ၂၈**

ကိုလံဘီယာနိုင်ငံ၌ သမ္မတစီးနင်းသည့် လေတပ်ဖွဲ့အုပ်စုမှ ရဟတ်ယာဉ်တစ်စင်း နိုင်ငံအလယ်ပိုင်း ကျေးလက်ဒေသတစ်ခုတွင် ပျက်ကျမှုဖြစ်ပွားခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးလုံး သေဆုံးခဲ့ကြောင်း ကိုလံဘီယာလေတပ်ဖွဲ့က ယမန်နေ့တွင် ဖော်ပြခဲ့သည်။ လေတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တစ်စောင်၌ လေတပ်ဖွဲ့အုပ်စုမှ ရဟတ်ယာဉ်အမှတ် ၀၀၀၆ ပျက်ကျမှုအတွင်း အသက်ဆုံးရှုံးခဲ့ရသူ ခြောက်ဦးအတွက် အထူးဝမ်းနည်းကြောင်း ထုတ်ပြန်ခဲ့သည်။



ကိုလံဘီယာလေတပ်မှ Bell 412 ရဟတ်ယာဉ်ကို တွေ့ရစဉ်။

လေတပ်ဖွဲ့အုပ်စုမှ ရဟတ်ယာဉ်သည် အောက်တိုဘာ ၂၅ ရက်တွင် ပျက်ကျခဲ့ခြင်း ဖြစ်သော်လည်း အောက်တိုဘာ ၂၇ ရက် နံနက်ရောက်သည်အထိ ပျက်ကျသည့် တည်နေရာနှင့် သေဆုံးသူအရေအတွက် အတိအကျကို အတည်ပြုနိုင်ခဲ့ခြင်းမရှိပေ။ Bell 412 ရဟတ်ယာဉ်သည် ရာသီဥတုအခြေအနေ ဆိုးရွားမှုကြောင့် ပျက်ကျသည်ဟု ယူဆရကြောင်း သိရသည်။

ရဟတ်ယာဉ် ပျက်ကျရသည့် အကြောင်းရင်းကို သိရှိရေးအတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေဆဲဖြစ်ကြောင်း လေတပ်ဖွဲ့က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ကုန်တင်ယာဉ်တစ်စီးပေါ်က လူ့အသက်များ

• • • ကလျာမိုးမြင့် • • •

ဗြိတိန်နိုင်ငံက ကုန်တင်ယာဉ်တစ်စီးရဲ့ ကွန်တိန်နာထဲမှာလူ ၃၉ ဦး သေဆုံးလျက် တွေ့ရှိခဲ့ရပြီးတဲ့နောက် သေဆုံးသူတွေရဲ့ ဆွေမျိုးမိသားစုတွေက ၎င်းတို့ချစ်ခင်ရသူတွေနဲ့ နောက်ဆုံးဆက်သွယ်ခဲ့တဲ့ အသေးစိတ်အကြောင်းအရာတွေကို ရင်နင့်ဖွယ် ပြန်လည်ထုတ်ဖော်ပြောကြားခဲ့ပြီး သေဆုံးခဲ့သူတွေထဲမှာ ဗီယက်နမ်နိုင်ငံသားရွှေ့ပြောင်းသွားလာသူတွေ ပါဝင်နေတယ်ဆိုတာကို သိရှိလိုက်ရခြင်းက ဗီယက်နမ်နိုင်ငံတစ်လွှားဆီ ကြောက်ရွံ့ထိတ်လန့်ကြေကွဲမှုတွေကို ယူဆောင်လာခဲ့ပါတယ်။



ကုန်တင်ယာဉ်ထဲတွင် သေဆုံးခဲ့သည့် သားဖြစ်သူအတွက် ဝမ်းနည်းကြေကွဲနေသည့် ဗီယက်နမ်အမျိုးသားလီမင်တွမ်။

### မီးမောင်းထိုးပြ

ပြီးခဲ့တဲ့ရက်ပိုင်းက စက်ရုံဝင်းတစ်ခုအတွင်းမှာ ရပ်ထားတဲ့ ကုန်တင်ယာဉ် ကွန်တိန်နာထဲမှာ လူသေအလောင်း ၃၉ လောင်း တွေ့ရှိခဲ့ရတဲ့အတွက် ကားဒရိုင်ဘာကို လူမှောင်ခိုကူးမှုနဲ့ လူသေစေမှုစတဲ့ စွပ်စွဲချက်တွေနဲ့ ဖမ်းဆီးလိုက်ပြီး ဒီဖြစ်ရပ်က ဗြိတိန်ကို လှုပ်ခတ်သွားစေခဲ့သလို ပိုကောင်းတဲ့ဘဝအတွက်ကြိုးစားဖို့ ဥရောပကို တရားမဝင်သွားရောက်တဲ့ ရွှေ့ပြောင်းသွားလာသူတွေ ရင်ဆိုင်ရတဲ့ အန္တရာယ်ကြီးတစ်ခုကို မီးမောင်းထိုးပြလိုက်သလို ဖြစ်သွားခဲ့ပါတယ်။

ပထမတော့ ကုန်တင်ယာဉ်ကွန်တိန်နာထဲမှာတွေ့ရတဲ့ သေဆုံးသူ အမျိုးသား ၃၁ ဦးနဲ့ အမျိုးသမီးရှစ်ဦးကို တရုတ်နိုင်ငံသားတွေလို့ ထင်မှတ်ခဲ့ပေမယ့် အခုအခါမှာ ဗီယက်နမ်နိုင်ငံသား ဆွေမျိုးမိသားစုအများအပြားက သေဆုံးသူတွေထဲမှာ ၎င်းတို့ရဲ့ မိသားစုဝင်တွေများ ဖြစ်နေမလားဆိုတဲ့ စိုးရိမ်ထိတ်လန့်မှုတွေနဲ့ ရောက်ရှိလာခဲ့ကြပါတယ်။ လာရောက်ကြသူတွေထဲမှာ အများစုဟာ ဆင်းရဲနွမ်းပါးတဲ့ ကျေးလက်ဒေသတွေဆီကနေ လာခဲ့ကြတာပါ။

### အဆက်အသွယ်ပြတ်တောက်

လီမင်တွမ်ဆိုတဲ့ ဗီယက်နမ်အမျိုးသားက ၎င်းဟာ ပြီးခဲ့တဲ့ တစ်ပတ်အကြာလောက်ကစပြီး ဖေ့စ်ဘုတ်မက်ဆင်ဂျာကတစ်ဆင့် သားဖြစ်သူလီဗန်ဟာနဲ့ ဘာအဆက်အသွယ်မှ မရရှိတော့ဘူးလို့ သိရပါတယ်။ နောက်ဆုံးဆက်သွယ်ခဲ့မှုအတွင်း သားဖြစ်သူက ကျွန်တော်ဗြိတိန်သွားမယ့် ကားတစ်စီးပေါ်တက်တော့မယ်အဖေ၊ အင်္ဂလန်ကိုရောက်တဲ့အခါ မိသားစုနဲ့ပြန်ဆက်သွယ်လိုက်မယ်လို့ ပြောသွားခဲ့တာ ဖြစ်ပါတယ်။

ဗီယက်နမ်ရှိ ငီအန်ပြည်နယ်မှာနေထိုင်တဲ့ လီဗန်ဟာအတွက်ကတော့ ၎င်းရဲ့နေရပ်ကနေ ထွက်ခွာလာခဲ့တဲ့အချိန်ကစပြီး ဒီခရီးစဉ်ဟာ ရှည်လျားတဲ့ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပါတယ်။ ပိုကောင်းမွန်တဲ့ ဘဝတစ်ခုကို ပိုင်ဆိုင်ရရေးအတွက် လီဟာပထမဆုံး ဟိုချီမင်းမြို့ဆီ လေယာဉ်နဲ့ ထွက်ခွာလာခဲ့တယ်။ ပြီးတော့ မလေးရှားကို ဆက်သွားတယ်။ အဲဒီနောက် တူရကီပြီးတော့ ဂရိနဲ့ နောက်ဆုံးမှာ ပြင်သစ်ကို ခြေဆန့်ခဲ့ပါတယ်။ ဒါပေမယ့် ၎င်းရဲ့ နောက်ဆုံးကံကြမ္မာဟာ ဗြိတိန်မှာအဆုံးသတ်ခဲ့လိမ့်မယ်လို့ ဟာတစ်ယောက် မသိရှိခဲ့ပါဘူး။

### ဥရောပသွားဖို့ဆုံးဖြတ်

ဟာရဲ့ နေအိမ်မှာတော့ ၎င်းရဲ့ဇနီးနဲ့အတူ ရိုက်ကူးထားတဲ့ မင်္ဂလာဆောင်ဓာတ်ပုံတွေကို နံရံမှာချိတ်ဆွဲထားပါတယ်။ သုံးလသားအရွယ် သားတစ်ယောက်နဲ့ ငါးနှစ်အရွယ်သားတစ်ယောက်ရှိတဲ့ဟာက အလုပ်လက်မဲ့ဖြစ်သွားပြီးနောက် ပြည်ပမှာ အခြေအနေကောင်းနေတယ်ဆိုတဲ့ သူငယ်ချင်းတွေရဲ့သတင်းကို ကြားပြီး ဥရောပကိုသွားဖို့ ဆုံးဖြတ်ခဲ့တာက ကိုယ့်သေတွင်းကိုယ် တူးမိတဲ့ အဖြစ်မျိုး ရောက်သွားခဲ့ရတာပါ။

သားအဖနှစ်ယောက် နောက်ဆုံးဆက်သွယ်ခဲ့တာဟာဆိုရင် လူသေအလောင်းတွေနဲ့ပြည့်နေတဲ့ ကုန်တင်ယာဉ်ကြီးကို လန်ဒန်မြို့အရှေ့ပိုင်း အက်ဆက်စ်မှာ မတွေ့ရခင် နှစ်ရက်အလိုလောက်ကပါ။ အဲဒီနောက်ပိုင်းဘာအဆက်အသွယ်မှ မရတော့တာပဲလို့ ဖခင်ဖြစ်သူ လီမင်တွမ်က အေအက်ဖ်ပီသို့ ပြောကြားခဲ့ပါတယ်။ ၎င်းရဲ့မျက်လုံးတွေက ငိုကြွေးထားလို့ နီမြန်းနေပါတယ်။ ကုန်တင်ယာဉ်ထဲမှာပါလာတဲ့ သေဆုံးသူတွေထဲမှာ သားဖြစ်သူပါလာတာ သေချာတယ်ဆိုရင် ကျွန်တော့်သားရဲ့အလောင်းကို အိမ်ပြန်သယ်သွားချင်ပါတယ်လို့ ၎င်းက ပြောခဲ့ပါတယ်။

### ကြွေးဆပ်ဖို့

လီဗန်ဟာက ၎င်းကို ဥရောပဆီခေါ်ဆောင်သွားဖို့အတွက် လူကုန်ကူးသူတွေကို အမေရိကန်ဒေါ်လာ ၃၀၀၀၀ အကြွေးဆပ်ဖို့ အလုပ်ရှာဖွေနေခဲ့တယ်လို့ မျှော်လင့်ရပြီး မိသားစု နေအိမ်ဆောက်ဖို့ ချေးထားတဲ့ချေးငွေ အမေရိကန်ဒေါ်လာ ၈၅၀၀ ကိုလည်း ဆပ်ချင်နေပါတယ်။ အကြွေးတွေကိုဆပ်ပြီး ကလေးတွေဆီငွေပို့ပေးဖို့၊ ဒီလိုနဲ့ ပိုကောင်းတဲ့ လူနေမှုဘဝလေး ပိုင်ဆိုင်ဖို့ သူ့အမြဲဖြစ်ချင်နေခဲ့တာလို့ မြေးဖြစ်သူကို ပွေ့ချီထားတဲ့ မစ္စတာလီမင်တွမ်က ငိုကြွေးပြောဆိုခဲ့ပါတယ်။

အဲဒီအနီးအနားမှာပဲ နောက်ထပ်ပျောက်ဆုံးနေသူတစ်ယောက်ဖြစ်တဲ့ အသက်၂၈ နှစ်ရှိ ဗိုငွတ်နမ်ရဲ့ မိခင်က ၎င်းရဲ့သားနဲ့ပတ်သက်ပြီး သေသလား၊ ရှင်သလားဆိုတဲ့ သတင်းအစအနတောင် မကြားရသေးဘူး။ ၎င်းရဲ့သားဟာ ရိုမေးနီးယားမှာ အလုပ်လုပ်နေပြီး ဗြိတိန်ကိုသွားဖို့ စီစဉ်နေခဲ့တာလို့ ပြောပြပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်း သားဆီက သတင်းတစ်ခုခုများ ကြားရမလားဆိုပြီး မျှော်တလင့်လင့်နဲ့ စောင့်နေခဲ့တယ်။ ဒါပေမယ့် ဘာသတင်းမှ မကြားရဘူးလို့ ၎င်းက ဖြေကြားခဲ့ပါတယ်။

### လမ်းကြောင်းတစ်ခု

အောက်တိုဘာ ၂၇ ရက်မှာတော့ ရွာသားတွေဟာ ကုန်တင်ယာဉ်ပေါ်က သေဆုံးသူတွေအတွက် ဆုတောင်းပေးဖို့ အတူတကွ စုဝေးကြဖို့ စီစဉ်ခဲ့ကြပါတယ်။ ဗီယက်နမ်အလယ်ပိုင်းဟာ နိုင်ငံရပ်ခြားဆီက ချမ်းသာကြွယ်ဝသူတွေရဲ့ ကတိစကားတွေနောက်ကို ကောက်ကောက်ပါအောင် လိုက်နေကြတဲ့ တရားမဝင် ရွှေ့ပြောင်းသွားလာသူတွေအတွက် အချက်အချာလမ်းကြောင်းတစ်ခု သဖွယ် တွေ့ရပါတယ်။

ကြေကွဲဖွယ်ရာဒီဖြစ်ရပ်ဆိုးမှာ ပါဝင်ပတ်သက်ဆက်နွှယ်နေတဲ့ သံသယရှိသူငါးဦးကို ဗြိတိန်မှာဖမ်းဆီးထားပြီ ဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်က လန်ဒန်မှာဖြစ်ပွားတဲ့ အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ချိန်ကစပြီး ဒီဖြစ်ရပ်က ဗြိတိန်ရဲ့အကြီးဆုံး လူသတ်မှုတစ်ခုလို့ ပြောရမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ စနေနေ့က ဗီယက်နမ်သံအမတ်ကြီး ထရန်ငွတ်အန်ဟာ ဒီဖြစ်စဉ်အပေါ် စုံစမ်းစစ်ဆေးမှုတွေ လုပ်ဆောင်နေတဲ့ ရဲတပ်ဖွဲ့ဆီသွားရောက်ခဲ့ပြီး ဗြိတိန်ပြည်ထဲရေးဝန်ကြီးပရီတီပါတယ်နဲ့လည်း တယ်လီဖုန်းကနေတစ်ဆင့် ဆက်သွယ်ဆွေးနွေးခဲ့ကြတယ်လို့ သံရုံးက ဖော်ပြပါတယ်။

### နိုင်ငံကူးလက်မှတ်အတုပြုလုပ်

အက်ဆက်စ်ရဲအဖွဲ့ကတော့ ၎င်းတို့အနေနဲ့ လက်ဗွေအချက်အလက်စိစစ်မှုနဲ့ ဒီအင်အေစစ်ဆေးမှုဖြစ်စဉ်ကို အမြန်ဆုံး ဆက်လုပ်ဖို့ ဆန္ဒရှိနေပြီး ဒီလိုလုပ်ဖို့အချိန်ယူရမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ များစွာသော သတင်းအရင်းအမြစ်တွေအရ ကုန်တင်ယာဉ်ထဲမှာ သေဆုံးနေကြသူတွေ အများစုဟာ တရုတ်နိုင်ငံကနေတစ်ဆင့် နိုင်ငံကူးလက်မှတ်အတုပြုလုပ်ပြီး ဝင်လာကြတာကို ဖော်ပြနေပါတယ်။

ဗြိတိန်ဆီရောက်ဖို့အတွက်ဆိုရင် ဗီယက်နမ်ငွေကြေး ဒေါင်တစ်ဘီလီယံလောက်အထိ ပေးရတယ်လို့ မိသားစုဝင်တချို့ထံကနေ သိရှိရပါတယ်။ ကုန်တင်ယာဉ်ထဲမှာ အသက်ဆုံးသွားတဲ့သူတွေရဲ့ မိသားစုဝင်တွေဟာ လူမှောင်ခိုကူးသူတွေဆီကနေ ပြန်အမ်းငွေကို ရရှိကြတယ်လို့လည်း သတင်းတွေ ထွက်ပေါ်လာခဲ့တာကို ကြားသိရပါတယ်။

### အကြောင်းတရားများ

စီးပွားရေးအရအကြောင်းမလှတဲ့ အခြေအနေတွေ၊ ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းတွေ၊ လူနေမှုအဆင့်အတန်း တန်ဖိုးသတ်မှတ်ချက်တွေ၊ လူမှုဘဝလုံခြုံရေးချို့တဲ့မှု၊ ပညာရေးနိမ့်ကျမှုနဲ့ လူ့အခွင့်အရေး ချိုးဖောက်ခံရမှု စတဲ့ အကြောင်းအရာတွေက ဗီယက်နမ်နိုင်ငံသားတွေ ကိုယ့်ရပ်ကိုယ့်ရွာကနေ ထွက်သွားဖို့ ဖန်တီးလိုက်တဲ့အကြောင်းတွေ ဖြစ်လာတယ်။ အန္တရာယ်များတယ်ဆိုတာကို သိသိကြီးနဲ့ ပိုကောင်းတဲ့ဘဝအတွက် အသက်ကိုလောင်းကြေးထပ်ပြီး စွန့်စားနေကြတာဖြစ်တယ်လို့ ငီအန်ပြည်နယ်က ဒေသခံတစ်ဦးဖြစ်တဲ့ အန်တန်ဒန်ဟူနမ်က ပြောပြခဲ့ပါတယ်။ ကုန်တင်ယာဉ်ထဲမှာ သေဆုံးခဲ့ရသူ ၃၉ ယောက်ရှိတဲ့ အထဲက ၃၅ ယောက်ဟာ ငီအန်ပြည်နယ်ကပဲ ဖြစ်တယ်လို့ ၎င်းပြောပြချက်အရ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီဖြစ်ရပ်က ဖွံ့ဖြိုးဆဲနိုင်ငံတွေက လူငယ်တွေ မိမိရပ်ရွာကို စွန့်ခွာပြီး ပြည်ပမှာ ဘဝတက်လမ်းရှာဖွေဖို့ ကြိုးစားရင်း အာမခံချက်မရှိတဲ့ လူမှောင်ခိုကူးသူတွေလက်ထဲမှာ တန်ဖိုးရှိလှတဲ့အသက်တွေကို ရင်းနှီးပေးဆပ်လိုက်ရတယ်ဆိုတဲ့ သင်ခန်းစာတစ်ခုကို ကုန်တင်ယာဉ်ပေါ်မှာ သေဆုံးခဲ့တဲ့ ဗီယက်နမ်နိုင်ငံသားတွေက ဘဝနဲ့ရင်းပြီး ပေးလိုက်တာပါပဲ။ ။

**ကိုးကား-သည်ဂါဒီယန်**

## နိုင်ငံတကာသတင်းတိုထွာ

### တူရကီနယ်စပ်အနီးမှ ကာ့ဒ်ပြည်သူ့စစ်များ ဆုတ်ခွာခြင်းကို ဆီးရီးယားဘက်မှလက်ခံ

**ဒမတ်စကတ် အောက်တိုဘာ ၂၈**

ဆီးရီးယား-တူရကီနယ်စပ်မှ ကာ့ဒ်ပြည်သူ့စစ်များ ဆုတ်ခွာခြင်းကို ဆီးရီးယားအစိုးရက ကြိုဆိုကြောင်း၊ ယင်းသို့ ဆုတ်ခွာလိုက်ခြင်းဖြင့် တူရကီသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းကို တိုက်ခိုက်ရန် အကြောင်းပြချက် မရှိတော့ကြောင်း ဆီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ကာ့ဒ်ဦးဆောင်သည့် ဆီးရီးယားဒီမိုကရက်တစ်တပ် (SDF)သည် ဆီးရီးယားတူရကီနယ်စပ် မှ ၃၀ ကီလိုမီတာအကွာသို့ ဆုတ်ခွာမည်ဖြစ်သည်ဟု ဆီးရီးယားတပ်ဖွဲ့က ပြောသည်။ အောက်တိုဘာ ၂၇ ရက်အစောပိုင်းက SDF သည် လတ်တလောသဘောတူထားသည့် ရုရှား-တူရကီ သဘောတူညီမှုအရ ဆီးရီးယား-တူရကီနယ်စပ်မှ စတင်ဆုတ်ခွာနေပြီဖြစ်သည်ဟု ဆာနားသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ရုရှားတို့က ကာ့ဒ်ပြည်သူ့စစ်များကို အာမခံချက်ပေးသည့် တူရကီနယ်စပ်မှ SDF တပ်ဖွဲ့ဝင်များ ဆုတ်ခွာခြင်းဖြစ်သည်ဟု SDF မှ ပြောရေးဆိုခွင့်ရှိသူက ရုရှားတူဒေးတီဗွီကို ပြောကြားခဲ့သည်။ ဆီးရီးယားတပ်ဖွဲ့များသည် တူရကီ-ဆီးရီးယားနယ်စပ်တွင် နေရာယူမည်ဖြစ်ပြီး ဆီးရီးယားအစိုးရနှင့် ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်ပြည်သူ့စစ်များက ရုရှားမှ ကြားဝင်စေ့စပ်သူအဖြစ် ပါဝင်မည်ဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။ **ဆင်ဟွာ**

### ဘဂ္ဂဒါဒီကို နှိမ်နင်းရာ၌ အမေရိကန်ကို အကူအညီပေးခဲ့ခြင်းမရှိကြောင်း ရုရှားငြင်းဆန်

**မော်စကို အောက်တိုဘာ ၂၈**

ဆီးရီးယား၌ အိုင်အက်စ်အဖွဲ့ခေါင်းဆောင် အဘူဘာကာအယ်လ် ဘဂ္ဂဒါဒီကို နှိမ်နင်းသည့် အမေရိကန်၏ စစ်ဆင်ရေး၌ ရုရှားတပ်မတော် ပူးပေါင်းပါဝင်ခဲ့သည်ဆိုသော သတင်းများကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ငြင်းဆန်လိုက်ကြောင်း သိရသည်။ ပြီးခဲ့သည့် အောက်တိုဘာ ၂၇ ရက်က အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ဆီးရီးယားနိုင်ငံအနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်၌ အမေရိကန်အထူးတပ်ဖွဲ့၏ လေကြောင်းစီးနင်းတိုက်ခိုက်မှုတစ်ခုအတွင်း အိုင်အက်စ်စစ်သွေးကြွအဖွဲ့ခေါင်းဆောင်ဘဂ္ဂဒါဒီ သေဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ လေကြောင်းစီးနင်းမှုတွင် ရုရှားထိန်းချုပ်ထားသည့် လေပိုင်နက်အတွင်းအမေရိကန်ကို ဝင်ရောက်ခွင့်ပေးခဲ့သည်ဟု သမ္မတထရမ့်က သတင်းထောက်များကို ပြောကြားခဲ့သည်။

သို့ရာတွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အီဂေါ်ကိုနာရှန်ကော့ဗ်က ရုရှားသည် အီဒလစ်ပြည်နယ် စစ်မက်လျှော့ချရေးဇုန်အတွင်းသို့ အမေရိကန်လေယာဉ်ဖြတ်ကျော်မှုတွင် မည်သည့် အကူအညီမျှ ပေးခဲ့ခြင်းမရှိကြောင်း အောက်တိုဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်။ စစ်ဆင်ရေး၏ အဓိပ္ပာယ်နှစ်ခွထွက်စေသည့် အသေးစိတ်ဖော်ပြချက်များက စစ်ဆင်ရေး၏ အဖြစ်မှန်နှင့် အောင်မြင်မှုအပေါ် သံသယများ ပေါ်ထွက်လာစေသည်ဟု ၎င်းက ပြောကြားလိုက်ပြီး ဆီးရီးယားရှိ အယ်လ်ခိုင်ဒါ အကြမ်းဖက်ကွန်ရက်အဖွဲ့ခွဲသည် အီဒလစ်ပြည်နယ်၌ လှုပ်ရှားမှုရှိနေဆဲဖြစ်သည့်အတွက် ဘဂ္ဂဒါဒီ၏ သေဆုံးမှုက ထူးခြားသိသာမှုမရှိကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် ပြင်ဦးလွင်မြို့ ဒေသခံပြည်သူများ တွေ့ဆုံ

**ပြင်ဦးလွင် အောက်တိုဘာ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများနှင့် ဒေသခံပြည်သူများ တွေ့ဆုံပွဲကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၅ ရှိ မြို့တော်ခန်းမ၌ ယမန်နေ့က ကျင်းပသည်။

တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး စိုင်းပန်းဆိုင်၊ တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးအောင်ကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ခင်တို့က ဒေသခံပြည်သူများကို အမှာစကားများ ပြောကြားသည်။


မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် ပြင်ဦးလွင်မြို့ ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးကြစဉ်။

တက်ရောက်လာသည့် ပြည်သူများက သိရှိလိုသည်များကို တစ်ဦးချင်းစီက တင်ပြမေးမြန်းခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည် ရှင်းလင်းပြောကြားပေးခဲ့ကြကြောင်း သိရသည်။

**မြမောင်ဦး(ပြင်ဦးလွင်)**

# ဒေသခံပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများအောင်မြင်ရေး ဆွေးနွေး

**ဆိပ်ဖြူ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ တိုင်းဒေသကြီးဝန်ကြီးများဖြစ်သည့် အလုပ်သမားရေးရာဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဝန်ကြီးတို့သည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲမှ တာဝန်ရှိသူများ၊ ရပ်ကွက်ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ဝန်ထမ်းများတွေ့ဆုံ၍ ဒေသခံပြည်သူများအတွက် ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ဆွေက မြို့နယ်အတွင်းရှိ ဒေသခံပြည်သူအများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ကလေးလုပ်သားများ လျော့ကျစေရေး၊ ဒေသထုတ်ကုန် မြင့်မားရေးနှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ဆောင်ရွက်နိုင်ရေး၊ လူကုန်ကူးမှုဆိုင်ရာ ကိစ္စရပ်များ မဖြစ်ပေါ်စေရန် ကာကွယ်တားဆီးရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးမြင့်အောင်က မြို့နယ်အတွင်း၌ လူဦးရေနှင့် သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိစေရေး၊ အသက်အရွယ်အလိုက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်စည်းကမ်းများနှင့် ပြုလုပ်ပေးရေး၊ ဒေသအချက်အလက်များကို သက်ဆိုင်ရာဌာနများသို့ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများက ချိတ်ဆက်၍ မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးအပြင် ဒေသခံပြည်သူအများ အသိပညာတိုးပွားရေးအတွက် သုတ၊ ရသ စာပေများဖတ်ရှုခြင်း၊ ပြည်သူ့စကားဝိုင်း တိုးမြှင့်ဆောင်ရွက်နိုင်ရေး ပြောကြားသည်။

ထို့နောက် ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများက ဒေသ၏ အချက်အလက်များ တင်ပြဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့ကြသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်း၏ ကျန်းမာရေးအလှူတော်အခမ်းအနား ဖွင့်လှစ်

**ဟိုပင် အောက်တိုဘာ ၂၈**

ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် ပြည်နယ်ကျန်းမာ ရေးဦးစီးဌာန၊ ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းတို့၏ (၄၃)ကြိမ်မြောက် ကျန်းမာရေးအလှူတော် ဖွင့်လှစ်ပွဲအခမ်းအနားကို ယမန်နေ့က မိုးညှင်းမြို့နယ် ဟိုပင်မြို့ မြို့မ တောင်ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထွန်းတင်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွန့်၊ လူမှုရေးဝန်ကြီး ဦးနေဝင်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်ကျော်ဝင်း၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့် (ခ)ဦးဒိတ်၊ ရွှေပါရမီ ကျန်းမာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ပြည်နယ်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတူးရိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့မှ ရွှေပါရမီ ကျန်းမာရေး ဖောင်ဒေးရှင်းသို့ လှူဒါန်းငွေကျပ် သိန်း ၅၀ ကို ပြည်နယ်ဝန်ကြီး ဦးဝင်းညွန့်က ပေးအပ်ရာ ဥက္ကဋ္ဌ ဦးရှိန်ဝင်းက လက်ခံယူ၍ ကျောင်းဝင်းအတွင်းဖွင့်လှစ်ထားသည့် ဆေးကုသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။


ဟိုပင်မြို့၌ ကျန်းမာရေးအလှူတော်အခမ်းအနား ဖွင့်လှစ်စဉ်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားအပြီး ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကုသပေးသည့် ရောဂါများမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွား၊ အရေပြား၊ ဆီး၊ ကျောက်ကပ်နှင့် အမျိုးသမီးရောဂါ စသည်တို့ကို ကုသပေးသည်။

အထွေထွေရောဂါနှင့် ပတ်သက်၍ ခွဲစိတ်ကုသခြင်းကို အောက်တိုဘာ ၂၅ ရက်မှစ၍ မိုးညှင်းမြို့နယ် ဆေးရုံကြီးတွင် ဆောင်ရွက်လျက်ရှိပြီး မျက်စိရောဂါနှင့်ပတ်သက်၍ ခွဲစိတ်မှုခံယူရန် စာရင်းရရှိထားသည့်လူနာများကို နိုဝင်ဘာလဆန်းပိုင်းတွင် မိုးညှင်းမြို့ စကျွပါလဆေးရုံတွင် အခမဲ့ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း၊ လိုအပ်ပါက မြစ်ကြီးနား၊ မန္တလေး၊ ရန်ကုန်ဆေးရုံကြီးတို့ ဆက်လက်ကုသပေးမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ ၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

# ပိုလီယိုနှင့် ဝက်သက် - ဂျိုက်သိုးကာကွယ်ဆေး ဒုတိယအကြိမ် အပိုဆောင်း တိုက်ကျွေး ထိုးနှံ

**ရမည်းသင်း**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ပိုလီယို နှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ဒုတိယအကြိမ် အပိုဆောင်း တိုက်ကျွေးခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၅ ရက်မှ ၂၈ ရက်အထိ ရပ်ကွက်နှင့် ကျေးရွာများရှိ စုရပ်များတွင် တိုက်ကျွေး/ ထိုးနှံပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေး ဒုတိယအကြိမ် တိုက်ကျွေး/ ထိုးနှံရာတွင် ရမည်းသင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ မွေးစမှ ငါးနှစ်ခွဲ ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုးလမှ ငါးနှစ်ခွဲ ကလေးငယ်များကို ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်သည်။

မြို့နယ်အတွင်း ဒုတိယအကြိမ် ပိုလီယိုနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးရန် မွေးစမှ ငါးနှစ်ခွဲကလေးငယ် ၂၀၈၁၄ ဦးနှင့် ကိုးလမှ ငါးနှစ်ခွဲ ကလေးငယ် ၁၇၉၅၀ တို့ကို တိုက်ကျွေး ထိုးနှံကြောင်း သိရသည်။

**ဇော်ဝင်းအောင်(ရမည်းသင်း)**

**ရှမ်းရွာသစ်**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့တွင် မွေးကင်းစမှစ၍ အသက်ငါးနှစ်ခွဲအရွယ်ကလေးငယ်များအား ဝက်သက်-ဂျိုက်သိုးနှင့် ပိုလီယိုကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး/ထိုးနှံပေးရေးလုပ်ငန်းကို အောက်တိုဘာ ၂၇ ရက်က မဲလောခီးကျေးရာအုပ်စုတွင် ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းတွင် ကျေးလက်ကျန်းမာရေးဌာနမှအမျိုးသမီးကျန်းမာရေးဆရာမဒေါ်နော်အေးအေးချိုက ဒေသခံပြည်သူများအား ဂျိုက်သိုးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သောကူး စက်ရောဂါဖြစ်ပြီး ကလေးငယ်များတွင် မပြင်းထန်သောရောဂါဖြစ်ကြောင်း၊သာမန်ဖျားခြင်း၊ ပျို့ခြင်း၊ မျက်စိနီခြင်းများဖြစ်တတ်ပြီး ဂျိုက်သိုးရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံပြီးပါက ရောဂါကာကွယ်မှုကို ဆေးထိုးသည့်ကလေးများ၏ ၉၅ ရာခိုင်နှုန်းရရှိပြီး တစ်သက်တာ ခုခံကာကွယ်မှုရရှိနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**ဇင်လေး(ပြန်/ဆက်)**



**ထန်တလန်**

ချင်းပြည်နယ် ထန်တလန်မြို့နယ် ဒုတိယအကြိမ် ပိုလီယိုနှင့် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေး အပိုဆောင်းတိုက်ကျွေး/ ထိုးနှံခြင်းလုပ်ငန်းများကို အောက်တိုဘာ ၂၈ ရက်က မြို့နယ်ခန်းမ၌ ဆောင်ရွက်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မွေးကင်းစမှ ငါးနှစ်အရွယ်အထိ ကလေးများအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းဖြစ်ပြီး ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးကို ကိုးလမှ ငါးနှစ်ခွဲအရွယ်အထိ ကလေးငယ်များအား အပိုဆောင်း ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**ခမ်ငိုက်မန် (ပြန်/ဆက်)**

**ပဲခူး**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ပိုလီယိုကာကွယ်ဆေးအပိုဆောင်း တိုက်ကျွေးခြင်းကို အောက်တိုဘာ ၂၅ ရက်မှ ၂၉ ရက်အထိ မြို့ပေါ်ရှိ ၃၂ ခု၊ ရပ်ကွက်/ကျေးရွာများတွင် ၁၄၄ ခု ဖွင့်လှစ်ထားပြီး ကလေးငယ် ၁၃၆၇၉ ဦးကို ကာကွယ်ဆေးတိုက်ကျွေးပေးလျက်ရှိသည်။

"ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ၊ ဒေသခံအုပ်ချုပ်ရေးဝန်ထမ်းတွေ၊ လူမှုရေးရေးအသင်းအဖွဲ့တွေ၊ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရွှေကျင်မြို့နယ်မှာ ပိုလီယိုကာကွယ်ဆေး အပိုဆောင်း တိုက်ကျွေးခြင်းလုပ်ငန်းဆောင်ရွက်တာ အခုအကြိမ်ဟာ ဒုတိယအကြိမ်ဖြစ်ပါတယ်။ ကလေးငယ် ၁၃၆၇၉ ဦးကို တိုက်ကျွေးပေးမှာဖြစ်တဲ့အပြင် အပိုဆောင်း ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးထိုးနှံပေးပြီး ကျန်းမာရေးနဲ့ပတ်သက်လို့လည်း အသိပညာပေးဟောပြောတာတွေ ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာ ကိုဦးက ပြောသည်။

**တင်စိုး(ပဲခူး)**

# တည်းကုန်း ကုန်စိမ်းဈေးသစ်ကြီးတွင် ရာသီပေါ်ရှားပါးကုန်စိမ်းများသာ အရောင်းသွက်လျက်ရှိ



**ရန်ကုန် အောက်တိုဘာ ၂၈**
ရန်ကုန်တိုင်းဒေသကြီး၏ ကုန်စိမ်းဈေးကြီးတစ်ခုဖြစ်သော တည်းကုန်းကုန်စိမ်းဈေးကြီးတွင် ဟင်းသီးဟင်းရွက်မျိုးစုံကို ဖြန့်ဖြူးရောင်းချလျက်ရှိရာ ဟင်းသီးဟင်းရွက်မျိုးစုံတွင် ရာသီပေါ်ရှားပါးကုန်စိမ်းများသာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း သိရသည်။

တည်းကုန်းဘူတာနှင့် ကပ်လျက်ရှိသော စည်ပင်သာယာဈေးမှ ကျယ်ဝန်းသော ကုန်စိမ်းဈေးကြီးသို့ ဇွန် ၂၁ ရက်မှ စတင်၍ ပြောင်းရွှေ့ရောင်းချခဲ့ရာ ဆိုင်ခန်းပေါင်း ၄၆၇ ခန်းနှင့် ပျံကျဈေးသည် ၁၀၀၀ ကျော်အား ဈေးရုံသစ်တွင် နေရာများပေးခဲ့ပြီး နေ့စဉ်ဝင်ရောက်လာသော ဟင်းသီးဟင်းရွက်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

"ရာသီပေါ်ရှားပါးကုန်စိမ်းတွေပဲ အရောင်းသွက်တယ်။ ကျန်တာတွေက ဘယ်ဆိုင်ကြည့်ကြည့်မြင်နေရတော့ ပစ်ရတာများတယ်။ ဈေးဟောင်းမှာ ရောင်းကောင်းတယ်ဆိုတာက ရထားနဲ့ ရန်ကုန်တစ်မြို့လုံးက ဈေးသည်တွေလာဝယ်ကြတာ။ ရထားဘူတာ ပြင်ဆင်နေချိန်နဲ့ ကုန်စိမ်းတွေ လိုင်းကားပေါ် တင်ခွင့်မရှိတာကြောင့် ဈေးဝယ်ကျသွားတာလည်းပါတယ်။ ပြီးတော့ဈေးသစ်မှာ ဈေးသည်တွေ များလာတယ်။ ဈေးသစ်မှာရောင်းရတာနေရာကောင်းပေမယ့် ဈေးရောင်းမကောင်းကြဘူး။ လေးလရှိပြီ။ ဈေးဟောင်းမှာ ကုန်စိမ်းသုံးအိတ်ကုန်ရင်ဈေးသစ်မှာ ကုန်စိမ်းငါးအိတ်ရောင်းလို့ရတဲ့ဝင်ငွေနဲ့ ညီနေတယ်။ တစ်ပိုင်တစ်နိုင်ရောင်းတဲ့ ဈေးသည်တွေ ကား၊ ရထားအဆင်မပြေတော့ ဝယ်အားကျသွားတာ ဈေးသစ်ဖွင့်ကတည်းကပဲ။ ကုန်စိမ်းသည်တွေ ရှုံးလို့ ဆိုင်ခန်းပြန်အပ်တာရှိတယ်"ဟု ကုန်စိမ်းတန်းမှ ဒေါ်မီးမီးက ပြောသည်။

တည်းကုန်း ကုန်စိမ်းဈေးသစ်ကြီးတွင် ငါးပေပတ်လည်ဆိုင်ခန်း နေရာအတွက် တစ်လလျှင် ကျပ် ၅၁၀၀၀ နှင့် (၅x ၁၁ ပေ) ဆိုင်ခန်းအတွက် ကျပ်နှစ်သောင်းဖြင့် မီတာခပေးဆောင်ရကာ ပျံကျဈေးရုံ၊ စားသောက်ဆိုင်တန်းနှင့် ကုန်ခြောက်ရုံ၊ သစ်သီးဝလံဈေးရုံဖြင့် ဈေးရုံသုံးရုံဖြင့် တစ်ရုံလျှင် ဆိုင်ခန်း ၄၀ ပါသော အသား၊ ငါးဈေးရုံနှစ်ရုံနှင့် အတူ တည်းကုန်း ဈေးရုံသစ်ကြီးအား ၂၄ နာရီ ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

တည်းကုန်းဈေးဟောင်းနေရာသည် စည်ပင်သာယာဈေးဖြစ်ပြီး ဘူတာနှင့်ကပ်လျက်ရှိ၍ လူစည်ကားသောဈေးဖြစ်သော်လည်း ရေဝပ်သောဈေးဖြစ်သည့်အတွက် မိုးရာသီတွင် ဈေးဝယ်နှင့်ဈေးသည် အခက်အခဲကြုံတွေ့ရသော ဈေးဖြစ်ရာ သန့်ရှင်းကျယ်ဝန်းသော ကုန်စိမ်းဈေးကြီးသို့ ရွှေ့ပြောင်းရောင်းချခဲ့သည်မှာ လေးလကျော်ပြီဖြစ်၍ ခရီးသွားလာရေး အခက်အခဲတို့ကြောင့် အရောင်းအဝယ်ပါးခြင်းဖြစ်သည်။ တည်းကုန်းဘူတာလမ်းပိုင်းဆိုင်ရာ ပြင်ဆင်မှုပြီးစီး၍ မြို့ပတ်ရထား ပုံမှန်ပြန်လည်ပြေးဆွဲချိန်တွင် ကုန်စိမ်းအဝင်၊ အထွက် ပြန်လည်ကောင်းမွန်လာမှုကြောင့် အရောင်း၊ အဝယ် ပြန်လည်ဦးမော့နိုင်မည်ဖြစ်ရာ ယခုချိန်တွင် ရာသီရှားပါးကုန်အချို့သာ အရောင်း၊ အဝယ်သွက်လျက်ရှိကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ – သန်းစိုး**

# သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး

**နတ်မောက် အောက်တိုဘာ ၂၈**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ တမာပင်ရပ်ကွက်တွင် မြို့မရဲစခန်းမှ သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့က အောင်ကောင်းစံဘော်ဒါကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောခြင်းကို နတ်မောက်မြို့မ ရဲစခန်းမှူး ဒုရဲမှူးစိုးဝင်းက သက်ငယ်မုဒိမ်းမှုပပျောက်ရေး၊ အမျိုးသမီးများ အကြမ်းဖက်ခံရမှု အန္တရာယ်ပပျောက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တာဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ဟောပြောရာ နတ်မောက်မြို့မရဲစခန်းမှူး ဒုရဲမှူးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

လှဝင်း(နတ်မောက်)

# မန္တလေး၌ ကျင်းပမည့်ပွဲများ

**အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ**

အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သဘင်အစည်းအရုံးဖလား ဘောလုံးပြိုင်ပွဲ**

သဘင်အစည်းအရုံးဖလားဘောလုံးပြိုင်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ အောင်မြေမန္တလာ ဘောလုံးကွင်း၌ အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်များတွင် ကျင်းပသွားမည်ဖြစ်ပြီး ဂီတကွန်ရက်(သဘင်) မန္တလေးအသင်း၊ Price City FC အသင်း၊ ပရဟိတ ရွှေလက်အသင်းနှင့် မန္တလေးလူရွှင်တော်များအသင်းတို့က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**စာဖတ်ဝိုင်း**

အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ ဆရာမ ခင်လေးငယ်၏ မုန်တိုင်းနှင့် နိုင်ငံတကာဝတ္ထုများ စာအုပ်ဖြင့် စာဖတ်ဝိုင်းကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို လာရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**ပန်းချီဆရာလူမော်၏ တစ်ကိုယ်တော် ပန်းချီပြပွဲ**

ပန်းချီဆရာ လူမော်၏ ပဉ္စမအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲကို နိုဝင်ဘာ ၁ ရက် မှ ၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှ ညနေ ၅ နာရီ အထိ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့လာရောက် လေ့လာနိုင်ကြောင်း သိရသည်။

**ကုန်သွယ်မှုအခြေခံသင်တန်း**

ပို့ကုန်၊ သွင်းကုန်လုပ်ကိုင်လိုသူများအတွက် ကုန်သွယ်မှုအခြေခံသင်တန်းကို မန္တလေးမြို့ ၃၅လမ်း ၆၃x၆၄ လမ်းကြားရှိ ပို့ကုန်၊ သွင်းကုန်ရုံး၌ နိုဝင်ဘာ ၁ ရက်တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**စားသောက်ကုန်ထုတ်လုပ်နည်းပညာသင်တန်း**

မန္တလေးမြို့တွင် စားသောက်ကုန်များ ကိုယ်ပိုင်စီးပွားဖြစ် ထုတ်လုပ်ရောင်းချလိုသူများအတွက် စားသောက်ကုန်ထုတ်လုပ်နည်းပညာသင်တန်းကို မန္တလေးမြို့ရှိ မန္တလေးတိုင်းဒေသကြီး အသေးစား၊ စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးတွင် နိုဝင်ဘာ ၁ ရက် မှ ၈ ရက်အထိ ဖွင့်လှစ် သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**အဆိုတော် နီနီခင်ဇော် ၏ ပါတီ Redvolution Show**

အဆိုတော် နီနီခင်ဇော်၏ ပါတီ Redvolution Show ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်း သဇင်လမ်းနှင့် ငုရွှေဝါလမ်းကြား မင်္ဂလာမန္တလေးရှိ ကားပါကင် အပေါ်ဆုံးထပ်တွင် နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်) စုစည်းတင်ပြသည်။**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၈-၁၀-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၁၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၂၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၄၈၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၁၀/၉၅၅ | ကျပ် | ၉၅၀/၉၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၂၀/၉၆၅ | ကျပ် | ၉၆၅/၉၈၅ | ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၆၀ | ကျပ် | ၈၈၀/၉၀၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၅၀ | ကျပ် | ၉၈၅/၁၀၀၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၃၁ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၂ . ၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၂၃ . ၆ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၆၅ . ၅ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၄၁၀ . ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၆ . ၁ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၆ . ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၅၉၀ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၀ . ၅၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၅ . ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၇၃၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၅၀၀ | ၁၂၀၀၀ | ၂၃၆ | ၂၇၂၇၀၀၀ |
| MTSH | ၄၀၀၀ | ၃၉၅၀ | ၉၆၅၈ | ၃၈၂၄၆၁၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၄ | ၃၃၆၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၃၀၇ | ၇၀၆၁၀၀၀ |
| TMH | – | – | – | – |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် – အောင်နိုင်ဦး
စာတည်းမှူး – စိုးစိုးနိုင်
သတင်းထောက်ချုပ် – မြင့်ဆွေ
စာတည်းများ – ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ – ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ – တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fထေ ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသူများအနက်မှ ရဲတပ်ဖွဲ့ဝင်တစ်ဦး ထပ်မံတွေ့ရှိ ကယ်တင်

**နေပြည်တော် အောက်တိုဘာ ၂၈**

AA အဖွဲ့က အောက်တိုဘာ ၂၆ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားသူများ အနက်မှ ရဲတပ်သား စိုင်းနိုင်အောင်အား ကျောက်တန်းကျေးရွာ၏ တောင်ဘက် မီတာ ၁၀၀ ခန့်၌ တပ်မတော်ရှာဖွေ ကယ်ဆယ်ရေးစစ်ကြောင်း များက ထပ်မံတွေ့ရှိ ကယ်တင်နိုင်ခဲ့ကြောင်း သိရှိရသည်။

ရဲတပ်သား စိုင်းနိုင်အောင် အပါအဝင် ပြန်လည်လွတ်မြောက်လာသူများ၏ ပြောကြားချက်အရ အောက်တိုဘာ ၂၆ ရက်တွင် စစ်တွေမြို့ ရွှေနဒီ အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်သို့ သွားရောက်ရန် တပ်မတော်အရာရှိ ၁ ဦးက ၎င်း၏အမည်၊ ရာထူးဖော်ပြ၍ လက်မှတ်ဝယ်ယူရာမှစတင်၍ သတင်းပေါက်ကြားမှု ဖြစ်ပွားခဲ့ပြီး ရေမျက်ကျေးရွာ(ရွာဟောင်း)အနီးတွင် AA အဖွဲ့က ရေယာဉ်အား ရပ်တန့်၍ ပါရှိလာသည့် ခရီးသည်များထဲမှ လက်မှတ်ဝယ်သည့် အရာရှိအမည်အား ခေါ်ဆို၍ ၎င်းအရာရှိနှင့် ခရီးသည် အချို့ကို ဦးစွာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း။

ကျန်ရှိသည့် ခရီးသည်များအား ငစံဘော်ချောင်းဘေးအတိုင်း ရေမျက်ကျေးရွာ (ရွာသစ်) အနီး ကမ်းနားသို့ခေါ်ဆောင်သွားခဲ့ပြီး စက်လှေ ၃ စင်းဖြင့် ခရီးသည်အချို့အား ကျောက်တန်းကျေးရွာဘက်သို့ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း၊ စက်လှေလုံလောက်မှုမရှိ၍ AA အဖွဲ့အချို့နှင့် ခရီးသည်အချို့မှာ အဆိုပါကမ်းစပ်နား၌ စောင့်ဆိုင်းနေစဉ် ရဲတပ်သား စိုင်းနိုင်အောင် အပါအဝင် ငါးဦးအား ကြိုးဖြင့်တုပ်၍ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ပြီး ရေထဲသို့ ပစ်ချခဲ့ကြောင်း၊ ပစ်ခတ်မှုကြောင့် ရဲတပ်သား စိုင်းနိုင်အောင်မှာ ထိခိုက်ဒဏ်ရာ အနည်းငယ်သာရရှိခဲ့ပြီး ရေထဲသို့မျောပါသွားခဲ့ကာ ကျောက်တန်းကျေးရွာအနီးသို့အရောက် တပ်မတော်၏ရှာဖွေ ကယ်ဆယ်ရေး စစ်ကြောင်းများနှင့် တွေ့ရှိခဲ့သဖြင့် ယခုကဲ့သို့ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

တပ်မတော်အနေဖြင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူများအား ဝေဟင်မှ ရဟတ်ယာဉ်များက လည်းကောင်း၊ မြေပြင်ရှိ တပ်မတော်စစ်ကြောင်းများ ကလည်းကောင်း ပေါင်းစပ်ညှိနှိုင်း၍ အမြန်ဆုံးကယ်တင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသူများအနက် ၁၅ ဦးအား ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး ကျန်ရှိနေသူများအားလည်း အမြန်ဆုံး ပြန်လည်ကယ်တင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် သတင်းပေါက်ကြားမှုနှင့်ပတ်သက်၍ ရွှေနဒီအမြန်ရေယာဉ်လိုင်းအား လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၁၀-၂၀၁၉ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆:၀၀ – တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၀၀ – Breakfast News
- ၈:၃၅ – "တိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်" (NCA) (Video Clip)
- ၈:၄၅ – "ခေါင်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့"
- ၁၀:၃၀ – "ဒေါက်တာအဲ(န်)နာရွှေလွမ်း (ချင်းလူနည်းစု)(ဗိုဖေး) ချင်း မျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
- ၁၂:၃၀ – "ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် UEHRD ညှိနှိုင်းရေးမှူးချုပ်နှင့် တွေ့ဆုံ မေးမြန်းခန်း"
- ၁၃:၄၀ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၁၄:၀၀ – အခြေအနေအချိန်အခါ နေရာမရွေးသက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်ကိုသတိပြုပါ
- ၁၅:၀၀ – နိုင်ငံခြားဇာတ်လမ်းတွဲ

**ညပိုင်း**

- ၁၆:၂၀ – "ဦးကျော်သူ(ခေါ်)ရိုလန်ချောင်ထရီနှင့် ကိုကို(စက်မှုတက္ကသိုလ်)တို့ တွေ့ဆုံ မေးမြန်းခန်း"
- ၁၆:၃၅ – ဒေသတစ်လွှား စိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁) (၁၁ ဘာသာလုံး တင်ဆက်ထားပါသည်)
- ၁၇:၀၅ – "ဦးတိုးအောင် အငြိမ်းစား ကုလသမဂ္ဂအရာထမ်း UEHRD ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ်နှင့်တွေ့ဆုံ မေးမြန်းခန်း"
- ၁၈:၃၀ – "2018 Optimist Asian & Ocenia Championship"
- ၁၉:၂၅ – နိုင်ငံခြားဇာတ်လမ်းတွဲ
- ၂၀:၀၀ – ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၀:၃၀ – ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစား ပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်
- ၂၀:၃၅ – "ခေါင်လန်ဖူးအလွန်မှ ဒီးလာဝါဇီကျေးရွာသို့"
- – နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာခေါက်ဆွဲ" (အပိုင်း-၅)

## ဒလမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

**ဒလ အောက်တိုဘာ ၂၈**

ဒလမြို့နယ် ကျန်းမာရေးဝန်ထမ်း အိမ်ရာရပ်ကွက် ဇီဇဝါလမ်းတွင် ယနေ့မွန်းလွဲ ၂ နာရီခန့်က တစ်ထပ်ပျဉ်ထောင်လိုင်း ရှစ်ခန်းတွဲ၊ လိုင်းအမှတ်(၆၄)ရှိ အခန်း (၄)နေ ကျန်းမာရေးဝန်ထမ်း ဒေါ်တင်မြင့်၏အခန်းမှစတင်၍ မီးလောင်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် လိုင်းအမှတ်(၆၄)ရှိ တစ်ထပ်ပျဉ်ထောင်လိုင်း (၈)ခန်းတွဲ မီးလောင်ကျွမ်းခဲ့၍ အိမ်ထောင်စု ကိုးစု၊ လူဦးရေ ၃၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး ၎င်းတို့ကို ယာယီနေထိုင်ရေးအတွက် ရပ်ကွက်ဓမ္မာရုံတွင် နေရာချထားပေးခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်းသိရသည်။ **မေရီစိုး(ပြန်/ဆက်)**



## ပင်လောင်း၊ တောင်ကြီး ၊ မိုးမိတ် မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၈**

မူးယစ်တပ်ဖွဲ့စု(၂၆)ပင်လောင်းနှင့် နောင်တရား နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ပင်လောင်းမြို့နယ် ပေါ့ယားကျေးရွာအုပ်စု ထီရီးကျေးရွာနေ သန်းထွန်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁,၅၈၅ ပြားကို လည်းကောင်း၊ အလားတူ လုံးပိုးကျေးရွာအုပ်စု နောင်ကားခေါင်းကျေးရွာနေ တလင်း၏နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ တမောင်၊ ကျော်စိန်အား တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၃ ပြား သိမ်းဆည်းရမိခဲ့ကာ ကွင်းဆက်အရ မြောက်ထိဗ္ဗာကျေးရွာအုပ်စုလယ်ကြားကျေးရွာနေ မြင့်အောင်၏ နေအိမ်ကို ရှာဖွေရာ မီးဖိုခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃,၄၇၅ ပြား၊ ဘိန်း ၂ ဒသမ ၃ ကီလိုနှင့် ဘိန်းဆီခဲ ၁၀၀ ဂရမ်တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။



ကိုမောင်အား ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယင်းနေ့ည ၈ နာရီခန့်က တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် လွယ်ကော်ကျေးရွာအုပ်စု တောင်ပြို ကျေးရွာအနီး တောင်ကြီး-ဇလဲ-ဆက်သေသွားကားလမ်းတွင် ကိုမောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇,၉၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ညနေ ၄ နာရီတွင် မူးယစ်တပ်ဖွဲ့စု(၅၈)မိုးမိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု မလွှပင် သစ်ထုတ်လုပ်ရေး စခန်းအနီးတွင် ဒေါ်ရီရီနိုင် မောင်းနှင်ပြီး ဖွဲလင်းမျိုး လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂,၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## ဖာပွန်မြို့၌ စိန့်ထရေဇာဘုရားရှိခိုးကျောင်း ဘော်ဒါဆောင် မီးလောင်

**ဖာပွန် အောက်တိုဘာ ၂၈**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ်တွင် ယနေ့နံနက် ၆ နာရီ မိနစ် ၂၀ ခန့်က အမှတ်(၃)ရပ်ကွက်ရှိ စိန့်ထရေဇာ ဘုရားရှိခိုးကျောင်းအတွင်းရှိ အမျိုးသမီးဘော်ဒါဆောင်တွင် ဖယောင်းတိုင်မီးမှတစ်ဆင့် မီးစတင်လောင်ခဲ့သည်။ အဆိုပါမီးလောင်မှုကြောင့် အမျိုးသမီးဘော်ဒါဆောင် ပေ(၂၀ x ၅၀)၊ သွပ်မိုး၊ ပျဉ်ခင်းမီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာနေရာသို့ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦး၊ ဖာပွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးဇော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၄၀ ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ **ကျော်ဝဏ္ဏ(ပြန်/ဆက်)**

## နယ်မြေလှည့်ကင်းဆောင်ရွက်စဉ် ဆိုင်ကယ်တစ်စီးနှင့်ပစ္စည်းများသိမ်းဆည်းရမိ

**မင်းလှ အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ရဲတပ်ဖွဲ့ မှ အောက်တိုဘာ ၂၈ ရက် နံနက် ၁ နာရီခွဲခန့်က နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မိုးဝင်း ဦးဆောင်၍ တပ်ဖွဲ့ဝင်များ လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် အမှတ်(၇)ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းထိပ် ဝန်ထမ်းအိမ်ရာအနီးသို့ရောက်ရှိစဉ် လှိုင်သာယာမြို့နယ်နေ အောင်ပြည့်ဖြိုး(၂၇ နှစ်)နှင့် ဟိန်းထက်အောင်(၂၁ နှစ်)၊ လှည်းကူးမြို့နယ်နေ မင်းမင်းဦး(၂၇နှစ်)တို့ သုံးဦးအား ဆိုင်ကယ်တစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိ၍ စစ်မေးခဲ့ရာ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ )**

## မူဆယ်တွင် လမ်းဖြတ်ကူးသူအား ဆိုင်ကယ်နှင့်တိုက်မိ၍ သေဆုံး

**မူဆယ် အောက်တိုဘာ ၂၈**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့ ကောင်းမူလွယ်ရပ်ကွက် ပြည်ထောင်စုလမ်းမကြီးပေါ် နန်းတော်ဂိတ်အနီး (မြန်မာ-တရုတ် နှစ်နိုင်ငံ ဝင်/ထွက်သည့်ဂိတ်)တွင် ယနေ့နံနက် ၈ နာရီက ကွတ်ခိုင်မြို့နယ် နမ့်ဖက်ကာရွာနေ ထန်မြင့်ချောက် (၅၀ နှစ်)သည် မန့်ဝိန်းရပ်ကွက်မှ နာရီစင်ဘက်သို့ ဆိုင်ကယ် မောင်းနှင်လာရာ နန်းတော်ဂိတ်အနီး ရွှေရာဇာသုံးဘီးယာဉ်ဂိတ်ရှေ့အရောက်တွင် ပြည်ထောင်စုလမ်းမကြီးပေါ် လမ်းဖြတ်ကူးနေသည့် မင်းလှမြို့နယ်နေ ကျော်စိုးအောင်အား ဝင်တိုက်မိရာ ကျော်စိုးအောင်မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

အဆိုပါအခင်းဖြစ်ပွားရာနေရာသို့ မူဆယ်ယာဉ်ထိန်းရုံးမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီး ဆိုင်ကယ်အားမဆင်မခြင်မောင်းနှင်သူ ထန်မြင့်ချောက်ကို မူဆယ်ယာဉ်ထိန်းရဲစခန်းက ဥပဒေအရအမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုမိုင်း(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် Special One ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို သိရှိစေရန်နှင့် မူးယစ်ဆေးဝါး၏သားကောင် မဖြစ်စေရန် ရည်ရွယ်၍ လူငယ်နှင့်မူးယစ်ဆေးဝါး အန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၂၆ ရက်က အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်နှင့် ခရိုင်ပြန်/ဆက် ဦးစီးအရာရှိ ဒေါ်အေးအေးခိုင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ မူးယစ်တပ်ဖွဲ့စု(၄၀)မှ ဒုရဲမှူးစိုးနိုင်၊ ဒုတိယ မြို့နယ်ဥပဒေအရာရှိ ဒေါ်လှဲ့လှဲ့မိုးပွင့်ဖြူ၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးဘိုကြည်၊ ခရိုင်ပြန်/ဆက် ဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က မူးယစ်ဆေးဝါး၏ ဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ စသည့် သိကောင်းစရာများကို ဟောပြောဆွေးနွေးကာ ကျောင်းသား ကျောင်းသူများ သိလိုသည့် မေးခွန်းများကိုလည်း ပြန်လည်ဖြေကြားပေးခဲ့သည်။ ပြည်သူ့စကားဝိုင်းသို့ ကျောင်းသား ကျောင်းသူ ၁၅၀ ခန့် တက်ရောက်ခဲ့ကြသည်။ ဉာဏ်လင်း

## ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း တပ်ကုန်း၌ကျင်းပ

**တပ်ကုန်း အောက်တိုဘာ ၂၈**

နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၂၇ ရက်က ဥသျှစ်ကုန်းကျေးရွာအုပ်စု ညောင်ငါးပင်(တောင်)ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့် မြို့နယ် ဌာနဆိုင်ရာများဖြစ်သော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ၊ လျှပ်စစ်အင်ဂျင်နီယာဌာနနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် ညောင်ငါးပင်(တ)၊ ညောင်ငါးပင်(မ)နှင့် ဥသျှစ်ကုန်းကျေးရွာများမှ ဒေသခံပြည်သူများက ကျေးရွာချင်းဆက်လမ်း၊ ဆေးပေးခန်းအဆောက်အအုံ၊ ရွာတွင်းချောင်း ရေကာတာနှင့် တိမ်ကောနေသည့်ဆည်ကို တူးဖော်ပေးရန် စသည့် ဒေသ၏ လိုအပ်ချက်များကို တင်ပြမေးမြန်းခဲ့ကြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။ တင့်စိုးလွင်



## ဟုမ္မလင်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**ဟုမ္မလင်း အောက်တိုဘာ ၂၈**

ဟုမ္မလင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို အောက်တိုဘာ ၂၆ ရက်က ကက်သာစံပြကျေးရွာ အထကကျောင်း သရဖီခန်းမ၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ဟုမ္မလင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်ကြည်ကြည်က ပြည်သူ့စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်သော လမ်း၊ ကျောင်းအဆောက်အအုံ၊ ကျေးလက်ကျန်းမာရေးဌာန အဆောက်အအုံ၊ မြစ်ကမ်းထိန်းနံရံနှင့် စိုက်ပျိုးရေရရှိရေးတို့ကို တင်ပြဆွေးနွေးကြပြီး ကျေးရွာများ၌ မူးယစ်ဆေးဝါးသုံးစွဲမှုများ၊ ရောင်းဝယ်မှုများ ပပျောက်အောင် ဌာနဆိုင်ရာများက ဆောင်ရွက်ပေးရန်လည်း ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမေးမြန်းမှုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့သည်။ လင်းလင်း(ပြန်/ဆက်)

## မကွေးဆေးရုံကြီး၌ လူနာ ၆၀၀ ခန့်အား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်တော့မည်

**မကွေး အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးကို လက်ရှိ ခုတင် ၂၀၀ ဆံ့မှ ခုတင် ၅၀၀ဆံ့ ဆေးရုံကြီးအဖြစ် ခွင့်ပြုပေးရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြထားပြီးဖြစ်ရာ ၂၀၂၀ ပြည့်နှစ်အတွင်း၌ လူနာ ၆၀၀ ခန့်အား ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်တော့မည်ဟု ထင်မြင်ကြောင်း ဆေးရုံအုပ်ကြီး ဒေါက်တာ မြတ်စိုးက ပြောကြားသည်။

"လက်ရှိ ဆေးရုံဖွဲ့စည်းပုံနဲ့ ဘတ်ဂျက်က ခုတင် ၂၀၀ အတွက်သာ ဖြစ်ပါတယ်၊ ခုတင် ၅၀၀ တိုးချဲ့ခွင့်ရလာရင် ဘတ်ဂျက်လည်း တိုးလာမှာ ဖြစ်ပါတယ်၊ တိုးချဲ့ငါးထပ်ဆောင်ကြီးလည်း ပြီးသွားမယ်၊ မိခင်နှင့် ကလေး၊ မွေးကင်းစ သုံးထပ်ဆောင်လည်း ပြီးသွားမယ်ဆိုရင် လူနာဦးရေ ၆၀၀ လောက်ကို ကုသပေးသွားနိုင်မှာပါ"ဟု ဆေးရုံအုပ်ကြီးက ပြောသည်။

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီးအစိုးရရန်ပုံငွေ ပံ့ပိုးမှုများဖြင့် တည်ဆောက်နေသည့် ငါးထပ်တိုးချဲ့ဆောင်တစ်လုံး၊ ဂျပန်နိုင်ငံ JICA မှ လှူဒါန်းသည့် အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၈ သန်းတန် သုံးထပ်အဆောက်အအုံသစ် တစ်လုံးတို့မှာ ၂၀၂၀ ပြည့်နှစ်အတွင်း ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

၁၉၆၄ ခုနှစ်မှစ၍ ခုတင် ၂၀၀ ဆံ့ ဆေးရုံကြီးအဖြစ် သက်တမ်း ၅၅ နှစ်ကြာ တည်ရှိခဲ့ပြီဖြစ်သော မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးမှာ ခုတင် ၂၀၀ ဆံ့ ဆေးရုံဟု အမည်ပေါက်သော်လည်း လက်ရှိအချိန်တွင် တိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီးမှ အတွင်းလူနာ ၅၀၀ ခန့်အား နေ့စဉ်ကျန်းမာရေးစောင့်ရှောက်မှု ပေးနေရသည်။

"ဝန်နဲ့အား မမျှသလို ကျန်းမာရေးဝန်ထမ်း ဆရာ ဆရာမတွေ၊ ဆရာဝန်တွေကလည်း အလုပ်ကို နှစ်ဆလောက် လုပ်နေရတာကို တွေ့ရပါတယ်၊ ဒါကြောင့်လည်း ခုတင် ၅၀၀ အဆင့် တိုးမြှင့်ပေးဖို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကို တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်"ဟု ဆေးရုံအုပ်ကြီးက ဆိုသည်။

ဆေးရုံတက်လူနာများအား ဝန်ဆောင်မှုအားလုံး အခမဲ့ မလုပ်ပေးနိုင်သေးသော်လည်း တတ်နိုင်သမျှ အခမဲ့ လုပ်ဆောင်ပေးနေကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်တွင် စေတနာရှင်များ လှူဒါန်းထားသည့် ဆေးပဒေသာပင် ငွေကျပ်သိန်း ၉၀၀ ကျော်ရှိပြီး အရင်းကို ထုတ်မသုံးဘဲ အတိုးရငွေဖြင့် ချို့တဲ့နွမ်းပါးသည့် လူနာများအား ရွေးချယ်ထောက်ပံ့ပေးလျက်ရှိကြောင်း ဆေးရုံအုပ်ကြီး၏ ပြောကြားချက်အရ သိရသည်။

ဇေယျာတု(မကွေး)

## ဖောင်တော်ဦးဘုရား ကမ်းပြိုမှုအန္တရာယ်ကင်းဝေးစေရန် ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်

**ရေစကြို အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၄) ဖောင်တော်ဦး ရပ်ကွက်တွင် အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးဘုရားသည် ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် ကမ်းထိန်းနံရံအောက်ခြေ ပျက်စီးပြီး ရေနက်အိုးများ ဖြစ်ပေါ်နေသည့်အတွက် ကမ်းပြိုမှုအန္တရာယ် ကင်းဝေးစေရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အရေးပေါ် ရန်ပုံငွေ ကျပ် ၈ ဒသမ ၅ သန်းဖြင့် မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရေ တိုက်စားလို့ ဖောင်တော်ဦးဘုရားကြီးရဲ့ ကမ်းထိန်းနံရံအောက်ခြေ ပျက်စီးပြီး ရေနက်အိုးများ ဖြစ်ပေါ်နေတဲ့အတွက် ဘုရားကြီးနဲ့ မြို့နေပြည်သူများ ကမ်းပြိုမှုအန္တရာယ် ကင်းဝေးစေရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က အရေးပေါ်ရန်ပုံငွေကျပ် ၈၆ ဒသမ ၅ သန်း ခွင့်ပြုပေးခဲ့ပါတယ်၊ ခွင့်ပြုငွေ ရရှိချိန်မှာ ချင်းတွင်းမြစ်ရေ မြင့်တက်နေတဲ့အတွက် လုပ်ငန်းဆောင်ရွက်နိုင်ခြင်း မရှိပါဘူး၊ ရေနည်းကာလ အောက်တိုဘာလ ဒုတိယပတ်ထဲမှာ လုပ်ငန်းစတင်နိုင်ဖို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့ဝင်များ ညှိနှိုင်းပေါင်းစပ်ပြီး တစ်မီတာပတ်လည်ရှိ သဲအိတ်ချခြင်း လုပ်ငန်းများ ဆောင်ရွက်နေပါတယ်၊ အောက်တိုဘာ ၂၇ရက်အထိ သဲအိတ် ၁၀၀၀ ကျော် ချထားပြီးဖြစ်ပါတယ်" ဟု မကွေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဦးသက်စိုးထိုက်က ပြောသည်။



ကမ်းပြိုမှုအန္တရာယ် ကင်းဝေးရေးအတွက် သဲအိတ်ချခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ယခုအခါ ချင်းတွင်းမြစ်ရေ တိုက်စားမှုကြောင့် ကမ်းထိန်းနံရံအောက်ခြေ ကြံ့ခိုင်ရေးအတွက် တစ်မီတာ ပတ်လည် သဲအိတ် ၆၀၀၀ ချရန် သတ်မှတ်ထားပြီး လောလောဆယ် သဲအိတ် ၅၀၀၀ ကို ချသွားမည်ဖြစ်ကြောင်းနှင့် ကျန်သဲအိတ် ၁၀၀၀ ကို ရေအနည်းဆုံးကာလတွင် ဖိုင်နယ်လုပ်ငန်းအဖြစ် ဆက်လက် ချသွားမည်ဖြစ်ကြောင်း လက်ထောက်အင်ဂျင်နီယာ၏ ပြောကြားချက်အရ သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

## တက္ကသိုလ်ဝင်တန်း ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြု

**တောင်ငူ အောက်တိုဘာ ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မဟာမေတ္တာဖောင်ဒေးရှင်း၏ ပညာဒါနအစီအစဉ်အရ ဖွင့်လှစ်ထားသည့် တက္ကသိုလ်ဝင်တန်း အထောက်အကူပြုသင်တန်းတွင် တက်ရောက်သင်ယူပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ် စာမေးပွဲတွင် ရာနှုန်းပြည့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပညာရည်ထူးချွန်ဆု ပေးအပ်ချီးမြှင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က အမေ့အိမ် ဟိုတယ်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် တောင်ငူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် မဟာမေတ္တာဖောင်ဒေးရှင်း နာယက ဦးမြင့်ညို(အမေ့အိမ်)တို့က အမှာစကားပြောကြားပြီး ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ဖောင်ဒေးရှင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သုံးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ငါးဦး အပါအဝင် ကျောင်းသားကျောင်းသူ ၂၃ ဦးတို့အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

မဟာမေတ္တာဖောင်ဒေးရှင်းက ဖွင့်လှစ်ထားသည့် အဆိုပါ ပညာဒါနကျောင်းတွင် ၂၀၁၅-၂၀၁၆ မှ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အထိ ကျောင်းသားကျောင်းသူ ၈၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြရာ လေးနှစ်ဆက်တိုက် ရာနှုန်းပြည့် အောင်မြင်ခဲ့ကြောင်း သိရသည်။ (ဝ၄၈)

## ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သည့် မြေများအတွက် လျော်ကြေးငွေပေးအပ်

**ဗန်းမောက် အောက်တိုဘာ ၂၈**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း ကသာ-ဗန်းမော် ရထားလမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသည့် မြေယာများအတွက် နစ်နာသူ တောင်သူများအား လျော်ကြေးငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၈ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လျော်ကြေးငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက အမှာစကားပြောကြားပြီး ရထားလမ်းဖောက်လုပ်ရာတွင် ပါဝင်သွားခဲ့သည့် လယ်၊ ယာ၊ ကိုင်းမြေဧရိယာ ၂၀၈ ဒသမ ၃၇ ဧကအနက် တောင်သူများ နစ်နာဆုံးရှုံးသွားသည့် ၄၉ ဒသမ ၁၇ ဧကအတွက် လယ်မြေတစ်ဧကလျှင် ငွေကျပ် ၁၅ သိန်း၊ ယာနှင့် ကိုင်း တစ်ဧကလျှင် ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် စုစုပေါင်း လျော်ကြေးငွေကျပ် ၆၉၄၉၅၀၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တောင်သူ ၅၁ ဦးထံ ခွဲဝေပေးအပ်ခဲ့သည်။ ဆီမီးခုံ-နန်းရီ



တောင်သူတစ်ဦးထံသို့ မြေယာလျော်ကြေးငွေ ပေးအပ်နေစဉ်

## စလင်းမြို့နယ် သရက်တောကျေးရွာရှိ စပါးစိုက်ခင်းများတွင် နှံဖြတ်ပိုးကျရောက်နေ

**စလင်း အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် သရက်တောကျေးရွာ ကွင်းအမှတ်(၂၀၄)မှ ဒေသခံတောင်သူနှစ်ဦး၏ ကောက်စောကောက်ညှင်းစပါးစိုက်ခင်း သုံးဧကတွင် နှံဖြတ်ပိုးများ ကျရောက်နေကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ကွင်းဆင်းဝန်ထမ်းများ၏ တွေ့ရှိချက်အရ သိရသဖြင့် မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးနှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၂၇ ရက်တွင် အဆိုပါစပါးစိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေးကာ ပိုးမွှားအန္တရာယ်ကို လျင်မြန်ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်လင်း ဦးဆောင်ပြီး မြို့နယ် ပိုးမွှားကာကွယ်ရေးတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်မွေး၊ လင်းဇင်းတိုက်နယ် စိုက်ပျိုးရေးနည်းပညာ ပြန့်ပွားရေးစင်တာမှ တာဝန်ခံ လက်ထောက်ဦးစီးမှူး ဒေါ်ခိုင်မွန်စိုးနှင့် ကွင်းဆင်းဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ ပိုးကျရောက်နေသည့် စပါးစိုက်ခင်းသို့ သွားရောက်စစ်ဆေးပြီးနောက် နှံဖြတ်ပိုး၏ သဘောသဘာဝနှင့် ပိုးကောင်အသွင်ကူးပြောင်းမှု အဆင့်ဆင့်ကို မြို့နယ်ဦးစီးမှူးက တောင်သူများအား လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားခဲ့သည်။


ဒေသခံတောင်သူများအား ပိုးနှိမ်နင်းနည်းလမ်းများ ပညာပေးဟောပြောစဉ်။

ထို့အပြင် ပိုးနှိမ်နင်းရေးအတွက် လောက်ကောင် (ပိုးတုံးလုံး)ဘဝမှ ပိုးရုပ်ဖုံးဘဝသို့ အသွင်ကူးပြောင်းချိန်တွင် စိုက်ခင်းအတွင်း ရေသွင်းခြင်း၊ ထယ်ထိုး ထွန်မွှေခြင်း၊ ရိုးပြတ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် သင့်တော်သော ပိုးသတ်ဆေးသုံးစွဲခြင်း စသည့် သင့်လျော်သည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် အမြစ်ပြတ် နှိမ်နင်းရန်အတွက်လည်း တောင်သူများအား ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် သရက်တောကျေးရွာ ဓမ္မာရုံ၌ ဒေသခံတောင်သူများနှင့် ထပ်မံတွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ပြုလုပ်ခဲ့ရာ တောင်သူ ၆၉ ဦးတက်ရောက်ပြီး မြို့နယ်ဦးစီးမှူးက စိုက်ပျိုးရေးနှင့် ပိုးနှိမ်နင်းရေး သိကောင်းစရာများကို ဟောပြောခဲ့သည်။ ထို့အပြင် စိုက်ပျိုးရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သလို လယ် ၁၅ ဧကအတွက် ထိသေ စားသေ အာနိသင်ရှိသည့် ဆေးနမူနာ ပိုးသတ်ဆေး သုံးမျိုးကိုလည်း အခမဲ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုးမိုးသူ(စလင်း)**

## မြောက်ယမားရေလှောင်တမံ လက်ယာတိုးချဲ့ ရေသောက်စနစ် ဧရိယာအတွင်း မိုးစပါးအောင်ရေနှင့် စိုက်ပျိုးရေ စနစ်တကျ ရယူနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပုလဲ အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မြောက်ယမားရေလှောင်တမံ လက်ယာတိုးချဲ့ရေသောက်စနစ် ဧရိယာအတွင်းမှ လယ်ယာမြေများတွင် မိုးစပါးအောင်ရေ ရရှိရေးနှင့် စိုက်ပျိုးရေများ စနစ်တကျ ရယူသုံးစွဲနိုင်ရေးအတွက် ရေပေးမြောင်း လက်တံအမှတ်(၁၀)သို့ ဌာနဆိုင်ရာ တာဝန်ရှိသူများအဖွဲ့က အောက်တိုဘာ ၂၆ ရက်တွင် ကွင်းဆင်းကာ တောင်သူများနှင့် တွေ့ဆုံခဲ့သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်၊ မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဦးစီးအရာရှိ ဒေါ်နန်းငြိမ်းငြိမ်းနှင့် ဝန်ထမ်းများ၊ မြောက်ယမား ရေကူရေလှောင်တမံမှ တာဝန်ခံ ဦးစီးအရာရှိ ဦးထိန်လင်းနှင့် ဝန်ထမ်းများက မြောက်ယမားရေလှောင်တမံအတွင်း ရေဝင်ရောက်မှု အခြေအနေများနှင့် လက်ယာ တိုးချဲ့ရေသောက်စနစ်၏ ရေပေးမြောင်း လက်တံအမှတ်(၁)မှ လက်တံအမှတ်(၁၁)အထိကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထို့နောက် မိုးစပါးအောင်ရေရရှိရေးနှင့် စိုက်ပျိုးရေကို တောင်သူများအနေဖြင့် စနစ်တကျ ညီညွတ်မျှတစွာ ရယူသုံးစွဲနိုင်ရေးအတွက် လက်ယာတိုးချဲ့ရေသောက်စနစ် ဧရိယာအတွင်းရှိ ကျေးရွာအုပ်စုများမှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တောင်သူများနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၄)မှ ဝန်ထမ်းများ ညှိနှိုင်းဆွေးနွေးခဲ့ကာ ရေပေးမြောင်း လက်တံအမှတ်(၁၀)သို့ ရေဝင်နည်းနေသောကြောင့် ရေဝင်ရောက်မှု များလာစေရေးအတွက် ဆောင်ရွက်ပေးရမည့် လုပ်ငန်းအစီအမံများကိုလည်း ညှိနှိုင်းဆွေးနွေးခဲ့သည်။


ရေဝင်နည်းနေသော မြောင်းလက်တံအမှတ်(၁၀)၌ တာဝန်ရှိသူများ စစ်ဆေးနေစဉ်။

ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းစိုးက မိုးရွာသွန်းမှုနည်းသောကြောင့် ယခုနှစ်တွင် မြောက်ယမား ရေကူ ရေလှောင်တမံနှင့် မြောက်ယမား ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု နည်းသဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပေးဝေလျက်ရှိသော ဆည်ရေကို တောင်သူများအနေဖြင့် အကျိုးရှိစွာ သုံးစွဲရေး၊ လယ်ကြားမြောင်းများ စနစ်တကျ ဖောက်လုပ်ရေး၊ ရေသောက်မြောင်း တစ်ခုချင်းအလိုက် ရေလိုအပ်ချက်တူညီသော သီးနှံများကို အကွက်အလိုက် စိုက်ပျိုးရေး၊ သက်တမ်းတိုစပါးမျိုး၊ ရေငတ်ခံစပါးမျိုးနှင့် ယာစပါးမျိုးများ ပြောင်းလဲစိုက်ပျိုးရေး၊ စိုက်ပျိုးသည့် သီးနှံဧကစာရင်းများ စနစ်တကျ မှန်ကန်မှုရှိစေရေး စသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ မြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ဆက်လက် တွေ့ဆုံညှိနှိုင်း၍ ဆောင်ရွက်သွားရန် ဆွေးနွေးခဲ့သည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

## ကော့သောင်းမြို့နယ်မှ ကျေးလက်နေပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းထုတ်ပေး

**ကော့သောင်း အောက်တိုဘာ ၂၈**

လွှတ်တော်ကိုယ်စားလှယ်များ ဦးဆောင်၍ ကော့သောင်းမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့သည် ကော့သောင်းမြို့နယ် ရွှေပြည်စိုးကျေးရွာနေ ပြည်သူများအတွက် နိုင်ငံသားစိစစ်ရေးကတ်များကို အောက်တိုဘာ ၂၈ ရက်က ကျေးရွာသို့ ကွင်းဆင်းသွားရောက်၍ ထုတ်ပေးခဲ့သည်။

ကော့သောင်းမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများက လွန်ခဲ့သည့်လက ရွှေပြည်စိုးကျေးရွာသို့ ကွင်းဆင်းကာ ပြည်သူများနှင့် ကျောင်းသားကျောင်းသူများအတွက် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ဇော်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေထွန်းနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက



ကျေးရွာသို့သွားရောက်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## လေရှီးမြို့နယ်၌ ထောပတ်စိုက်ပျိုးရေး သင်တန်းဖွင့်

**လေရှီး အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ကုံကိုင်လုံရွာသစ်ကျေးရွာမှ ထောပတ်စိုက် တောင်သူများအား စိုက်ပျိုးရေးအသိပညာပေးသင်တန်းကို မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားနှင့် စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၃ မှ ၂၅ အထိ သုံးရက်ကြာ ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းတွင် မြန်မာနိုင်ငံ ထောပတ်စိုက်ပျိုးထုတ်လုပ်သူများအသင်း (တောင်ကြီး)မှ ဦးကျော်စိုးမြင့်နှင့် (ပြင်ဦးလွင်)မှ ဦးမျိုးညွန့်တို့က အခြေခံထောပတ်စိုက်ပျိုးနည်း၊ ကိုင်းကူးကိုင်းဆက်စိုက်နည်း၊ ဒေသတွင်းရှိ ထောပတ်မျိုးများကို ရွေးချယ်နည်းနှင့် အသီးများခူးရာတွင် စနစ်တကျ ခူးဆွတ်နည်းတို့ကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။ **စနေမောင်(ခန္တီး)**

## မြဝတီမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းပြုလုပ်

**မြဝတီ အောက်တိုဘာ ၂၈**

ကရင်ပြည်နယ် မြဝတီမြို့နယ် နဒီရန်လင်းမြိုင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့်ဌာနဆိုင်ရာများ ပူးပေါင်းပြီး အောက်တိုဘာ ၂၈ ရက်က ပြုလုပ်ခဲ့သည်။

ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်သည့် ပြည်သူ့စကားဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်သိန်းသန်းဌေးက ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြည်သူ့စကားဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေစိုးက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသများတွင် လမ်း၊ တံတား၊ ရေ၊ မီး ရရှိရေး ဆောင်ရွက်ပေးနေမှုများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူက ကျေးရွာများတွင် စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ ပိုးသတ်ဆေး စနစ်တကျသုံးရေး စသည့် တောင်သူနည်းပညာပေး ဆွေးနွေးမှုများ ပြုလုပ်နေပုံများ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးစလင်းရောင်က မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းများ ပြုလုပ်ပေးနေမှု အခြေအနေနှင့် ပြုလုပ်ရန်လိုအပ်သည့် အချက်အလက်များ၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူက မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် ဆောင်ရန် ရှောင်ရန် အချက်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းက ပလတ်စတစ်အိတ်အသုံးပြုမှု လျှော့ချရေး၊ ပလတ်စတစ်အိတ်များ၏ ဆိုးကျိုးများ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ရေးနှင့် သစ်တောသစ်ပင် ထိန်းသိမ်းရေးတို့ကိုလည်းကောင်း၊ ခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးမျိုးဝင်းနိုင်က စားသုံးသူရေးရာနှင့် ပတ်သက်ပြီး သိသင့် သိထိုက်သည့်အချက်များ၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်ပုံများကိုလည်းကောင်း ဆွေးနွေးခဲ့ကာ ဆွေးနွေးချက်များအပေါ် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်း၍ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားပေးခဲ့သည်။

**သိန်းသန်း(ပြန်/ဆက်)**

## လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း တနင်္သာရီမြို့နယ်၌ကျင်းပ

**တနင်္သာရီ အောက်တိုဘာ ၂၈**

တနင်္သာရီမြို့နယ် ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက စီစဉ်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများ၊ မြိတ်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့တို့နှင့် ပူးပေါင်းပြီး အောက်တိုဘာ ၂၇ ရက်က ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် တနင်္သာရီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က အမှာစကားပြောကြားပြီး မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေသန္တာအောင်က ပြည်သူ့စကားဝိုင်းပြုလုပ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသူများဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကျော်ဇင်လတ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး(ကိုယ်စား) မြို့မရဲစခန်းမှူး ဒုရဲမှူးတင်အောင်၊ မြိတ်ခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းမောင်၊ ကုသရေးဦးစီးဌာနမှူး ဒေါက်တာလင်းထိုက်၊ မြို့နယ်ပညာရေးမှူး(ကိုယ်စား) ကြီးကြပ်ရေးမှူး ဒေါ်ခင်ဝင်းရီနှင့် မြိတ်ခရိုင် ဥပဒေအထောက်အကူပေးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးငွေဝင်းတို့က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ကပ်ဆိုးကဲ့သို့ ဒုက္ခပေးနေသော မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် ဆိုးကျိုးများကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့သည်။

ဆွေးနွေးမှုများအပေါ် ဆင်ခြေဖုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဒေါ်မြင့်မော်၊ မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးသန်းစိုးဝင်းနှင့် ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ဖြည့်စွက်မေးမြန်းကြပြီး ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားပေးခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## ရန်ကုန်ဈေးကွက်သို့ မိုးစိုက်ကြက်သွန်အသစ်နှင့် တရုတ်ကြက်သွန်နီများ ဝင်ရောက်လာ

**ရန်ကုန် အောက်တိုဘာ ၂၈**

ရန်ကုန်ပွဲရုံအချို့သို့ ကြက်သွန်နီဟောင်းများ အဝင်များလာပြီး ဈေးနှုန်းအနည်းငယ် ကျဆင်းလာချိန်တွင် မိုးစိုက်ကြက်သွန်နီအသစ်များနှင့် တရုတ်ကြက်သွန်နီများပါ ထပ်မံဝင်ရောက်မှုရှိလာသည်ဟု ဘုရင့်နောင် ကြက်သွန်ပွဲရုံများမှ သိရသည်။ လက်ရှိအချိန်တွင် အိန္ဒိယဈေးကွက်ဘက်မှ မြန်မာကြက်သွန်နီကို အဝယ်ရပ်နေခြင်းနှင့် ရန်ကုန်အဝယ် ပုံမှန်သာရှိနေခြင်းကြောင့် တစ်ပိဿာလျှင် ကျပ်တစ်ရာခန့် ဈေးနှုန်းကျဆင်းလာသည်ဟုလည်း သိရသည်။

ပုံမှန်အားဖြင့် ကြက်သွန်နီအသစ်များသည် နိုဝင်ဘာလကုန်ဝန်းကျင်ခန့်တွင်မှ ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်လေ့ရှိသော်လည်း ယခုနှစ်တွင် အချိန်စော၍ ဝင်ရောက်လာခြင်းဖြစ်ကာ မိုးစိုက်ကြက်သွန်နီအသစ်များ ဈေးကောင်းရရန် နယ်ကုန်သည်များက အချိန်စော၍ တင်ပို့ခြင်းဖြစ်ကြောင်း၊ ယခု ဈေးကွက်သို့ စတင်ဝင်ရောက်လာသော ကြက်သွန်နီများသည် အစိုဓာတ်နည်းပြီး အရောင်အဆင်းကောင်းပြီး တောင်တွင်းနယ်မှ တင်ပို့သော မိုးကြက်သွန်နီအသစ်များကို အရွယ်အစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀-၉၀၀-၁၀၀၀-၁၀၅၀ နှုန်း ရောင်းချရကြောင်း သိရသည်။

အဆိုပါ ကြက်သွန်နီသစ်များအပြင် မြန်မာနိုင်ငံအထက်ပိုင်း ကြက်သွန်စိုက်သည့်ဒေသများမှထွက်ရှိပြီး အိန္ဒိယနယ်စပ်ဈေးကွက်သို့ တင်ပို့သည့် ကြက်သွန်များထဲမှ ရွေးကျ အပယ်များကို မော်လမြိုင်နှင့် ရန်ကုန်ဈေးကွက်သို့ ရသည့် ဈေးဖြင့်ရောင်းရန် တင်ပို့မှုများလည်း ရှိခဲ့ရာ ထိုကြက်သွန်နီများမှာလည်း ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀-၅၀၀-၇၀၀ နှုန်းများဖြင့် ရောင်းချရကြောင်း သိရသည်။

ထို့အပြင် ရန်ကုန်ဈေးကွက်တွင် ပုံမှန် ဝယ်ယူအသုံးပြုမှုရှိသော တရုတ်ကြက်သွန်နီများမှာ ဘုရင့်နောင်တွင် လက်ကား တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ နှုန်းဈေးရှိပြီး လမ်းမတော် ညောင်ပင်လေးဈေးတွင် လက်လီ တစ်ပိဿာလျှင် ငွေကျပ် ၇၅၀ နှုန်းဖြင့် ပြန်လည်ရောင်းချနေရကြောင်း ညောင်ပင်လေးဈေးတွင် ကြက်သွန်နီရောင်းချနေသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ခင်ဆိုင်**

## ငရုတ်စိုက်တောင်သူများအတွက် စိုက်ပျိုးနည်းသင်တန်းများ ဖွင့်လှစ်ပေးမည်

**မန္တလေး အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အနေဖြင့် တစ်နိုင်ငံလုံးအတွင်းရှိ ငရုတ်စိုက်တောင်သူများအား စိုက်ပျိုးနည်းပညာသင်တန်းများ ဖွင့်လှစ်၍ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ငရုတ်စိုက်ပျိုးမှုများပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆိုပါသင်တန်းများကို ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကာ လက်ရှိအချိန်တွင် ငရုတ်စိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းစနစ်နည်းပညာပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်က “လက်ရှိအချိန်မှာတော့ ရောဝတီတိုင်းဒေသကြီးမှာ ငရုတ်တွေကို ပျိုးနေပါပြီ၊ စိုက်ပျိုးတဲ့အချိန်မှာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်း သင်တန်းကို အချိန်မီပေးနိုင်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ သင်ပြမယ့် နည်းပြဆရာကိုလည်း ချိတ်ဆက်မှုတွေ ဆောင်ရွက်ထားပါတယ်”ဟု ပြောသည်။

ငရုတ်သီးနှံသည် မြန်မာနိုင်ငံ၌ တစ်နှစ်ပတ်လုံးထွက်ရှိပြီး ဒေသအလိုက် ငရုတ်ထွက်ရှိသည့်အချိန် ကွာခြားတတ်ရာ ငရုတ်ထွက်ရှိသည့်ကာလအပေါ် မူတည်၍ ဒေသအလိုက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းစိုက်ပျိုးမှုနည်းပညာသင်တန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ငရုတ် စိုက်တောင်သူတွေ အများစုက စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းစနစ်ကို စိုက်ပျိုးနေကြပေမယ့် အချို့ကလည်း စိုက်ပျိုးမှု မရှိသေးပါဘူး။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းစနစ်နဲ့ စိုက်ပျိုးတဲ့အတွက် အရည်အသွေးပြည့်မီတဲ့ ငရုတ်တွေကို အခက်အခဲမရှိ ပြည်ပကို တင်ပို့နိုင်မှာဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောပြသည်။ မြန်မာနိုင်ငံအတွင်းမှ စိုက်ပျိုး ထွက်ရှိသော ငရုတ်ကို ပြည်ပဝယ်လက်များက ဝယ်ယူလျက်ရှိရာ လက်ရှိတွင် ဗီယက်နမ်နိုင်ငံက အများဆုံးဝယ်ယူနေကြောင်းနှင့် မြန်မာငရုတ်ကိုဝယ်ယူရန် ပြည်ပမှ အခြားကမ်းလှမ်းမှုများလည်း ရှိနေသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပွင့်ဖြူမြို့နယ်မှ ရွာနှစ်ရွာ၌ လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေဖြန့်ဝေနိုင်ရန်စီစဉ်

**ပွင့်ဖြူ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ လယ်မကျေးရွာနှင့် ကျွဲခြံကျေးရွာရှိဒေသခံတောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးအရာရှိ ဦးစည်သူဖြိုးဝင်းထံမှ သိရသည်။

အဆိုပါ ကျေးရွာများရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိက စီးပွားဖြစ် လုပ်ကိုင်နေကြသည့် ကျေးရွာများ ဖြစ်ကာ ယခုနှစ်တွင် တောင်သူများ သီးနှံဝင်ငွေ ပိုမိုရရှိစေရန်နှင့် သီးနှံထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် လျှပ်စစ်မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးရေ အပြည့်အဝ ပေးဝေသွားနိုင်ရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ခြင်းဖြစ်သည်။

"လယ်မကျေးရွာနဲ့ ကျွဲခြံကျေးရွာက စပါးစိုက် လယ်မြေတွေအတွက် လျှပ်စစ်မြစ်ရေတင်စနစ်နဲ့ စိုက်ပျိုးရေဖြန့်ဝေပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ပေးဖို့အတွက် ဒေသခံတောင်သူတွေကလည်း တင်ပြတောင်းဆိုထားပါတယ်။ လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် ဒီကျေးရွာတွေက လယ်မြေဧက ၅၀၀ ကျော်ကို အကျိုးပြုပေးနိုင်မှာဖြစ်ပါတယ်၊ လက်ရှိအခြေအနေမှာတော့ စီမံကိန်းလုပ်ငန်းအတွက် တောင်သူတွေနဲ့ တွေ့ဆုံဆွေးနွေးပြီးသွားပါပြီ။ စီမံကိန်းလုပ်ငန်းဆောင်ရွက်ဖို့အတွက် တိုင်းဒေသကြီးဦးစီးမှူးရုံးရဲ့ ညွှန်ကြားအတည်ပြုချက်ရတာနဲ့ မြေပြင်ကွင်းဆင်းပြီး အသေးစိတ်တိုင်းတာခြင်း လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု မြို့နယ်ဦးစီးအရာရှိက ပြောသည်။

လျှပ်စစ်မြစ်ရေတင်ဖြင့် ရေပေးဝေသည့်လုပ်ငန်း အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ငွေး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဦးစီးမှူး ဦးသန့်ချိုနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ အောက်တိုဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော အောက်တိုဘာလ ၁၉ ရက်နေ့မှ ၂၅ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁၉။ | ဆီးချိုရောဂါအကြောင်း သိကောင်းစရာ၊ အချိန်ခြားပြီး အစားစားခြင်း | Dr Khin. New Win | ဓမ္မဗျူဟာ | ၂၈၀၀ |
| ၂၀။ | ဗညားရှိန်း | ခင်နှင်းယု | ကံ့ကော်ဝတ်ရည် | ၄၀၀၀ |
| ၂၁။ | ခရုသေရေကြည်တောနှင့် အခြားဝတ္ထုတိုများ | မောင်ဆောင်း(မုံလှ) | လင်းသစ်ရောင်စဉ် | ၃၀၀၀ |
| ၂၂။ | ဆိပ်ဖလူးဝေစ ညနေခင်းတွေ | ပန်းငုဝါဝါ | ပန်းထေရတီ | ၃၅၀၀ |
| ၂၃။ | လိမ့်နေတဲ့ ကြယ် | သုခမိန်လှိုင် | ကြောင်နှစ်ကောင် | ၃၅၀၀ |
| ၂၄။ | အရှေ့မြို့ရိုးမှ မိုးရေစက်များ | တာရာမင်းဝေ | ကြောင်နှစ်ကောင် | ၃၈၀၀ |
| ၂၅။ | အမျိုးသားလုံခြုံရေးအယူအဆကို ခေတ်သစ်အမြင်ဖြင့် ပြန်လည်ဖွင့်ဆိုခြင်း | - | ရန်ကုန်လမ်းများ | ၂၀၀၀ |
| ၂၆။ | ကွန်မြူနစ်ပါတီ ကြေညာစာတမ်း | ထွန်းသန်း | ယဉ်မျိုး | ၁၅၀၀ |
| ၂၇။ | သူ့စာတမ်းများ | ဒေါ်သင်းကြည် (ပထဝီပါမောက္ခ) | ရန်ကုန်လမ်းမများ | ၇၅၀၀ |
| ၂၈။ | စာရေးဆရာများပြောကြသည့် ပြည်သူ့နီတိနယ်ပယ်ကြီး(၅)ရပ် | ကလောင်စုံ | ကောင်းသန့် | ၂၅၀၀ |
| ၂၉။ | အချိန်၏သဘောသဘာဝနှင့် ရူပဗေဒ၏သင်ခန်းစာအကျဉ်း (၇)ပုဒ် ကားလိုးရိုဗယ်လီ | လှိုင်သင်း(မြန်မာပြန်) | ဆန်းစသော်တာ | ၇၀၀၀ |
| ၃၀။ | ကမ္ဘာ့အရှည်ဆုံးပင်လယ်ကူး တံတားကြီးပေါ်မှဖြတ်သန်းခြင်း | စောမြင့်သန်း(ပေါက်တော) | Journalist Publishing | ၅၀၀၀ |
| ၃၁။ | ချိုးငှက်တို့၏ အိမ်ပြန်ခရီးနှင့် အခြားဝတ္ထုတိုများ | ရာမည(ဖိုးလပြည့်) | Global Peace Group | ၃၅၀၀ |
| ၃၂။ | ရော်ဘင်ဆင်ခရူးဆိုး၏ ရွက်လွှင့်ခရီး | နိုင်းနိုင်းစနေ | Synergy | ၂၀၀၀ |
| ၃၃။ | ကျွန်းလှ-မာန်အောင်ခရီးသည် | ချမ်းဇေ(ပင်လယ်) | အောင်စည်နေမျိုး | ၃၀၀၀ |

## ငါးသရောက်မြို့နယ်၌ ယခုနှစ် သုံးလမြေပဲ အထွက်နှုန်းကောင်းနေ

**ငါးသရောက် အောက်တိုဘာ ၂၈**

ညောင်ဦးခရိုင် ငါးသရောက်မြို့နယ်မှ မြေပဲစိုက် တောင်သူများ စိုက်ပျိုးခဲ့သည့် သုံးလမြေပဲများဖော်ချိန်တွင် အထွက်နှုန်းကောင်းသောကြောင့် မြေပဲ စိုက်တောင်သူများ မြေပဲရကြပြီး အဆင်ပြေနေကြကြောင်း ကုလားတဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းထိုက်ထံမှ သိရသည်။

ငါးသရောက်မြို့နယ်တွင် ရာသီဥတု မမှန်ကန်မှုများကြောင့် တောင်သူများအနေဖြင့် မိုးရာသီ သီးနှံများစိုက်ပျိုးရာတွင် အရှုံးခံ၍ စိုက်ပျိုးကြရကြောင်း၊ ယခုနှစ်တွင်လည်း မိုးဦးမိုးရွာသွန်းမှုမရှိခဲ့ခြင်းကြောင့် နှမ်းစိုက်တောင်သူများ နှမ်းမရခဲ့ကြောင်း၊ မိုးလယ်တွင် သုံးလမြေပဲများ စိုက်ပျိုးပြီးနောက်ပိုင်းတွင်မူ မိုးရွာသွန်းမှုကောင်းခြင်းကြောင့် သုံးလမြေပဲ နုတ်သိမ်းချိန်တွင် အထွက်နှုန်းကောင်းပြီး တစ်တင်းကျ (မျိုးစေ့တစ်တင်းစိုက်)လျှင် ၁၅ တင်းမှ တင်း ၂၀ အထိ ရရှိခြင်းဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

မြန်မာနိုင်ငံအလယ်ပိုင်း ညောင်ဦးခရိုင်တွင် ပါဝင်သော ငါးသရောက်မြို့သည် တစ်နှစ်ပတ်လုံး မိုးရေချိန် လက်မ ၂၀ အောက်သာရှိသည့် မိုးနည်းဒေသဖြစ်ကာ မိုးရာသီ တစ်ရာသီသာ စိုက်ပျိုးရေးကို လုပ်ကိုင်နိုင်ကြောင်း၊ မိုးရာသီတွင်လည်း စပါး ထက် နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပြောင်းတို့ကို အဓိက စိုက်ပျိုးကြကြောင်း၊ ယခင်က ထန်းတောင်သူ အမြောက်အမြား ရှိခဲ့သော်လည်း ထန်းလျက်ဈေးနှုန်း လျော့ကျခြင်းနှင့် ထန်းတက်လုပ်ငန်းသည် ပင်ပန်းဆင်းရဲခြင်းကြောင့် လူငယ်များက ပြည်ပနိုင်ငံများသို့သာ သွားရောက်အလုပ်လုပ်ကိုင်မှု များပြားလာခဲ့ကြောင်း သိရသည်။

**မောင်မောင်ထိန်**
**(ကျောက်ပန်းတောင်း)**



မြေပဲများ နုတ်သိမ်းပြီး စက်များဖြင့် ခြွေလှေ့နေစဉ်။

## သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့


# ဂူဂဲလ်၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများတွင် ယူနီကုဒ်ဆိုင်ရာ ပြောင်းလဲမှုများကို ထုတ်ပြန်ကြေညာ

**ရန်ကုန် အောက်တိုဘာ ၂၈**
ကမ္ဘာ့အကြီးဆုံး နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်ပြီး မြန်မာဘာသာ ယူနီကုဒ်စနစ်အတွက် ကူညီပံ့ပိုးမှုများလည်း အများဆုံး ဆောင်ရွက်ပေးနေသော Google အနေဖြင့် ၎င်း၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများတွင် ယူနီကုဒ်ဆိုင်ရာ ပြောင်းလဲမှုများကို အောက်တိုဘာ ၂၄ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

မြန်မာနိုင်ငံတွင် စာရိုက်ခြင်းအတွက် ယခင်က အများစု အသုံးပြုခဲ့သော ဇော်ဂျီ font အစား ကမ္ဘာတစ်ဝန်းလုံး လက်ခံထားသော ကွန်ပျူတာသုံး မြန်မာစာစနစ်ဖြစ်သည့် ယူနီကုဒ် font သို့ ပြောင်းလဲအသုံးပြုခြင်းကို နိုင်ငံတော်အစိုးရက ဦးဆောင်၍ အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ Google အနေဖြင့်လည်း ၎င်း၏ထုတ်ကုန် အက်ပလီကေးရှင်းများနှင့် ဝန်ဆောင်မှုများကို ယူနီကုဒ်ပြောင်းသုံးသူများ အဆင်ပြေစေရန်နှင့် Google မှ သတင်းအချက်အလက်များကို မြန်မာနိုင်ငံရှိ သုံးစွဲသူများ ပိုမိုလွယ်ကူစွာ ရှာဖွေရယူနိုင်ရန်အတွက် ပြောင်းလဲမှုများ ပြုလုပ်ပေးထားကြောင်း အဆိုပါ ထုတ်ပြန်ချက်အရ သိရသည်။

**Google Search Engine**

Google ၏ နာမည်အကြီးဆုံးနှင့် လူသုံးအများဆုံးဖြစ်သော Search Engine ဝန်ဆောင်မှုတွင် ဇော်ဂျီမှ ယူနီကုဒ်သို့ အလိုအလျောက် ပြောင်းလဲပေးသည့် စွမ်းဆောင်ရည်ကို ထည့်သွင်းခဲ့သည်။ ထို့ကြောင့် ဇော်ဂျီအသုံးပြုသူများ အနေဖြင့် ယူနီကုဒ်ဖြင့်သာ ဖတ်ရှုနိုင်မည့် သတင်းအချက်အလက်များကို ရှာဖွေရာတွင် ပိုမိုလွယ်ကူစေရန် ကူညီပေးသလို ယူနီကုဒ်သုံးနေသူများသည် ယူနီကုဒ်ဖြင့်ရိုက်ရှာသော်လည်း ယခင် ဇော်ဂျီဖြင့်ရိုက်ထားသည့် စာများကိုပါ မှန်ကန်စွာ ရှာတွေ့နိုင်မည်ဖြစ်သည်။




ထိုမျှသာမက Google သည် ဝက်ဘ်ဆိုက်စာမျက်နှာများ၏ အတွင်းပိုင်း index ကို ယူနီကုဒ်ဖြင့်သာ ပြောင်းလဲရေးဆွဲထားပြီး ယူနီကုဒ် အသုံးမပြုထားသည့် စက်ပစ္စည်းများတွင်လည်း ရှာဖွေမှုရလဒ်များကို ရှင်းရှင်းလင်းလင်း ပြသနိုင်ရန် web-font နည်းပညာကို အသုံးပြုခဲ့ကြောင်း၊ ထိုကဲ့သို့သော ပြောင်းလဲမှုကြောင့် Google ၌ မြန်မာစာဖြင့် ရေးသားရှာဖွေသည့် ရလဒ် အရည်အသွေးကို သိသိသာသာ တိုးတက်စေခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Google Translate**

အဆိုပါ ဇော်ဂျီမှ ယူနီကုဒ်သို့ ကူးပြောင်းပေးသည့်စနစ်ကို Google Search တွင်သာမက Google ၏ ဘာသာပြန် အက်ပလီကေးရှင်းများနှင့် ဝန်ဆောင်မှုများတွင်ပါ ထည့်သွင်းပေးခဲ့ကြောင်းလည်း သိရသည်။ ထို့ကြောင့် ယူနီကုဒ်ဖြင့်သာ အသုံးပြုနိုင်သော ဘာသာပြန်ဝန်ဆောင်မှုဖြစ်သည့် Google




Translate တွင်လည်း ဇော်ဂျီဖြင့် စာရိုက်ထည့်နိုင်မည်ဖြစ်သည်။ ထိုစာကို Google က ယူနီကုဒ်အဖြစ် ပြောင်းလဲပေးကာ ဘာသာပြန်လိုသည့် အခြား ဘာသာပေါင်း ၁၀၀ ကျော်သို့ ဘာသာပြန်ပေးနိုင်မည်ဖြစ်ကြောင်း၊ အခြား ဘာသာများမှ မြန်မာဘာသာသို့ အပြန်အလှန် ဘာသာပြန်နိုင်ရန်လည်း ကူညီပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Gboard ကီးဘုတ်**

ကွန်ပျူတာသုံး မြန်မာစာစနစ်အတွက် ယခင်ကပင် ဆောင်ရွက်ပေးနေခဲ့သော Google သည် Andriod အသုံးပြုသူများအတွက် ယူနီကုဒ်စနစ်ကို အထောက်အပံ့ပေးသည့် အခမဲ့ ကီးဘုတ်တစ်ခုဖြစ်သော Gboard ကီးဘုတ်ကိုလည်း ၂၀၁၇ ခုနှစ်ကပင် စတင်ဖန်တီးပေးထားခဲ့သည်။ အဆိုပါ Gboard ကီးဘုတ်သည် ယူနီကုဒ်ဖြင့် မြန်မာစာ ရေးသားရာတွင် ပိုမိုလွယ်ကူစေသည့် လက်ကွက်ပုံစံအဖြစ် အထောက်အပံ့ပေးနိုင်ခဲ့သည်။ Gboard ကီးဘုတ်၏ လက်ကွက်ပုံစံသည် ယခင် ဇော်ဂျီအတွက် ဒီဇိုင်းရေးဆွဲထားသည့် ကီးဘုတ်များကိုသာ သုံးစွဲခဲ့သူများအတွက်လည်း စာရိုက်ရာတွင် အခက်အခဲမရှိ လွယ်ကူစေသည့် ပုံစံဖြစ်သည်။





ထို့အပြင် Gboard ကီးဘုတ်တွင် မြန်မာဘာသာစကားအပြင် ရှမ်း၊ မွန်၊ စကောကရင်၊ ပိုးကရင်၊ အရှေ့ပအို့ဝ်၊ ရခိုင်ကဲ့သို့သော ဘာသာစကားများ သာမက အနောက်ကယားကဲ့သို့ မြန်မာအက္ခရာဖြင့် ရေးသား၍မရသော ဘာသာစကားများကိုပါ ရေးသားနိုင်စေရေးအတွက် Google မှ အင်ဂျင်နီယာများက မြန်မာနိုင်ငံရှိ ဘာသာစကား တတ်ကျွမ်းသူများနှင့်အတူ လက်တွဲလုပ်ကိုင်ခဲ့ရာ ယခုဆိုလျှင် ထိုဘာသာစကားအားလုံးကိုပါ Andriod တွင် Gboard ကီးဘုတ်ဖြင့် ရေးသားအသုံးပြုနိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**Machine Learning**

Google သည် မြန်မာဘာသာအတွက် Machine Learning စွမ်းဆောင်ရည်တစ်ခုကိုလည်း ဆောင်ရွက်နေခဲ့ရာ ယခု ၂၀၁၉ ခုနှစ် အစောပိုင်းတွင် ထိုစွမ်းဆောင်ရည်ကို Gboard ကီးဘုတ်ထဲ၌ ထည့်သွင်း၍ မိတ်ဆက်ပေးခဲ့သည်။ အဆိုပါ Machine Learning စွမ်းဆောင်ရည်အရ Gboard ကီးဘုတ်ကို အသုံးပြုသူသည် ကီးဘုတ်ထဲရှိ မိုက်ခရိုဖုန်းခလုတ်ကို ဖိနှိပ်၍ မြန်မာဘာသာစကားဖြင့် အသံထွက် ပြောကြားလိုက်ရုံဖြင့် Google ၏ Machine Learning နည်းပညာက အဆိုပါပြောစကားကို ယူနီကုဒ်စာသားအဖြစ် အလိုအလျောက် ပြောင်းလဲပေးနိုင်သည်။ အသံဖြင့် စာရိုက်နိုင်သည့် လုပ်ဆောင်ချက်ဖြစ်သည်။

ထို့အပြင် မြန်မာဘာသာအတွက် Machine Learning ဖြင့် ပံ့ပိုးထားသည့် အခြားစွမ်းဆောင်ရည်တစ်ခုမှာ လက်ဖြင့်ရေးသားခြင်း Hand Writing ဖြစ်ပြီး ထိုလုပ်ဆောင်ချက်ကိုလည်း Gboard ကီးဘုတ်တွင် အသုံးပြုနိုင်သည်။ ဖုန်းမျက်နှာပြင်ပေါ်တွင် မြန်မာစာလုံးပုံစံကို လက်ဖြင့် ပွတ်ဆွဲလိုက်ရုံဖြင့် ထိုပုံစံကို မြန်မာစာအဖြစ် ဖော်ပြခြင်းဖြစ်သည်။




မြန်မာနိုင်ငံတွင် ဇော်ဂျီမှ ယူနီကုဒ်သို့ ကူးပြောင်းရန် စိတ်ဝင်စားမှု မြင့်တက်လာသည့် ယခုနှစ် ဇူလိုင်လခန့်မှ စတင်ကာ အောက်တိုဘာလထဲတွင် Machine Learning နည်းပညာဖြစ်သော မြန်မာစကားသံဖြင့် စာရိုက်ခြင်းနှင့် Hand Writing ကို အသုံးပြုခြင်းတို့သည် မူလထက် ၁၀ ဆ ပိုမိုများပြားလာခဲ့ကြောင်း သိရသည်။

**Myanmar-Tools**

Developer များအတွက် ဇော်ဂျီမှ ယူနီကုဒ်သို့ အလိုအလျောက် ပြောင်းလဲပေးနိုင်သော Tool များကို အခမဲ့ရယူနိုင်ရန် GitHub ပေါ်တွင် Myanmar-Tools အမည်ရ open-source ကို Google က ဝန်ဆောင်မှုပေးထားသည်။ အဆိုပါ Tools များသည် ရေးသားထည့်သွင်းလိုက်မှုကို အလိုအလျောက် စစ်ဆေးပြီး ဇော်ဂျီဖြစ်နေမှသာ ယူနီကုဒ်အဖြစ်သို့ ပြောင်းလဲပေးမည်ဖြစ်သည်။ ထို့ကြောင့် ဖုန်းများတွင် ဇော်ဂျီနှင့် ယူနီကုဒ် နှစ်မျိုးပေါင်းရေးသားထားသော စာများကို ယူနီကုဒ်သို့ ပြောင်းလိုသည့်အခါ ဇော်ဂျီနှင့် ရေးထားသော စာများကိုသာ ရွေး၍ ယူနီကုဒ်ပြောင်းပေးခြင်းကြောင့် အမှားအယွင်းမရှိအောင် လုပ်ဆောင်နိုင်မည်ဖြစ်သလို အက်ပလီကေးရှင်း Developer များအနေဖြင့်လည်း ဇော်ဂျီနှင့် ဖြစ်စေ၊ ယူနီကုဒ်နှင့်ဖြစ်စေ အသုံးပြုလာမည့် သုံးစွဲသူ နှစ်မျိုးစလုံးအား အဆင်ပြေစွာ ဝန်ဆောင်မှုပေးနိုင်အောင် Myanmar-Tools က ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

Google ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ မူဝါဒရေးရာနှင့် အစိုးရဆက်ဆံရေး စီမံခန့်ခွဲသူ Mr. Jirawat Poomsrikaew က "Google ရဲ့ ရည်မှန်းချက်က ကမ္ဘာ့သတင်းအချက်အလက်တွေကို စုစည်းပေးပြီး အဲဒီအချက်အလက်တွေကို တစ်ကမ္ဘာလုံးကလူတွေ ရယူအသုံးပြုနိုင်ဖို့ပါပဲ။ အခုလို ယူနီကုဒ်ကို ကူးပြောင်းအသုံးပြုကြတဲ့အခိုက်အတန့်မှာ မြန်မာနိုင်ငံက Google အသုံးပြုသူတွေအနေနဲ့ သတင်းအချက်အလက်တွေကို ပိုပြီးလွယ်လွယ်ကူကူနဲ့ ရရှိဖို့ ကျွန်တော်တို့ရဲ့ နည်းပညာနဲ့ ကူညီခွင့်ရတာအတွက်လည်း ကျွန်တော်တို့ အများကြီးဂုဏ်ယူမိပါတယ်"ဟု ပြောကြားသည်။ Googleအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ အွန်လိုင်းမှ သတင်းအချက်အလက်များရယူရာတွင် ပိုမိုလွယ်ကူစေရန် ကူညီပေးမည့် လုပ်ဆောင်ချက်အသစ်များ၊ စွမ်းဆောင်ရည်အသစ်များဖြင့် ဆက်လက်ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**သူရဖြိုး**

# ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွက် MPT ၏ Mobile Seminar ပွဲများကို နိုင်ငံတစ်ဝန်းတွင် ကျင်းပသွားမည်

**ရန်ကုန် အောက်တိုဘာ ၂၈**
ပြည်တွင်းမှ မိုဘိုင်းဖုန်း သုံးစွဲသူများအနေဖြင့် မိုဘိုင်းဖုန်းများကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်သည့် အသိပညာများ ပိုမိုရရှိလာစေရန်နှင့် မိုဘိုင်းဝန်ဆောင်မှုများအပေါ်တွင် စိတ်ကျေနပ်မှုများ ပိုမိုရရှိစေရန် ရည်ရွယ်လျက် ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွက် MPT ၏ Mobile Seminar ပွဲများကို နိုင်ငံတစ်ဝန်း၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ Mobile Seminar များကို ယခုနှစ် အောက်တိုဘာလအတွင်းမှ စတင်ကာ ၂၀၂၀ မတ်လအထိ နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူဆိုင်ရာ နေရာများ၊ ကျောင်းများနှင့် တက္ကသိုလ်များ စသည့် နေရာဒေသ ၇၀ ၌ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ Mobile Seminar များပြုလုပ်မည့် အစီအစဉ်များကို MPT ၏ ဖေ့စ်ဘုတ်စာမျက်နှာ https://www.facebook. com/mptofficialpage တွင် ဝင်ရောက်လေ့လာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တယ်လီကွန်း ဆက်သွယ်ရေး နည်းပညာများနှင့် မိုဘိုင်းဖုန်းအသုံးပြုမှုများသည် အလျင်အမြန် ပြောင်းလဲတိုးတက်လျက်ရှိပြီး အဆိုပါ လက္ခဏာရပ်များသည် မြန်မာပြည်သူများ၏ လူမှုစီးပွားစံနှုန်းများ သိသိသာသာ မြင့်တက်လာသည့်အချက်ကို ဖော်ပြနေသကဲ့သို့ မိုဘိုင်းဖုန်းအသုံးပြုသူများကြားတွင် အလွဲသုံးစား ပြုလုပ် ခြင်း၊ ဆိုက်ဘာပြစ်မှုများကျူးလွန်ခြင်း စသည့် အန္တရာယ်ရှိသည့် အခြေအနေများလည်း ပိုမိုတိုးပွားလာနိုင်ခြေရှိသောကြောင့် ပြည်သူများအား အသိပညာပေးနိုင်ရန် အခမဲ့ တက်ရောက်နိုင်သည့် အဆိုပါ Mobile Seminar များကို MPT က ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Seminar များမှတစ်ဆင့် သုံးစွဲသူများအား သတင်းအချက်အလက် မျှဝေခြင်း၊ အန္တရာယ်ကင်းပြီး လုံခြုံစိတ်ချရသည့် အင်တာနက်လုပ်ဆောင်မှုများဖြစ်စေခြင်း၊ ဆိုက်ဘာပြစ်မှုနှင့် နှောင့်ယှက်ခြင်းများမှ ကာကွယ်ခြင်း၊ အင်တာနက်ကို ဘေးကင်းလုံခြုံစွာ အသုံးပြုရေးဆိုင်ရာ အသိပညာပေး မျှဝေခြင်းများအပါအဝင် အင်တာနက်ပေါ်တွင် ကိုယ်ပိုင်အချက်အလက်များကို ကာကွယ်ရန်နှင့် မိုဘိုင်းဖုန်းသုံးစွဲရာတွင် သိထားသင့်သည့် အချက်အလက်များ စသည့်အကြောင်းအရာများကို မျှဝေရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့အပြင် Mobile Seminar များတွင် ဆွေးနွေးမည့် အခြားခေါင်းစဉ်များမှာ လူမှုကွန်ရက်၊ ကျန်းမာရေးနှင့် မိုဘိုင်းအသုံးပြုမှု၊ မိုဘိုင်းဒေတာကို ထိရောက်စွာ အသုံးပြုခြင်း၊ MPT4U အက်ပလီကေးရှင်း အသုံးပြုခြင်း၊ MPT Club၊ MPT Money နှင့် အခြား သုံးစွဲသူဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်း စသည်တို့ဖြစ်ကြောင်း သိရသည်။

"MPT အနေနဲ့ မိုဘိုင်းဖုန်းအသုံးပြုမှုနဲ့ ဝန်ဆောင်မှုတွေကို မြန်မာနိုင်ငံသားအားလုံး ပိုမိုသိရှိလာစေဖို့ ဆက်လက်ကြိုးစားဆောင်ရွက်နေပါတယ်၊ ဒီနှစ်မှာ ကျွန်တော်တို့အနေနဲ့ ကွဲပြားခြားနားတဲ့ လူမှုအသိုက်အဝန်းက မျိုးဆက်သစ်လူငယ်တွေအတွက် ပိုပြီးအဓိကထားဆောင်ရွက်သွား မှာဖြစ်ပါတယ်။ မိုဘိုင်းနည်းပညာတွေကို ပိုမိုသိရှိနားလည် သဘောပေါက်ခြင်းနဲ့ ဝန်ဆောင်မှု ပိုမိုကောင်းမွန်ခြင်းဟာ သုံးစွဲသူတွေရဲ့ စိတ်ကျေနပ်မှုကိုရရှိစေဖို့ အထောက်အကူ ပြုနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု MPTမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

MPT အနေဖြင့် Mobile Seminar များကို ၂၀၁၆ ခုနှစ်ကပင် စတင်ကျင်းပခဲ့ရာ လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်းလုံး၌ ပွဲပေါင်း ၄၀၀ နီးပါး ကျင်းပနိုင်ခဲ့ပြီး ထိုပွဲများသို့ မိုဘိုင်းဖုန်းအသုံးပြုသူပေါင်း တစ်သိန်းကျော် တက်ရောက်ခဲ့ကြပြီးဖြစ်ကြောင်း၊ MPT သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Mobile Seminar များ ကျင်းပပြုလုပ်ခြင်းသာမက ဒေတာသုံးစွဲမှုများနှင့်ပတ်သက်၍ အသိပညာမြှင့်တင်ရေး လှုပ်ရှားမှုများကိုလည်း အခြားဆက်သွယ်ရေးအော်ပရေတာများနှင့် ပူးပေါင်းကာ ၂၀၁၈ နှင့် ၂၀၁၉ ခုနှစ်အတွင်း လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **သူရဖြိုး**

# အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းဆိုင်ရာ ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

*ယမန်နေ့မှအဆက်*

**အခန်း (၁၂)**

**နိုင်ငံရေးရာထူး လက်ရှိဖြစ်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ စောင့်ထိန်းရမည့် ကျင့်ဝတ်များ**

၅၀။ ဝယ်ယူခြင်းနှင့် ထုခွဲခြင်းလုပ်ငန်းစဉ်များကို စီစဉ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ဦးစီးဆောင်ရွက်ခြင်းနှင့် ဝယ်ယူခြင်းနှင့် ထုခွဲခြင်းစာချုပ်များကို အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်ရာတွင် ပါဝင်သော နိုင်ငံရေးရာထူး လက်ရှိဖြစ်သူများနှင့် နိုင်ငံ့ဝန်ထမ်းများသည် အောက်ပါအချက်များကို လိုက်နာရမည် -

(က) တင်ဒါတင်သွင်းသူများမှ ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ တရားမျှတပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ဝယ်ယူရေးဝန်ထမ်းများအား သီးခြားတာဝန်ပေးအပ်ရမည်၊

(ခ) ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အများပြည်သူ၏ အကျိုးစီးပွားအတွက် အစဉ်အမြဲ ဆောင်ရွက်ရမည်၊

(ဂ) တာဝန်ဝတ္တရားများကို ထမ်းဆောင်နေစဉ်တွင် အကျိုးစီးပွား ပဋိပက္ခဖြစ်စေခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ရမည်၊

(ဃ) တင်ဒါတင်သွင်းသူများ၏ ပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သော အချက်အလက်များအပါအဝင် ဝယ်ယူခြင်းနှင့် ထုခွဲခြင်းလုပ်ငန်းစဉ်နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များအားလုံးကို လျှို့ဝှက်ထားရမည်၊

(င) ယှဉ်ပြိုင်ရသည့် ဝယ်ယူခြင်းလုပ်ငန်းစဉ်များအား ရှောင်ရှားလိုသော ရည်ရွယ်ချက်ဖြင့် ဝယ်ယူခြင်းလိုအပ်ချက်များကို သေးငယ်သော အစိတ်အပိုင်းများအဖြစ် ခွဲခြမ်း၍ ဝယ်ယူခြင်း မပြုလုပ်ရ၊

(စ) ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ တင်ဒါဖွင့်လှစ်ခြင်း၊ တင်ဒါအား အကဲဖြတ်စိစစ်ခြင်းနှင့် တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုနိုင်ခြင်းတို့အား ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ထားသည့် အချိန်ထက် ကျော်လွန်၍ ကြန့်ကြာမှု မရှိစေရ။

၅၁။ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်သည့် နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ အရေးယူရမည်။

**အခန်း (၁၃)**

**ခုံအဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၅၂။ ဝန်ကြီးဌာနသည် ဤဥပဒေအရ တိုင်ကြားမှုများအပေါ် ကြားနာစစ်ဆေးဆုံးဖြတ်နိုင်ရန် အနည်းဆုံး ဝန်ကြီးဌာန (၃) ခုမှ ကိုယ်စားလှယ်များ ပါဝင်သော ခုံအဖွဲ့ကို ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းရမည်။ ဝန်ကြီးဌာနသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် တိုင်ကြားမှု ဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား သတ်မှတ်ပြဋ္ဌာန်းရမည်။

၅၃။ ခုံအဖွဲ့ဖွဲ့စည်းရာတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ဝယ်ယူခြင်းနှင့်ထုခွဲခြင်း ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်တွင် ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ကိုယ်စား ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ဖူးသူ သို့မဟုတ် တင်ဒါတင်သွင်းခြင်းနှင့် ဆက်စပ်မှုရှိခဲ့သူများ မဖြစ်စေဘဲ ဝယ်ယူခြင်းနှင့် ဝယ်ယူရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ နယ်ပယ်အသီးသီးတွင် အတွေ့အကြုံရင့်ကျက်၍ အများလက်ခံယုံကြည်မှုရှိသည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်။

၅၄။ ခုံအဖွဲ့သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ဝယ်ယူခြင်းဆိုင်ရာ တိုင်ကြားမှုများနှင့် စပ်လျဉ်း၍ စိစစ်သုံးသပ်ပြီး ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဝန်ကြီးဌာနက စိစစ်သုံးသပ်နိုင်ရေးအတွက် တိုင်ကြားသူမှ တင်ပြသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများကို ပြုစုခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အခြားသောတာဝန်များကို ဆောင်ရွက်ခြင်း။

၅၅။ တင်ဒါတင်သွင်းသူသည် ဝယ်ယူသည့်ဌာနအဖွဲ့အစည်းမှ တင်ဒါများအားလုံးကို ငြင်းပယ်ခြင်း သို့မဟုတ် အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းစဉ်ကို ဖျက်သိမ်းခြင်း ဆုံးဖြတ်ချက်များမှအပ ဝယ်ယူသည့်ဌာနအဖွဲ့အစည်း၏ လုပ်ငန်းတာဝန် ပျက်ကွက်ခြင်းကြောင့် ဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာမှု ဖြစ်ပေါ်ခဲ့လျှင် သို့မဟုတ် ဖြစ်ပေါ်နိုင်လျှင် ဤဥပဒေအရ ခုံအဖွဲ့မှ စိစစ်သုံးသပ်ဆုံးဖြတ်ပေးရန် တောင်းဆိုနိုင်သည်။

၅၆။ တိုင်ကြားမှုကို စိစစ်သုံးသပ်ပေးရန် ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသို့ စာဖြင့် လျှောက်ထားရမည်။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းက ဆုံးဖြတ်ရန် ပျက်ကွက်ပါက သို့မဟုတ် ၎င်း၏ဆုံးဖြတ်ချက်အား မကျေနပ်ပါက တင်ဒါတင်သွင်းသူသည် ခုံအဖွဲ့သို့ တိုင်ကြားနိုင်သည်။

၅၇။ ခုံအဖွဲ့သည် တိုင်ကြားမှုကိစ္စရပ်၏ ခက်ခဲရှုပ်ထွေးမှုအပေါ် မူတည်၍ တိုင်ကြားမှုဖြေရှင်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မည့်အချိန်ကို သတ်မှတ်ရမည်။ ထိုအချိန်သည် တိုင်ကြားစာလက်ခံရရှိပြီးနောက် တိုင်ကြားသူထံမှ ပြည့်စုံစွာ ကြားနာပြီးသည့်အချိန်မှစ၍ ရက်သတ္တ ၄ ပတ်ထက် မပိုစေရ။

၅၈။ တိုင်ကြားမှုကို ပယ်ချခြင်း မပြုပါက ခုံအဖွဲ့မှ အောက်ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်ကို ချမှတ် ကျင့်သုံးနိုင်သည် -

(က) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ဥပဒေနှင့် မလျော်ညီစွာ ဆုံးဖြတ်ခြင်း သို့မဟုတ် ပြုမူခြင်း သို့မဟုတ် ဥပဒေနှင့် မလျော်ညီသော လုပ်ထုံးလုပ်နည်းအား ကျင့်သုံးခြင်းတို့ကို တားမြစ်ခြင်း၊

(ခ) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ ဝယ်ယူခြင်းဆိုင်ရာ စာချုပ်ကို အသက်ဝင်မှုရှိရန် ဆုံးဖြတ်ချက်မှအပ ဥပဒေနှင့် မလျော်ညီသော ဆုံးဖြတ်ချက် သို့မဟုတ် အပြုအမူ တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပယ်ဖျက်ခြင်း၊

(ဂ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ဖော်ပြထားသည့် အခြားသော အရေးယူမှု နည်းလမ်းများ။

၅၉။ ခုံအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

**အခန်း (၁၄)**

**တားမြစ်ချက်နှင့် စီမံခန့်ခွဲရေးပြစ်ဒဏ်များ**

၆၀။ တင်ဒါတင်သွင်းသူသည် အောက်ဖော်ပြပါ ကိစ္စရပ်များတွင် ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် အားပေးကူညီခြင်း မပြုရ -

(က) လာဘ်ပေးလာဘ်ယူမှုပြုလုပ်ရန်အတွက် ကမ်းလှမ်းခြင်း၊

(ခ) ဝယ်ယူမှုလုပ်ငန်းစဉ် သို့မဟုတ် စာချုပ်အကောင်အထည်ဖော်မှုကို လွှမ်းမိုးစေရန် ရည်ရွယ်၍ အချက်အလက်များ မမှန်မကန် လိမ်လည်ဖော်ပြခြင်းကဲ့သို့ လိမ်လည်မှု၊

(ဂ) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ လွတ်လပ်၍ ပွင့်လင်းမြင်သာသော ယှဉ်ပြိုင်မှုကို သွေဖီစေရန် ဈေးပြိုင်ရာတွင် မဖြစ်နိုင်သော၊ သဘာဝမကျသော တင်ဒါဈေးနှုန်းသတ်မှတ်၍ တင်ဒါတင်သွင်းသူများအချင်းချင်း တင်ဒါမတင်သွင်းမီ သို့မဟုတ် တင်ဒါတင်သွင်းပြီးနောက် ပူးပေါင်းဆောင်ရွက်မှု။

၆၁။ တင်ဒါတင်သွင်းသူသည် အောက်ပါကိစ္စရပ်များအား ဖောက်ဖျက်ခြင်း သို့မဟုတ် ကျူးလွန်ခြင်း မပြုရ -

(က) တင်ဒါစာရွက်စာတမ်းပါ စည်းကမ်းချက်များအရ တင်ဒါအောင်မြင်သူက စာချုပ်တွင် လက်မှတ်ရေးထိုးရန် ငြင်းဆန်ခြင်း သို့မဟုတ် လုပ်ငန်းအာမခံကြေးအား ပြင်ဆင်ခြင်း၊

(ခ) ဝယ်ယူသည့် ဌာနအဖွဲ့အစည်း၏ တင်ဒါအောင်မြင်သူနှင့် စာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ချက်အား လွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် တင်ဒါတွင် အချက်အလက်များ မှားယွင်းဖော်ပြခြင်း၊

(ဂ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ သို့မဟုတ် ယှဉ်ပြိုင်မှုဥပဒေ သို့မဟုတ် ငွေကြေးဆိုင်ရာ ပြစ်မှုဥပဒေတစ်ရပ်ရပ်အရ တရားစွဲဆိုခံရခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဃ) တင်ဒါလုပ်ငန်းစဉ်တွင် တစ်ဆင့်ခံလုပ်ကိုင်သည့် ကန်ထရိုက်တာအနေဖြင့် ပါဝင်ခြင်း မဟုတ်ဘဲ တင်ဒါတစ်ခုထက်ပို၍ တင်သွင်းခြင်း၊

(င) ကန့်သတ်မှု မရှိသော တင်ဒါပါဝင်ယှဉ်ပြိုင်ရာတွင် အခြားတစ်ဦးတစ်ယောက်၏ အမည်ကို အသုံးပြုခြင်း သို့မဟုတ် ၎င်း၏ အမည်ကို အခြားတစ်ယောက်မှ အသုံးပြုရန် ခွင့်ပြုခြင်း။

၆၂။ တင်ဒါတင်သွင်းသူသည် ပုဒ်မ ၆၀ နှင့် ပုဒ်မ ၆၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ပါက တင်ဒါကော်မတီမှ အောက်ပါအတိုင်း အရေးယူခြင်းခံရမည် -

(က) ဝယ်ယူရေးလုပ်ငန်းစဉ်မှ ထုတ်ပယ်ခြင်း၊

(ခ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် အချိန်ကာလတစ်ခုအထိ အစိုးရ၏ တင်ဒါလုပ်ငန်းစဉ်များတွင် ပါဝင်ယှဉ်ပြိုင် ခွင့်မပြုခြင်း၊

၆၃။ မည်သူမဆို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ယှဉ်ပြိုင်မှုဥပဒေ သို့မဟုတ် ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အား ဖောက်ဖျက်လျှင် ပြစ်မှုကြောင်းအရ အရေးယူခံရမည်။

**အခန်း (၁၅)**

**အထွေထွေ**

၆၄။ အောက်ဖော်ပြပါ ကိစ္စရပ်များသည် ဤဥပဒေနှင့် အကျုံးဝင်ခြင်း မရှိစေရ -

(က) နိုင်ငံတော်၏ ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးအတွက် လျှို့ဝှက်ဆောင်ရွက်ရန် လိုအပ်သော အစိုးရ၏ ဝယ်ယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ခ) ပညာသင်ဆုများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ သို့မဟုတ် အလားတူကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်မှုများ၊

(ဂ) ပြည်သူ့ဝန်ထမ်းများ ခန့်ထားခြင်းနှင့် ယာယီကန်ထရိုက်လုပ်သားများ ငှားရမ်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(ဃ) မြေနှင့် လက်ရှိအဆောက်အအုံများ ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်း၊

(င) ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သီးခြားလုပ်ထုံးလုပ်နည်းများအား လိုက်နာကျင့်သုံးရမည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊

၆၅။ မည်သူမဆို စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းခံရစေကာမူ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တရားစွဲဆို အရေးယူမှုမှ ပိတ်ပင်ခြင်း မရှိစေရ။

၆၆။ ဝယ်ယူသည့် ဌာနအဖွဲ့အစည်းသည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသော အခြေအနေများအရ ယင်းတို့၏ လိုအပ်ချက်အပေါ် ်မူတည်၍ အစိုးရစက်ရုံများနှင့် အစိုးရဝန်ဆောင်မှုလုပ်ငန်းများမှ တိုက်ရိုက်ဝယ်ယူနိုင်သည်။

၆၇။ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းဆောင်ရွက်မှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှု ခံယူရမည်။

၆၈။ ဝယ်ယူခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်ရာတွင် မလွန်ဆန်နိုင်သော ဖြစ်ရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် တင်ဒါအောင်မြင်သူ၏ သဘောတူညီချက်ဖြင့် စာချုပ်အား ပြင်ဆင်နိုင်သည်။

၆၉။ အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များတွင် ဤဥပဒေနှင့် အခြားသော ဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့် သို့မဟုတ် အမိန့်ကြော်ငြာစာများအကြား ဆန့်ကျင်ကွဲလွဲချက်ရှိပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ လိုက်နာဆောင်ရွက်ရမည်။

၇၀။ ဤဥပဒေ စတင်အာဏာမတည်မီ ဆောင်ရွက်ခဲ့သည့် အစိုးရ၏ ဝယ်ယူခြင်းနှင့် ပုံသေပိုင်ပစ္စည်းများ ထုခွဲခြင်းလုပ်ငန်း ဆောင်ရွက်မှုများအားလုံးကို အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်တို့တွင် ပြဋ္ဌာန်းထားသည်နှင့်အညီ ဆောင်ရွက်ရမည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

## ဟုမ္မလင်းမြို့နယ်၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြော



**ဟုမ္မလင်း အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မြို့နယ် ယာယီရဲမှူးမျိုးမျိုးနှင့် တပ်ဖွဲ့ဝင်များသည် နမ့်တောစံပြကျေးရွာ အထက၌ မူခင်းအသိပညာပေး ဟောပြောရာ ကျောင်းသူကျောင်းသားများ သိသင့်သိထိုက်သည့် မူးယစ်ဆေးဝါး အန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ၊ မူခင်းဖြစ်ပွားနိုင်သောဖြစ်စဉ်များအကြောင်းကို ဟောပြောသည်။

ဟောပြောပွဲ၌ မိုင်းကိုင်းကျေးရွာအုပ်စုမှ အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်၊ မိုင်းကိုင်းကျေးရွာ ရပ်မိရပ်ဖများ၊ နမ့်တော အထက ကျောင်း အုပ်ဆရာမကြီး ဒေါ်နန်းခမ်းစုယဉ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ ဦးရေ ၆၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ် ပုသိမ် - မုံရွာလမ်းပေါ်ရှိ မဲဇလီတံတား အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးမှု ဖွင့်ပွဲကျင်းပ



**ပွင့်ဖြူ အောက်တိုဘာ ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ပုသိမ်-မုံရွာလမ်းပေါ်ရှိ မဲဇလီတံတား အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးမှု ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီက အဆိုပါ မဲဇလီတံတားပေါ်၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ မကွေးတိုင်းဒေသကြီး ဆောက်လုပ်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးတင်နွယ်ဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက မော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကြပြီး အဆင့်မြှင့်တင်တည်ဆောက်ပြီးစီးသည့် မဲဇလီတံတားအား လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

အဆိုပါ ပွင့်ဖြူမြို့နယ် ပုသိမ် - မုံရွာလမ်းပေါ်ရှိ မဲဇလီတံတားအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေး(၃)မှ တာဝန်ယူ၍ မူလကြိုးတံတားအရှည် ပေ ၄၀၀ အား Stree Box Girder တံတားအမျိုးအစားဖြင့် အစားထိုးမြှင့်တင်ပြီး ယာဉ်သွားလမ်းအကျယ် မူလပေ ၂၀ မှ ၂၄ ပေအထိ တိုးချဲ့တည်ဆောက်ခဲ့ကြောင်း၊ ယင်းပင်မတံတား အစားထိုးမြှင့်တင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်းပေါင်း ၂၅၀၀၊ ချဉ်းကပ်တံတား တိုးချဲ့ခြင်းလုပ်ငန်းအတွက် ပြည်ထောင်စု ဖြည့်စွက်ရန်ပုံငွေကျပ်သန်း ၂၀၀ စုစုပေါင်း ငွေကျပ်သန်းပေါင်း ၂၇၀၀ သုံးစွဲ၍ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)







# (၈)ကြိမ်မြောက်ထပ်မံကျင်းပသော မြန်မာ့နိုင်ငံတကာဆိုင်ရာချည်မျှင်နှင့်အထည်ချုပ်ဆိုင်ရာစက်မှုလက်မှုပြပွဲ

**MTG**
The 8th Myanmar Int'l
**Textile & Garment**
Industry Exhibition

Concurrent with: MitaTex, Myanmar TEXPRINT

Co-located: Myanmar PLAS PRINT PACK, Myanmar AGROTEK FOODTEK

## 1 - 4 November 2019

**Yangon Convention Center, YCC**
(Inya Lake Hotel Compound)
အမှတ် (၃၇)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

135+ အမျိုးအစားပေါင်း | 12+ နိုင်ငံပေါင်း | 8,600+ ဧည့်သည်ပေါင်း

Organizer — Co-organizer — Official Supporter



အွန်လိုင်းတွင်စာရင်းပေးသွင်းနိုင်ပါပြီ

www.chanchao.com.tw/MTG | MyanmarTG | 01-9010753 | 09-964703426 | myokyiphyutun25@gmail.com | Children under 16 are not admitted entry.

---

**MYANMAR PLAS PRINT PACK**
၈ ကြိမ်မြောက်ထပ်မံကျင်းပသောမြန်မာ့နိုင်ငံတကာဆိုင်ရာ ပလတ်စတစ်၊ရာဘာ၊ ပုံနှိပ်ခြင်း နှင့် ကုန်ထုတ်ပိုးမှုဆိုင်ရာစက်မှုပြပွဲကြီး

**MYANMAR AGROTEK FOODTEK**
၈ ကြိမ်မြောက်ထပ်မံကျင်းပသောမြန်မာ့နိုင်ငံတကာဆိုင်ရာ စိုက်ပျိုးရေးနည်းပညာနှင့်စားသောက်ကုန်ဆိုင်ရာ စက်ပစ္စည်းပြပွဲကြီး

co-located MTG MitaTex Myanmar TEXPRINT

## 1–4 November 2019

10:00-17:30 ပြပွဲနောက်ဆုံးရက်တွင် ညနေ (၄) နာရီထိသာ ။
Yangon Convention Center,YCC
( Inya lake hotel compound )
ရန်ကုန်ကုန်သွယ်ရေးစင်တာ(အင်းယျားလိတ်ဟိုတယ်ဝင်းအတွင်း)

HAITIAN INTERNATIONAL | Accuracy | SUNTEX CO.,LTD. | SPATHA

PLAS PRINT PACK | AGROTEK FOODTEK

အချိန်ကြာမြင့်စွာ မတန်းစီလိုပါက ၊
>> ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

Yorkers | MPIA | UMFCCI | MPPA | MPPIA | MTC

ကျွန်ုပ်တို့ နှင့်အတူ ဆက်လက်စောင့်ကြည့်လိုက်ပါ။ Myanmar Plas Print Pack Agrotek Foodtek

01-9010753 | 09-964703426 | myokyiphyutun25@gmail.com | အသက် (၁၆) နှစ်အောက် ကလေးများကို ဝင်ခွင့်မပြုပါ။

---

**ပတ်စ်ပို့ ပျောက်**
ကျွန်တော် မောင်အေးမင်းဦး ၁/မကန(နိုင်)၂၁၅၂၅၅ ၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၂၇၁၆၃၅၄

**ပတ်စ်ပို့ ပျောက်**
ကျွန်မ မဂျာမိုင်အောင် ၁/ကမန(နိုင်)၀၃၂၈၅၂ ၏ ပတ်စ်ပို့ နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၉၅၁၃၈၂၂

**အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ်-8B/2760 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာ ပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

# မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ နိုဝင်ဘာတွင် ပြိုင်ပွဲသုံးခု ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၈**
၂၀၂၀ အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကြိုးပမ်းနေသည့်မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် နိုဝင်ဘာတွင် ပြိုင်ပွဲသုံးခု ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာသည် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့်ပြိုင်ပွဲများအနက် ပိုမိုအဆင့်မြင့်မားသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး Grade-2 အဆင့်ရှိ World Tour Super 300 ပြိုင်ပွဲ၌ ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ သက်ထားသူဇာသည် နိုဝင်ဘာ ၁၃ ရက်မှ ၁၇ ရက်အထိ နီပေါနိုင်ငံ၌ ကျင်းပမည့် International Challenge ပြိုင်ပွဲ၊ အိန္ဒိယနိုင်ငံ၌ နိုဝင်ဘာ ၂၀ ရက်မှ ၂၄ ရက်အထိကျင်းပမည့် International Challenge ပြိုင်ပွဲ၊ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ကျင်းပမည့် HSBC BWF World Tour Super 300 ပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ International Challenge ပြိုင်ပွဲတွင် ဆုကြေးငွေစုစုပေါင်းဒေါ်လာ ၂၅၀၀၀ သာ ချီးမြှင့်သော်လည်း BWF World Tour Super 300 ပြိုင်ပွဲတွင်မူ ဆုကြေးငွေစုစုပေါင်းဒေါ်လာ တစ်သိန်းခွဲအထိ ချီးမြှင့်မည်ဖြစ်သည်။ သက်ထားသူဇာသည် ယင်းပြိုင်ပွဲ သုံးခုအပြီးတွင် ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည့် အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သက်ထားသူဇာသည် ဂျပန်နိုင်ငံ၌ ကျင်းပမည့် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ကမ္ဘာ့အဆင့်သတ်မှတ်ချက် မြင့်မားရန်လိုအပ်နေပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပလျက်ရှိသည့်ပြိုင်ပွဲများ ဆက်တိုက်ယှဉ်ပြိုင်ကာ အမှတ်များရယူနိုင်မှသာ အဆင့်သတ်မှတ်ချက် တက်လာမည်ဖြစ်သည်။ **ညီမြတ်သော်တာ**



မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ဓာတ်ပုံ-ဖိုးသော်ဇင်

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း လက်ရှိချန်ပီယံ ဂျပန်ကို ရှုံးနိမ့်

**ရန်ကုန် အောက်တိုဘာ ၂၈**
အာရှ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ) ပထမနေ့ကို ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ချောင်ဘူရီမြို့၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

### ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်

မြန်မာအသင်းသည် လက်ရှိချန်ပီယံ ဂျပန်အသင်းနှင့် စတင်တွေ့ဆုံခဲ့ပြီး ငါးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အာရှထိပ်သီး ဂျပန်အသင်းကို မိနစ် ၃၀ ကျော်အထိ တောင့်ခံနိုင်ခဲ့ပြီး လက်ကျန်မိနစ်များတွင်လည်း ငါးဂိုးသာပေးခဲ့ရသည်။

### အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်

မြန်မာ ယူ-၁၉ အသင်းသည် စန်းသော်သော်၊ နွယ်နီဝင်း၊ မြတ်နိုးခင်၊ ဖြူဖြူဝင်း စသည့်အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် အာရှထိပ်သီး ဂျပန်အသင်းတိုက်စစ်ကို အဆင့်ဆင့် ပိတ်ဆို့ကစားခဲ့သည်။ မြန်မာအသင်း၏ ခံစစ်ဗျူဟာမှာ ၃၅ မိနစ်အထိ အောင်မြင်ခဲ့ပြီး ၃၆ မိနစ်မှ ဂိုးစပေးခဲ့ရသည်။ ဂျပန်အသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းတွင် သုံးဂိုးသွင်းယူခဲ့သည်။ အုပ်စု(ခ) အခြားပွဲတွင် တောင်ကိုရီးယားအသင်းက တရုတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

### တရုတ် အသင်းနှင့် ကစားရမည်

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် အောက်တိုဘာ ၃၁ ရက်တွင် တရုတ်အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# ပရီမီယာလိဂ် ပွဲစဉ်(၁၀) လီဗာပူးတို့ စပါးကို အနိုင်ယူ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၁၀) နောက်ဆုံးပွဲစဉ်များမှ အောက်တိုဘာ ၂၇ ရက် တနင်္ဂနွေ ညပိုင်းက ယှဉ်ပြိုင်ခဲ့သည့် လီဗာပူးနှင့် စပါးပွဲစဉ်ကို အန်ဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ လီဗာပူးအသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

### ရှုံးပွဲမရှိဘဲ ရပ်တည်နေ

ယင်းပွဲစဉ်တွင် အိမ်ရှင်လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်ပိုင်းတွင် မာနေး၊ ဖာမီနိုနှင့် ဆာလက်တို့ ပွဲထွက်ခဲ့ပြီး ဧည့်သည်စပါးအသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဟယ်ရီကိန်းကို အထောင်ထားပွဲထွက်လာသည်။ ပွဲစစချင်း တစ်မိနစ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်းက စပါးအတွက် ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး ပထမပိုင်းပြီးချိန်အထိ စပါးအသင်းဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ပွဲချိန် ၅၂မိနစ်တွင် လီဗာပူးကွင်းလယ်ကစားသမား ဟန်ဒါဆန်က ချေပဂိုးသွင်းယူခဲ့ပြီး ၇၅မိနစ်တွင် လီဗာပူးအသင်း အနိုင်သေချာမည့် ပယ်နယ်တီအခွင့်အရေးရရှိကာ တိုက်စစ်မှူး ဆာလက်က အမှားအယွင်းမရှိသွင်းယူခဲ့သည်။ ပွဲပြီးချိန်တွင် လီဗာပူးအသင်းသည် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ယခုနှစ်ရာသီ ပရီမီယာလိဂ် ရှုံးပွဲမရှိဘဲ ရပ်တည်နေသည်။ ယင်းပွဲတွင် လီဗာပူးသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် ၂၂ကြိမ်ထိရရှိကာ ၁၃ ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ စပါးအသည်းသည် ဂိုးကန်သွင်းခွင့် ၁၁ ကြိမ်ရရှိခဲ့ပြီး လေးကြိမ်သာ ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။

### ဇယားထိပ်တွင် ဆက်လက် ရပ်တည်နေ

ယနေ့ပွဲတွင် ချေပဂိုးသွင်းယူခဲ့သည့် လီဗာပူးကွင်းလယ်ကစားသမား ဟန်ဒါဆန်သည် အကောင်းဆုံးကစားသမားဖြစ်ခဲ့သည်။ ပွဲစဉ်(၁၀) အပြီးတွင် လီဗာပူးအသင်းသည် ရမှတ် ၂၈မှတ် ဖြင့် ဇယားထိပ်တွင် ဆက်လက်ရပ်တည်နေပြီး အဆင့်(၂)မှ မန်စီးတီးကို ခြောက်မှတ်ဖြတ်ထားကာ စပါးအသင်းသည် ရမှတ် ၁၂ မှတ်ဖြင့် အဆင့် ၁၁ တွင် ရပ်တည်နေသည်။

ပရီမီယာလိဂ် အခြားပွဲစဉ်ရလဒ်များအဖြစ် နော်ဝှစ်ချ်နှင့် မန်ယူပွဲတွင် အဝေးကွင်း၌ မန်ယူအသင်း သုံးဂိုး-

*စာမျက်နှာ ၁၃ ကော်လံ ၅* ❑



လီဗာပူးအသင်းမှ တိုက်စစ်မှူး ဆာလက် ပယ်နယ်တီကန်သွင်းစဉ်။

## ကုန်တင်ယာဉ် တစ်စီးပေါ်က လူ့အသက်များ

စာ » ၁၅

## AA အဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားသူများအနက်မှ ရဲတပ်ဖွဲ့ဝင်တစ်ဦး ထပ်မံတွေ့ရှိ ကယ်တင်

စာ » ၁၈

## ဂူဂဲလ်၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများတွင် ယူနီကုဒ်ဆိုင်ရာ ပြောင်းလဲမှုများကို ထုတ်ပြန်ကြေညာ

စာ » ၂၂

